မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်၊ စနေနေ့ အတွဲ(၆၆)၊ အမှတ်(၀၃၁)

အကျိုးထူးတရားလေးပါး

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)

ယနေ့ ဖတ်စရာ

စူပါအယ်လ်နီညိုကို နေ့စဉ်လက်တွေ့ရင်ဆိုင်ဖို့ — ဆောင်းပါး — စာ ၆

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ — လွှတ်တော်ရေးရာ — စာ ၈

ကမ္ဘာ့မြို့ကြီးများနေ့နှင့် ကမ္ဘာ့မြို့ကြီးများ၏ လူမှုစီးပွားဘဝအပြောင်းအလဲများ — ဆောင်းပါး — စာ ၁၂

NTU နှင့် Google ပူးပေါင်း၍ ပညာရေးနှင့် သုတေသနကဏ္ဍများတွင် AI အသုံးပြုမှု မြှင့်တင်မည် — နိုင်ငံတကာသတင်း — စာ ၁၄

ဒုတိယသမ္မတ ဦးညိုစော ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆)သို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၃၀

ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဗဟိုကော်မတီညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂) အစည်းအဝေးခန်းမ၌ကျင်းပရာ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစော တက်ရောက် အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

စာမျက်နှာ ၃ ကော်လံ ၁ ❒

အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှု အကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာနက ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်

အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှုအကူအညီ ပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Centre) သည် ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ ဘားအံမြို့နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်တို့ရှိ အိမ်ထောင်စုများထံသို့ ၂၈-၁၀-၂၀၂၆ ရက်မှ ၁၀-၁၁-၂၀၂၆ ရက်အထိ လူသားချင်းစာနာမှုအကူအညီများဖြစ်သည့် ဆန်အိတ်များ၊ မိသားစုသုံးပစ္စည်းများ၊ တစ်ကိုယ်ရေသုံးပစ္စည်းများကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အကူအညီဖြင့် ဖြန့်ဝေလျက်ရှိသည်။ ထို့ပြင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊

စာမျက်နှာ ၇ ကော်လံ ၁ ❍

ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများ ထန်တလန်မြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေး

နေပြည်တော် အောက်တိုဘာ ၃၀

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် တိုင်းစစ်ဌာနချုပ် နယ်မြေများအလိုက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation)များကို ဆောင်ရွက်လျက်ရှိရာ ဇွန် ၉ ရက်တွင် CNF ၊ CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် ဟားခါး- ထန်တလန် ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုလုံးကို တပ်မတော်က အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာစွာ အားပေးထောက်ခံကြိုဆိုခဲ့ကြသည်။

ထို့ပြင် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် တပ်မတော်နှင့် ဌာနဆိုင်ရာအဖွဲ့များက ယာယီနေရပ်စွန့်ခွာနေကြရသည့် ဒေသခံတိုင်းရင်းသားပြည်သူများ ၎င်းတို့၏နေရပ်များတွင် ပြန်လည်အခြေချနေထိုင်နိုင်ရေး၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ဖြစ်သည့်

စာမျက်နှာ ၃ ကော်လံ ၁ ✪

ကျေးရွာခြောက်ရွာကို အကျိုးပြုစေမည့် ရွှေဖလား-စိန်ဖလား-သရက်ကုန်း-ကော့တာမွန်-ကော့ဆန်အိမ်လမ်း ကတ္တရာလမ်းသစ်ဖွင့်

ဘားအံ အောက်တိုဘာ ၃၀

နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာခြောက်ရွာ၊ အိမ်ခြေ ၂၆၇ အိမ်၊ လူဦးရေ ၁၂၅၁ ဦးတို့ကို တိုက်ရိုက်အကျိုးပြုစေမည့် ရွှေဖလား-စိန်ဖလား-သရက်ကုန်း-ကော့တာမွန်-ကော့ဆန်အိမ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါလမ်း မုခ်ဦးတည်နေရာ၌ ကျင်းပသည်။

ရွှေဖလား-စိန်ဖလား-သရက်ကုန်း-ကော့တာမွန်-ကော့ဆန်အိမ်လမ်းသည် စုစုပေါင်းအရှည် လေးမိုင် ခြောက်ဖာလုံရှိပြီး ၂၀၂၆-၂၀၂၇ ခုနှစ်ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၃၆၅ ဒသမ ၂၉၂ သန်းဖြင့် အကျယ် ၁၂ ပေ ကတ္တရာလမ်း

စာမျက်နှာ ၄ ကော်လံ ၁ ❖

လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် အောက်တိုဘာ ၃၀

ယနေ့နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။



အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော နီကိုးဘားကျွန်းတို့တွင် အားကောင်းသောလေဖိအားနည်းရပ်ဝန်း အဖြစ်သို့လည်းကောင်း၊ အောက်တိုဘာ ၃၁ ရက်တွင်

စာမျက်နှာ ၄ ကော်လံ ၁ ◆

တရားမဝင်ကုန်သွယ်မှုများ အရှိန်အဟုန်မြှင့်တိုက်ဖျက်

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး နိုင်ငံပေါင်းစုံ မဟာမိတ်အဖွဲ့ (Transnational Alliance to Combat Illicit Trade– TRACIT) ၏ ၂၀၂၅ ခုနှစ်က ထုတ်ပြန်သည့် တရားမဝင်ကုန်သွယ်မှု အညွှန်းကိန်း 2025 Illicit Trade Index တွင် နိုင်ငံပေါင်း ၁၅၈ နိုင်ငံအနက် မြန်မာနိုင်ငံကို အဆင့် ၁၁၇ သတ်မှတ်ထားသည်။ သို့ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် မြန်မာနိုင်ငံ၏ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးမှာ အဆင့် (၉) သာ ရရှိထားသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံသည် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။

"ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများနှင့်စပ်လျဉ်း၍ နယ်စပ်ကုန်သွယ်မှုများတွင် အချို့သောနယ်စပ်ဒေသများ၌ တရားမဝင်ကုန်သွယ်မှုများဖြစ်ပေါ်လျက်ရှိသဖြင့် တရားမဝင်လမ်းကြောင်းများမှ ကုန်သွယ်မှုများမရှိစေရေး မိမိတို့အနေဖြင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ကုန်သွယ်မှုများသည် ရာနှုန်းပြည့်အားကိုး၍မရကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများမရရှိသည့်အပြင် နိုင်ငံသားများအနေဖြင့်လည်း အရည်အသွေးပြည့်မီမှုမရှိသည့်၊ အာမခံချက်မရှိသည့် ပစ္စည်းများကို သုံးစွဲကြရနိုင်ကြောင်း၊ ထို့အပြင် တရားမဝင်လမ်းကြောင်းများရှိ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများကိုငွေကြေးပေး၍ သွားလာသယ်ဆောင်နေကြသည်ဖြစ်သည့်အတွက် သူခိုးဓားရိုးကမ်းသကဲ့သို့ဖြစ်နေပြီး ရရှိသည့်ငွေကြေးများဖြင့် ၎င်းတို့၏ အင်အားများကို တိုးချဲ့တည်ဆောက်နေနိုင်ကြခြင်းသည် ငြိမ်းချမ်းရေး ဖော်ဆောင်မှုကိုလည်း အဟန့်အတားဖြစ်စေနိုင်ကြောင်း" အောက်တိုဘာ ၂၈ ရက်က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

TRACIT ၏ ၂၀၂၅ ခုနှစ်က ထုတ်ပြန်သည့် တရားမဝင်ကုန်သွယ်မှုအညွှန်းကိန်းတွင် တရားမဝင်ကုန်သွယ်မှုများ အလွန်အကြူးပြုလုပ်နေသည့် ကဏ္ဍ ၁၂ ရပ်မှာ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ၊ စိုက်ပျိုးရေးသုံးဓာတုပစ္စည်းနှင့် ပိုးသတ်ဆေးများ၊ အရက်၊ အတုအပကုန်စည်ပစ္စည်းများ၊ သစ်တောထွက်ကုန်များ၊ တရားမဝင်ငါးဖမ်းဆီးမှုများ၊ ရေနံထွက်ပစ္စည်းများ၊ ဆေးဝါးများ၊ အဖိုးတန်သတ္တုနှင့် ကျောက်မျက်များ၊ ဆေးရွက်ကြီးကုန်စည်များ၊ လူကုန်ကူးမှုများ၊ တောရိုင်းတိရစ္ဆာန်များ ပါဝင်ကြောင်း ဖော်ပြထားသည်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် အဓိကအခန်းကဏ္ဍသည် သတင်းရရှိရေးပင်ဖြစ်သည်။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလများအတွင်း သတင်းရရှိမှု ၂၅၅ ကြိမ်တွင် သတင်းမှား ၁၃ ကြိမ်၊ နောက်ကျသတင်း ၅ ကြိမ်၊ သတင်းမှန် ၂၃၇ ကြိမ် ရှိခဲ့ရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို ထိရောက်စွာဆောင်ရွက်နိုင်ရန် သတင်းမှန်ရရှိမှုက အဓိကအချက်ဖြစ်သည်။ သတင်းပေးပြည်သူများ၏လုံခြုံမှုနှင့် နစ်နာဆုံးရှုံးမှုမဖြစ်စေရေးအတွက် သတင်းလုံခြုံမှုကို တာဝန်ရှိသူများက ထိန်းသိမ်းလျှို့ဝှက်ပေးရမည် ဖြစ်သလို သတင်းပေးသည့်အတွက် ဖမ်းဆီးရရှိသော အမှုပေါ်မူတည်၍ နိုင်ငံတော်က အကျိုးအမြတ်များ ထောက်ပံ့ပေးခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ပေးခြင်းတို့ကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် လိုအပ်သည်။

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ကီလိုမီတာပေါင်းထောင်ချီ၍ရှည်လျားသော နယ်နိမိတ်များထိစပ်နေပြီး တောတောင်ထူထပ်သောကြောင့် သဘာဝမှောင်ခိုလမ်းကြောင်းများ၊ တရားမဝင်ဂိတ်များစွာရှိနေသည်။ နယ်စပ်ဒေသအချို့ရှိ လက်နက်ကိုင်ပဋိပက္ခများနှင့် တရားဥပဒေစိုးမိုးမှုအားနည်းချက်များကြောင့် အစိုးရ၏ စစ်ဆေးရေးယန္တရားများ ထိရောက်စွာ မဆောင်ရွက်နိုင်ဘဲ တရားမဝင်ကုန်သွယ်မှုများ အလွယ်တကူပေါ်ပေါက်စေသည်။ ထို့အပြင် စစ်ဆေးရေးဂိတ်အချို့နှင့် သက်ဆိုင်ရာဝန်ထမ်းအချို့ အဂတိလိုက်စားမှုများကြောင့် တရားမဝင် ကုန်စည်များသည် လမ်းကြောင်းတစ်လျှောက် အလွယ်တကူဖြတ်သန်းသွားလာနိုင်ကြသည်။

နယ်စပ်မှောင်ခိုလမ်းကြောင်းများပေါ်မှ ဂိတ်များမှာ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများက ဖွင့်လှစ်ထားခြင်းဖြစ်ပြီး တရားမဝင် တင်သွင်း/တင်ပို့သည့် ကုန်စည်များအပေါ် ငွေကြေးပမာဏများစွာကောက်ခံခြင်းဖြင့် ၎င်းတို့၏ အဓိကဝင်ငွေလမ်းကြောင်းဖြစ်နေကြသည်ကို တွေ့ရသည်။ အကြမ်းဖက်သောင်းကျန်းသူတို့ရရှိကြသည့် အဆိုပါငွေကြေးများက အကြမ်းဖက် လက်နက်ကိုင်အဖွဲ့များ အင်အားတည်ဆောက်ရေးအတွက် ငွေပင်ငွေရင်းများဖြစ်လာကြရာ နိုင်ငံအတွက် အန္တရာယ်ကြီးမားသည့်အလျောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(၁)	ဦးညာဏ်လင်းထွေး ဒုတိယညွှန်ကြားရေးမှူးချုပ်/အုပ်ချုပ်ရေးမှူး မန္တလေးတိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် နိုင်ငံရေးနှင့်ပြည်တွင်းလုံခြုံရေး ဆိုင်ရာဌာနကြီး နိုင်ငံတော်သမ္မတရုံး
(၂)	ဦးဝင်းဇော်မိုး ဒုတိယညွှန်ကြားရေးမှူးချုပ် နိုင်ငံတော်သမ္မတရုံး	ညွှန်ကြားရေးမှူးချုပ် ပင်စင်ဦးစီးဌာန ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
(၃)	ဦးလှိုင်စိုးသန့် ဒုတိယညွှန်ကြားရေးမှူးချုပ်/အုပ်ချုပ်ရေးမှူး ဧရာဝတီတိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် စားသုံးသူရေးရာဦးစီးဌာန စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန
(၄)	ဦးမိုးဟိန်း ဒုတိယညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး	ညွှန်ကြားရေးမှူးချုပ် ဝန်ထမ်းရေးရာဦးစီးဌာန ပြည်ထောင်စုရာထူးဝန်အဖွဲ့

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။
ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

၃၀-၁၀-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာနိုင်

နေပြည်တော် အောက်တိုဘာ ၃၀

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာနိုင်သည်။ **မိုး/ဇလ**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁ - ၁၀ - ၂၀၂၆   ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၄၀	၄၆၉၅	၄၆၄၅	၄၅၅၅	၄၇၀၀	၄၇၁၅	၄၇၄၅	၄၆၂၅	၄၉၉၅	၅၀၂၅	၄၆၄၅	၄၈၀၅	၄၇၃၅	၄၆၉၅	၄၇၀၅	၄၉၃၅
95 Ron	၄၅၉၀	၄၇၄၅	၄၆၉၅	၄၆၀၅	၄၇၅၀	၄၇၆၅	၄၈၀၀	၄၆၇၅	၅၀၄၅	၅၀၇၅	၄၆၉၅	၄၈၄၅	၄၇၉၀	၄၇၄၅	၄၇၅၅	၄၉၈၅
HSD (500 ppm)	၄၅၁၅	၄၆၆၅	၄၆၂၀	၄၅၃၀	၄၆၇၀	၄၆၈၀	၄၇၁၅	၄၆၀၀	-	၄၉၀၀	၄၆၂၀	၅၂၁၅	၄၇၀၅	၄၆၆၅	၄၆၇၅	၄၈၉၅
HSD (50 ppm)	၅၄၈၀	၅၆၃၅	၅၅၉၀	၅၄၉၅	၅၆၄၀	၅၆၅၅	၅၆၉၀	၅၅၆၅	၅၉၃၅	၅၉၆၅	၅၅၉၀	၅၇၈၀	၅၆၈၀	၅၆၃၅	၅၆၄၅	၅၈၇၅
HSD (10 ppm)	၅၄၈၀	၅၆၃၅	၅၅၉၀	၅၄၉၅	၅၆၄၀	၅၆၅၅	၅၆၉၀	၅၅၆၅		၅၉၆၅	၅၅၉၀	၅၇၈၀	၅၆၈၀	၅၆၃၅	၅၆၄၅	၅၈၇၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၁၅	၄၄၃၅
95 Ron	၄၃၆၅	၄၄၈၆
HSD (500 ppm)	၄၃၀၈	၄၄၂၄
HSD (50 ppm)	၅၂၂၈	၅၃၆၂
HSD (10 ppm)	၅၂၂၈	၅၃၆၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင် ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်–ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**–အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News
Presented by NPE
www.mdn.gov.mm
E-paper

တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လို

"စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည်မဖွံ့ဖြိုး မတိုးတက်စရာအကြောင်း မရှိပါဘူး။"

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

❒ *ရှေ့ဖုံးမှ*

အစည်းအဝေးတွင် ဒုတိယသမ္မတက ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ရန် ကဏ္ဍအလိုက်၊ အပိုင်းလိုက်၊ အဆင့်လိုက် လမ်းပြမြေပုံများ ချမှတ်ပြီး မဟာဗျူဟာမြောက် ဆောင်ရွက်နေမှု၊ ခေတ်မီပြီး လုံခြုံစိတ်ချရသည့် ဒီဂျစ်တယ်အခြေခံ အဆောက်အအုံများကို အခြေခံခိုင်မာအောင် တည်ဆောက်သွားရန်နှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုပေးသည့် ယန္တရားများတည်ဆောက်ပြီး အစိုးရ၏ e-Government စနစ်များကို အပြည့်အဝဒီဂျစ်တယ်အသွင် ပြောင်းလဲဆောင်ရွက်သွားရန် လိုအပ်မှုအခြေအနေများ၊ နိုင်ငံတကာနှင့် အာဆီယံဒေသတွင်းနိုင်ငံများတွင် ဆိုက်ဘာလုံခြုံရေးနှင့်ပတ်သက်ပြီး အမျိုးသားဆိုက်ဘာလုံခြုံရေး ဥပဒေ၊ ဆိုက်ဘာမှုခင်းဆိုင်ရာတားဆီးနှိမ်နင်းရေးဥပဒေ၊ ကိုယ်ရေးအချက်အလက်ကာကွယ်ရေးဥပဒေနှင့် နယ်စပ်ဖြတ်ကျော် ဒီဂျစ်တယ်ဒေတာစီးဆင်းမှု လုံခြုံရေးမူဝါဒများကဲ့သို့သော ဥပဒေ၊ မူဘောင်များထုတ်ပြန်ချမှတ်ဆောင်ရွက်နေသည့် အခြေအနေများ၊ ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေကြသည့် ဒီဂျစ်တယ်စနစ်များကို အမျိုးသားဒေတာစင်တာစနစ်တစ်ခု ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်မှုအခြေအနေများ၊ ဆိုက်ဘာတိုက်ခိုက်မှုများကို ဆိုက်ဘာလုံခြုံရေးစောင့်ကြည့်ကွပ်ကဲရေး ဗဟိုဌာနဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် ဆိုက်ဘာဝန်းကျင်တစ်ခုကို အတူတကွတည်ဆောက်နိုင်ရန် လိုအပ်မှုအခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ကော်မတီ၏ လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကော်မတီဝင်များအနေဖြင့် ဝိုင်းဝန်းဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအောင်၊ ဗဟိုကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအလိုက် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ဆွေးနွေးတင်ပြကြသည်။

သုံးသပ်ဆွေးနွေး

ထို့နောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ် (၂၀)သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာရှိ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အဆိုပါကောလိပ် စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အချိန်ထိ ဝိဇ္ဇာဘွဲ့ ၇၆၅ ဦး၊ သိပ္ပံဘွဲ့ ၁၃၂၉ ဦး၊ နည်းပညာ B.Tech ဘွဲ့ ၁၃၉ ဦး၊ အင်ဂျင်နီယာဒီပလိုမာ ၁၀၂၇ ဦး စုစုပေါင်း ၃၂၆၀ ကို ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အားပေးထောက်ပံ့လေ့ကျင့်သင်ကြားပေးမှု၊ ကျောင်းသား ကျောင်းသူများ၏ စဉ်ဆက်မပြတ် ကြိုးစားအားထုတ်လေ့လာမှုများကြောင့် ယခုအခါ မဟာဝိဇ္ဇာဘွဲ့ ၁၀၇ ဦး၊ မဟာသိပ္ပံဘွဲ့ ၂၂၄ ဦး၊ မဟာသုတေသနဘွဲ့ ၆၆ ဦး၊ Ph.D ဘွဲ့ ၃၅ ဦး၊ B.Eဘွဲ့ ၅၃၉ ဦး၊ M.E ဘွဲ့ ၄၈ ဦး၊ B.Tech ဘွဲ့ ၂၀၇ ဦးရရှိကြောင်း သင်တန်းဆင်းပွဲမှ သိရသည်။

သင်တန်းဆင်းပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က သင်တန်းဆင်း ကျောင်းသား ကျောင်းသူများ အနေဖြင့်မိမိတို့တတ်မြောက်ထားရှိသည့် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူး၍ ဗလငါးတန်နှင့် ပြည့်စုံသည့် နိုင်ငံ့ဝန်ထမ်းများ ဖြစ်အောင်ကြိုးစားအားထုတ်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ကျရာဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဒေသခံတိုင်းရင်းသားများနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မူလလုပ်ငန်းတာဝန်များအပြင် ဒေသခံတိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ရိုးရာ၊ ဓလေ့ထုံးစံအမွေအနှစ်များကို လေးစားလိုက်နာကာ ချစ်မြတ်နိုးစွာ ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ဂုဏ်ပြုဆုပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝိဇ္ဇာဘာသာရပ် ထူးချွန်ဆုရရှိသူ ကျောင်းသားတစ်ဦးနှင့် သိပ္ပံဘာသာရပ် ထူးချွန်ဆုရရှိသူ ကျောင်းသားတစ်ဦးတို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က A.G.T.I ဒီပလိုမာထူးချွန်ဆုရ ကျောင်းသူတစ်ဦးကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ကြပြီး ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက ကျောင်းသား ကျောင်းသူ ၂၄၆ ဦးတို့ကို အလုပ်ခန့်အပ်လွှာများ ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ထူးချွန်ဆုရကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများအား ဂုဏ်ပြုအားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒီဂရီကောလိပ် အစည်းအဝေးခန်းမ၌ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံဆွေးနွေးပြီး ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်ကာ ဒီဂရီကောလိပ်အတွင်းရှိ သက်သာချောင်ချိရေးအရောင်းဆိုင်၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် နှစ်ထပ်ကျောင်းသူအိပ်ဆောင် ဆောက်လုပ်နေမှု၊ မိုးလုံလေလုံအားကစားရုံတည်ဆောက်နေမှုနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❂ *ယာယီနေရပ်စွန့်ခွာမှ*

ရုံး/ဌာနများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့် ကူညီထောက်ပံ့ရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် ဌာနဆိုင်ရာအဆောက်အအုံများနှင့် လူနေအိမ်များကိုလည်း ပြန်လည်ပြုပြင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ယာယီနေရပ်စွန့်ခွာသူများအား ၎င်းတို့၏ နေရပ်များသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာအဖွဲ့များနှင့် နေရပ်ပြန်ဒေသခံပြည်သူများပါဝင်သည့် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များသည် ဟားခါးမြို့မှ ထွက်ခွာလာပြီး မွန်းလွဲပိုင်းတွင် ထန်တလန်မြို့သို့ ရောက်ရှိကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုခဲ့ကြပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ဟားခါး-ထန်တလန် ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးနောက် အဆိုပါဒေသများအတွင်း တိုက်ပွဲများကြောင့် ခေတ္တရှောင်တိမ်းနေထိုင်ခဲ့ကြသည့် နေရပ်စွန့်ခွာ ဒေသခံပြည်သူများ မိမိတို့ အရပ်ဒေသများသို့ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခြင်း၊ မိုင်းအန္တရာယ်ကင်းရှင်းစေရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့သည့်လူနေအိမ်များ၊ ဌာနဆိုင်ရာရုံး၊ အဆောက်အအုံများအား ပြန်လည်ပြုပြင်ပေးခြင်း အစရှိသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် ဒေသခံပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းကာ လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပညာရွှေအိုး လူမခိုး

ပညာရဲရင့် ပွဲလယ်တင့်

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၃၀

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုမြင့်တင်ရေးနှင့် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များအပါအဝင် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ် ၂၀၂၆ ဟောပြောပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ် ၂၀၂၆ (Global Media and Information Literacy Week-2026) ဟောပြောပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ ဝေဖန်သုံးသပ်ခွဲခြားသည့် ပညာပေး Video Clip ကို ပြသသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ်ကို အောက်တိုဘာ ၂၄ ရက်မှ ၃၁ ရက်အထိ ကမ္ဘာ့နိုင်ငံအသီးသီးတွင် လှုပ်ရှားမှုအစီအစဉ်များဖြင့် ကျင်းပဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း အဆိုပါလှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ ရက်သတ္တပတ်ကို ကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ကမ္ဘာတစ်ဝန်းရှိ ပြည်သူအားလုံး မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှု ရရှိစေရေးအတွက် ဆောင်ရွက်ခဲ့သည့် တိုးတက် အောင်မြင်မှုများကို အသိအမှတ်ပြုဂုဏ်ပြုရန်၊ အမျိုးသားအဆင့် စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ တိုးမြှင့်ရန်နှင့် အသိပညာပေး လုပ်ငန်းများ ပိုမိုကျယ်ပြန့်လာစေရန် ကမ္ဘာတစ်ဝန်းရှိ သက်ဆိုင်သူများအား စည်းရုံးလှုံ့ဆော်ရန်တို့ ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် ပြည်သူအားလုံး မီဒီယာနှင့် သတင်းအချက်အလက်များကို မှန်ကန်စွာ နားလည်သိရှိ အသုံးချနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အောင်မြင်မှုများကို အသိအမှတ်ပြုဂုဏ်ပြုသည့် အခါသမယလည်း ဖြစ်ကြောင်း။

၂၀၂၆ ခုနှစ် ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ်၏ ဆောင်ပုဒ်မှာ **"We All Play a Part – Media and Information Literacy for the People" "တို့တွေအားလုံး ပါဝင်ကြပါစို့၊ ပြည်သူများအတွက် မီဒီယာနှင့်သတင်းအချက်အလက် သိနားလည်မှု"** ဖြစ်ပါကြောင်း၊ အဆိုပါ ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံအနေဖြင့် ယနေ့ အောက်တိုဘာ ၃၀ ရက်နှင့် ၂၀၂၆ ခုနှစ် နိုဝင်ဘာလပထမပတ်အတွင်း အသိပညာပေးလှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါလှုပ်ရှားမှု ကာလအတွင်း ပြည်သူများအနက် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ၊ လူငယ်လူရွယ်များ၊ ဆရာ ဆရာမများနှင့် အခြေခံပညာ ကျောင်းသား ကျောင်းသူများ၏ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုစွမ်းရည် ပိုမိုမြင့်မားလာစေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲများ၊ ဆွေးနွေးပွဲများကို ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ အသိပညာပေး ဆောင်ရွက်ခြင်းဖြင့် ဝန်ထမ်းများ၊ လူငယ်လူရွယ်များနှင့် ကျောင်းသား ကျောင်းသူများ၏ အသိပညာ၊ အတတ်ပညာနှင့် ဆင်ခြင်ဝေဖန်နိုင်စွမ်းများ မြင့်မားလာစေရန် လမ်းညွှန်သင်ကြားပေးနေသည့် ဆရာဆရာမများအပါအဝင် အားလုံးက မိမိတို့၏ အခန်းကဏ္ဍအလိုက် တာဝန်ယူပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် သတင်းအချက်အလက် မှန်ကန်မှုကို ခွဲခြားသိမြင်ပြီး အမုန်းစကား ကင်းစင်သည့် ငြိမ်းချမ်းသာယာသော လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အခြေခံပညာကျောင်းများအတွက် မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ စာအုပ်အုပ်ရေ ၃၀ ကို ကျောင်းအုပ်ဆရာမကြီးများထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဟောပြောပွဲအစီအစဉ်ကို ဆက်လက်ကျင်းပရာ ဒေါက်တာ တင်ဘုန်းကျော်က Artificial Intelligence (AI) နည်းပညာအဆင့်ဆင့် ဖြစ်ပေါ်တိုးတက်လာမှု၊ လက်ရှိအသုံးပြုလျက်ရှိသည့် AI နည်းပညာများ၏ လုပ်ဆောင်နိုင်စွမ်း၊ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု၊ နည်းပညာများ၏ ကောင်းကျိုး၊ ဆိုးကျိုး၊ တီထွင်ဖန်တီးနိုင်မှု၊ စိန်ခေါ်မှုများ၊ AI နည်းပညာနှင့် မီဒီယာဆက်စပ်မှု၊ သတင်းတု၊ သတင်းမှား၊ လုပ်ကြံသတင်းများနှင့် အမုန်းစကားများ ပျံ့နှံ့စေသည့် လူမှုမီဒီယာများ၊ ဆိုရှယ်မီဒီယာများ၏ ကောင်းကျိုး၊ ဆိုးကျိုးများနှင့် စပ်လျဉ်း၍ အသိပညာပေး ဟောပြောဆွေးနွေးပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

အဆိုပါဟောပြောပွဲသို့ အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ် (၁၄) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများအပါအဝင် တက်ရောက်သူ စုစုပေါင်း ၁၇၀ ခန့် ရှိကြောင်း သိရသည်။ **သတင်းစဉ်**

❖ ***ရွှေဖုံးမှ***

ငါးဖလုံကို ဘားအံခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပြီးစီး၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကာ ၂၀၂၇-၂၀၂၈ ခု ဘဏ္ဍာရေးနှစ်တွင်လည်း ဆောင်ရွက်ရန်ကျန်ရှိသည့် လမ်းပိုင်းများအနက် ကတ္တရာလမ်း လေးဖလုံကို လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းသည် မွန်-ကရင်ပြည်နယ်ချင်းဆက်လမ်းဖြစ်သော အိန္ဒိယ-ဇာသပြင်လမ်း၊ ဘားအံ-မြဝတီအာရှလမ်းမကြီးတို့နှင့်ချိတ်ဆက်ထားခြင်းကြောင့် ပြည်နယ်နှစ်ခုလုံးသို့ ထုတ်ကုန်စီးဆင်းနိုင်သည့် အဓိကလမ်းတစ်လမ်းဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးအောင်လွင်နှင့် ပြည်နယ်ဝန်ကြီးများက ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လမ်းဖွင့်ပွဲတွင် ပါဝင်အားဖြည့် ကူညီပေးကြသော ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

အကျိုးရှိရှိအသုံးပြု

ဆက်လက်၍ လမ်းအားဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြပြီး လမ်းဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ကျေးလက်ဒေသနေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့ပြနှင့်ကျေးလက်ဒေသ ကွာဟမှု နည်းနိုင်သမျှနည်းအောင် ဦးစားပေးဆောင်ရွက်ထားသည့် လုပ်ငန်းများဖြစ်သည့်အတွက် ကျေးရွာသူ ကျေးရွာသားများအနေဖြင့် တန်ဖိုးထား၍ အကျိုးရှိရှိအသုံးပြုကာ မိမိတို့ဒေသဖွံ့ဖြိုးရေး သက်ဆိုင်ရာ ဌာနအသီးသီးနှင့်

ပေါင်းစပ်တင်ပြဆောင်ရွက်ပေးခြင်းဖြင့် ခေတ်မီစံပြကျေးရွာများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားပြီး ကျေးလက်နေပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

◆ ***လေဖိအားနည်းရပ်ဝန်းမှ***

ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်နှင့် နီကိုဘားကျွန်းတို့တွင် ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ နိုဝင်ဘာ ၂ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့နေ့လယ်မှ နိုဝင်ဘာ ၃ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန် ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မိုး/ဇလ

အရှေ့တောင်အာရှ မူလတန်းပညာသင်ယူတတ်မြောက်မှုတိုင်းတာစစ်ဆေးရေးစံက ရရှိလာသည့် သင်ခန်းစာများကို အကျိုးရှိရှိအသုံးချပြီး နောက်လာမည့် SEA-PLM 2029 အတွက် ကြိုတင်ပြင်ဆင်မှုများ စနစ်တကျဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃၀

အရှေ့တောင်အာရှ မူလတန်း ပညာသင်ယူ တတ်မြောက်မှု တိုင်းတာစစ်ဆေးရေးစံ Southeast Asia Primary Learning Metrics (SEA–PLM 2024) က ရရှိလာသည့် သင်ခန်းစာများကို အကျိုးရှိရှိ အသုံးချပြီး နောက်လာမည့် SEA–PLM 2029 အတွက် ကြိုတင်ပြင်ဆင်မှုများကို စနစ်တကျ ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ အခြေခံပညာရေး အရည်အသွေး မြှင့်တင်ရေးလုပ်ငန်းများကို ပိုမိုထိရောက်လာစေမည်ဖြစ်ပါကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ပြောကြားသည်။

ယနေ့မွန်းလွဲပိုင်းက နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည့် SEA–PLM 2024 မြန်မာနိုင်ငံအစီရင်ခံစာ အသိပေးဖြန့်ဝေခြင်း၊ SEA–PLM 2029 အသိပေးမိတ်ဆက်ခြင်းနှင့် လုပ်ငန်းဆွေးနွေးပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယင်းသို့ ထည့်သွင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက SEA–PLM 2024 Myanmar National Report ၏ အရေးပါမှုအနေဖြင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အခြေအနေများနှင့် သင်ယူမှုအပေါ် သက်ရောက်မှုရှိသည့် အခြေအနေများကို စနစ်တကျ လေ့လာသုံးသပ်နိုင်စေမည့် အထောက်အထား တစ်ရပ်ဖြစ်ပါကြောင်း။

SEA–PLM 2029 လုပ်ငန်းစဉ်များအဖြစ် Initiative 1 အနေဖြင့် Grade–5 ကျောင်းသားများအား အကြိုစမ်းသပ်စစ်ဆေးခြင်း၊ ပင်မစစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းတို့ကို ငါးနှစ်စီမံကိန်းအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး Initiative 2 အနေဖြင့် ကျောင်းသားများ၏ စာဖတ်စွမ်းရည်နှင့် သင်္ချာဆိုင်ရာ စဉ်းစားတွေးခေါ်မှု စွမ်းရည်များ မြင့်မားလာစေရန်အတွက် ဆရာများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်းလုပ်ငန်း သုတေသနကို သုံးနှစ်စီမံကိန်းအဖြစ် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

နံနက်ပိုင်းတွင် အုပ်စုများခွဲ၍ SEA–PLM 2024 မြန်မာနိုင်ငံ အစီရင်ခံစာ အကြံပြုချက်များအလိုက် မူဝါဒရေးရာအဆင့် (Policy Level)၊ မဟာဗျူဟာအဆင့် (Strategic Level)၊ လက်တွေ့လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှုအဆင့် (Operational Level) များကို ဆွေးနွေးခဲ့ကြပြီး အုပ်စုအလိုက် ကိုယ်စားလှယ်များက ပြန်လည်တင်ပြဆွေးနွေးရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေး၍ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က အုပ်စုလိုက် ဆွေးနွေးချက်များအပေါ် အနှစ်ချုပ် ဆွေးနွေးသည်။

အရှေ့တောင်အာရှ မူလတန်း ပညာသင်ယူ တတ်မြောက်မှု တိုင်းတာစစ်ဆေးရေးစံ SEA–PLM သည် မူလတန်းအဆင့် နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ၏ အရေး၊ အဖတ်၊ သင်္ချာ၊ ကမ္ဘာ့သားကောင်းဖြစ်မှုစွမ်းရည်များနှင့် ၎င်းတို့အပေါ် သက်ရောက်သည့် အကြောင်းအရာများကို စစ်ဆေးတိုင်းတာနိုင်ရန်၊ နိုင်ငံအလိုက် ပညာရေးစနစ်များကို ပိုမိုနားလည်စေရန်၊ သင်ယူမှုဆိုင်ရာ စိန်ခေါ်မှုများကို ဖော်ထုတ်ရန်၊ ပညာရေးမူဝါဒများ ပိုမိုထိရောက်စေရန် အထောက်အကူပြုသည့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ခုဖြစ်ပြီး SEA–PLM 2024 မြန်မာနိုင်ငံ အစီရင်ခံစာ အသိပေးဖြန့်ဝေခြင်း၊ SEA–PLM 2029 အသိပေး မိတ်ဆက်ခြင်းနှင့် လုပ်ငန်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ရုံးအမှတ်(၁၃) ပညာရေးဝန်ကြီးဌာနတွင် ယမန်နေ့နံနက်ပိုင်းက စတင်ဆောင်ရွက်ခဲ့ပြီး ဒုတိယပိုင်းကို မင်္ဂလာသီရိဟိုတယ်တွင် အုပ်စုများခွဲ၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး တရုတ်နိုင်ငံ ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ၌ ကျင်းပသည့် (၂၁)ကြိမ်မြောက် ဂေဟာစနစ်ဆိုင်ရာ အာရှကုန်စည်ပြပွဲ ၂၀၂၆ ပါဝင်တက်ရောက်

နေပြည်တော် အောက်တိုဘာ ၃၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ Asia World Expo ၌ အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့သည့် (၂၁)ကြိမ်မြောက် ဂေဟာစနစ်ဆိုင်ရာ အာရှကုန်စည်ပြပွဲ ၂၀၂၆ နှင့် ရပ်ဝန်းနှင့် ပိုးလမ်းမစိမ်းလန်းသောဆန်းသစ်တီထွင်မှုညီလာခံသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးနှင့်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

ကုန်စည်ပြပွဲနှင့် ညီလာခံတွင် ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး၊ ဂေဟာစနစ်နှင့်ပတ်ဝန်းကျင်ဝန်ကြီးဌာနဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးနှင့် တက်ရောက်လာသည့် နိုင်ငံအလိုက် ကိုယ်စားလှယ်များက အမှာစကား ပြောကြားကြသည်။

ကုန်စည်ပြပွဲနှင့်ညီလာခံ၏ ဆောင်ပုဒ်သည် **"စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော အနာဂတ်အတွက် ကမ္ဘာကြီးကို ချိတ်ဆက်ခြင်း"** ဖြစ်ပြီး သဘာဝသယံဇာတများကို ကာကွယ်ထိန်းသိမ်းခြင်း၊ ရာသီဥတုပြောင်းလဲမှု၊ ဇီဝမျိုးစုံမျိုးကွဲများလျော့နည်းဆုံးရှုံးမှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုစသည့် စိန်ခေါ်မှုများကို အတူတကွ ပူးပေါင်းဖြေရှင်းနိုင်ရေးအတွက် အစိမ်းရောင်အသွင်ကူးပြောင်းမှု၊ ဘဏ္ဍာရေး အရင်းအမြစ်များ ရရှိနိုင်မှု၊ အဆင့်မြင့်နည်းပညာများ ရရှိအသုံးပြုနိုင်မှု၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် လိုအပ်ချက်များ ဖြေရှင်းနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းရန် လိုအပ်သဖြင့် မြန်မာနိုင်ငံအနေဖြင့် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာများအား အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၌ ပေါင်းစပ်အကောင်အထည်ဖော်ရာတွင် ဒေသတွင်းနိုင်ငံများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ကုန်စည်ပြပွဲနှင့် ညီလာခံသို့ တက်ရောက်နေစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂေဟာစနစ်နှင့်ပတ်ဝန်းကျင်ဝန်ကြီးဌာန ဝန်ကြီး Mr. Huang Runqiu၊ ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသ ပတ်ဝန်းကျင်နှင့်ဂေဟာဗေဒဗျူရို အတွင်းရေးမှူး Mr. TSE Chin-Wan၊ ရပ်ဝန်းနှင့်ပိုးလမ်းမ အပြည်ပြည်ဆိုင်ရာ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု မဟာမိတ်အဖွဲ့ဥက္ကဋ္ဌ မစ္စတာ Mr. Zhao Yingmin တို့နှင့် တွေ့ဆုံပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ကုန်စည်ပြပွဲနှင့်ညီလာခံသို့ ရပ်ဝန်းနှင့် ပိုးလမ်းမ နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ ထိုင်း၊ ဖိလစ်ပိုင်၊ မွန်ဂိုလီးယား၊ ဆေးရှဲလ်၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ ဂျော်ဂျီယာ၊ ကင်ညာ၊ ကျူးဘား၊ ဥဇဘက်ကစ္စတန်နှင့် မော်လဒိုက်နိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတကာမှ ကိုယ်စားလှယ်များ၊ အစိုးရအရာရှိများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကျွမ်းကျင်ပညာရှင် ၄၀၀ ကျော် တက်ရောက်ခဲ့ကြပြီး ဒေသ ၁၅ ခုမှ ခင်းကျင်းပြသထားသည့် ပြခန်းများကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ကမာရွတ်မြို့နယ်ရှိ Novotel Max Yangon ဟိုတယ်၌ အင်ဒိုနီးရှားကုန်စည်ပြပွဲ ၂၀၂၆ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

အင်ဒိုနီးရှားကုန်စည်ပြပွဲ ၂၀၂၆ (Indonesia Expo 2026) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ Novotel Max Yangon ဟိုတယ်၌ ကျင်းပသည်။

ပြပွဲကို အောက်တိုဘာ ၃၀ ရက်နှင့် ၃၁ ရက် နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံဘက်မှ UMFCCI၊ MRCCI အပါအဝင် ပုဂ္ဂလိကကဏ္ဍမှ ပြခန်း ၂၀၊ အင်ဒိုနီးရှားနိုင်ငံဘက်မှ လေကြောင်းပို့ဆောင်ရေး၊ ဘဏ်လုပ်ငန်း၊ ပညာရေး၊ ရိုးရာပါတိတ်

အထည်နှင့်အဝတ်အထည်လုပ်ငန်း၊ စွမ်းအင်၊ ဓာတ်မြေဩဇာ၊ လူသုံးကုန်ပစ္စည်းများ၊ ဆေးဘက်ဆိုင်ရာကိရိယာများနှင့် ဆေးဝါးလုပ်ငန်းများအပါအဝင် ပြခန်း ၄၀ စုစုပေါင်း ပြခန်း ၆၀ ပြသသွားမည်ဖြစ်သည်။

ဖွင့်ပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ယခုကုန်စည်ပြပွဲသည် မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား စီးပွားရေးနှင့် ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာလာစေရန်၊ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအကြား ကုန်သွယ်မှုနှင့် ကုန်ထုတ်လုပ်မှုနည်းပညာများ ဖလှယ်ရန်၊ အပြန်အလှန် ဆက်ဆံမှုနှင့် ယုံကြည်မှုများ တိုးမြှင့်လာစေရန်အတွက် အရေးပါသော အခွင့်အလမ်းတစ်ရပ်ဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် ထုတ်ကုန်အရည်အသွေး မြှင့်တင်ရေး၊ ကုန်သွယ်မှုကွန်ရက်များ တိုးမြှင့်ရေးတို့သည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ကဏ္ဍများဖြစ်ကြောင်း၊ အနာဂတ်တွင် နှစ်နိုင်ငံ စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနီးကပ်စွာ လက်တွဲဆောင်ရွက်သွားကြမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်း၊ အင်ဒိုနီးရှားကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှား နိုင်ငံသံရုံးမှ သံရုံးတာဝန်ခံတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဖွင့်ပွဲသို့ မြန်မာနိုင်ငံ အခြေစိုက် ပြည်ပနိုင်ငံသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးတာဝန်ခံများ၊ မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ ကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

စူပါအယ်လ်နီညိုကို နေ့စဉ်လက်တွေ့ ရင်ဆိုင်ဖို့

ဒေါက်တာသန်းထွန်း ၆၉ ဆေး၂

နှစ်နှစ်ကနေ ခုနစ်နှစ်ကြာရင် ဖြစ်ပေါ်တတ်တဲ့ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ဟာ ဒီနှစ်မှာတော့ အောက်တိုဘာလ၊ နိုဝင်ဘာလတို့မှာ စပူလာပြီး ဒီဇင်ဘာခရစ္စမတ်ကာလမှာ အမြင့်ဆုံးအပူချိန်အထိရောက်မှာလို့ ခန့်မှန်းထားရပါတယ်။ ပူပြင်းနေရာကနေ နည်းနည်းစီကျလာပြီး ၂၀၂၇ ခုနှစ် မိုးဦးကျကာလအထိ ပူနေမှာပါတဲ့။

အပြင်အပူချိန် ၁ ဒီဂရီစင်တီဂရိတ် တက်လာတိုင်း ခန္ဓာကိုယ်မှာ ပြောင်းလဲမှုတွေ ဖြစ်တော့တာပါပဲ။ အများနားလည်လွယ်အောင် ဆေးပညာအခေါ်အဝေါ်တွေကို တတ်နိုင်သမျှရှောင်သုံးပြီး ပြောပြပါ့မယ်။ ခံစားနေရသူတွေကို အများကြီးတွေ့နေရလို့ပါ။ ပြင်ပအပူချိန် ၁ ဒီဂရီတက်လာတိုင်း ကိုယ်အပူချိန်လည်း ၁ ဒီဂရီစင်တီဂရိတ် တက်လာတာ မဟုတ်ပါဘူး။ ချွေးပိုထွက်လာပြီး ရေဓာတ်နဲ့ ဆားဓာတ်ပိုဆုံးရှုံးလာနိုင်တယ်။ နှလုံးခုန်မြန်လာပြီး သွေးပေါင်ကျတာ၊ မူးဝေတာဖြစ်နိုင်တယ်။

အပူဒဏ်ကြာလာရင် ကြွက်တက်တာ၊ အားနည်းတာ၊ အပူလွန်ကဲတာ ဖြစ်နိုင်တယ်။ စိုထိုင်းဆများပြီး ပူနေရင် ချွေးအငွေ့ပြန်ဖို့ခက်လို့ အပူဒဏ်ပိုခံရနိုင်တယ်။ ချွေးမထွက်ရင် ကိုယ်တွင်းအပူမထွက်တော့ဘူး။ အရေးကြီးတာက အပူချိန်တစ်ခုတည်းမဟုတ်ဘဲ စိုထိုင်းဆ၊ နေပူထိတွေ့ချိန်နဲ့ ကိုယ်လက်လှုပ်ရှားမှုတို့ပါ ထည့်တွက်ရတာပါ။ အပူမြင့်ပြီး စိုထိုင်းဆများတဲ့နေရာဆိုတာ လေထဲမှာ ရေငွေ့များပြီး ပူအိုက်စေးထိုင်းနေတဲ့ နေရာမျိုးကိုပြောတာပါ။

အခု အယ်လ်နီညို ပိုခံစားရမဲ့နေရာတွေ

သူက အီကွေတာနဲ့ နီးတဲ့နေရာတွေမှာ ပိုပြီး ရာသီဥတုဖောက်ပြန်မှုကို ပိုခံစားရပါလိမ့်မယ်။ မိမိတို့ အာရှတိုက်တောင်ပိုင်းမှာ အပူချိန်ပြင်းထန်လာမယ်။ ပူပြင်းခြောက်သွေ့တာ ပိုဖြစ်လာမယ်။ မုတ်သုံရာသီလျော့ကျသွားလို့ မိုးအတော်နည်းသွားပါ့မယ်။

ပင်လယ်ကမ်းရိုးတန်းဒေသတွေ ရန်ကုန်၊ မြိတ်၊ ထားဝယ်၊ မြန်မာနိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းဒေသတွေလိုမျိုးပါ။ နောက် မြစ်ဝကျွန်းပေါ်ဒေသ ဧရာဝတီတိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီး အောက်ပိုင်းလို နေရာတွေပေါ့။

အပူပိုင်းသစ်တောနဲ့ မိုးများတဲ့ဒေသတွေ၊ အရှေ့တောင်အာရှနိုင်ငံတွေ၊ အိန္ဒိယနိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းဒေသတွေနဲ့ မြို့ပြထူထပ်တဲ့နေရာတွေ ဖြစ်ကြတဲ့ အဆောက်အအုံတွေ၊ ကွန်ကရစ်လမ်းတွေ၊ သစ်ပင်နည်းတဲ့နေရာတွေမှာ အပူပိုခံစားရတတ်ပါတယ်။

ပူလာရင် ခန္ဓာကိုယ်အတွင်းပြောင်းလဲမှုများ

အပြင်က အပူချိန် ၁ ဒီဂရီတက်သွားတာနဲ့ ခန္ဓာကိုယ်ရဲ့ အပူချိန်ထိန်းစက်လို့ ခေါ်ရမယ့် ဦးနှောက်ထဲက ဟိုက်ပိုသဲလမတ်က တန်းအလုပ်လုပ်တယ်။ သွေးကြောတွေ ကျယ်လာပြီး ချွေးတွေထွက်လာမယ်။ နှလုံးက သွေးတွေကို အရေပြားဘက် ပိုစုပ်ထုတ်ပေးရလို့ နှလုံးခုန်နှုန်းမြန်လာမယ်။ ရေဓာတ်နဲ့ ဆားဓာတ်တွေ စထွက်ကုန်ပြီပေါ့။ ဒါ လူကို ထိခိုက်စေတဲ့အချက်ပါ။

အပူချိန်ဘယ်လောက်အထိ တက်နိုင်မလဲ

ဒါဆို ဒီအယ်လ်နီညိုမှာ ဘယ်လောက်ထိ အပူချိန်တက်လာမလဲ ခန့်မှန်းရပ့ါမယ်။ စူပါအယ်လ်နီညိုကာလမှာ ပုံမှန်ရာသီဥတုထက် ၃ ဒီဂရီကနေ ၅ ဒီဂရီစင်တီဂရိတ်လောက်အထိ ပိုပူလာနိုင်တယ်တဲ့။ မြန်မာနိုင်ငံရဲ့နွေရာသီအမြင့်ဆုံးအပူချိန်တွေမှာဆိုရင် တချို့ဒေသတွေမှာ ၄၃ / ၄၄ ဒီဂရီစင်တီဂရိတ်နဲ့အထက်ကိုတောင် ကျော်တက်လာနိုင်တဲ့အထိ ဆိုးရွားတတ်ပါတယ်။ ဒါဟာ အလေးထားစရာပါ။ အခုဆောင်းဝင်လာရင် အေးရမယ့်အစား အပူချိန်ပြင်းထန်လာမှာပါ။ အအေးဆုံးအချိန်မှာ အပူဆုံးအချိန်ဖြစ်သွားမှာပါ။

ဘယ်ဒေသတွေ ပိုထိခိုက်နိုင်သလဲ

ထိခိုက်လွယ်တဲ့နေရာတွေ သိထားဖို့လည်းလိုပါတယ်။ အဓိကကတော့ အလယ်ပိုင်း မိုးခေါင်ရေရှားဒေသတွေဖြစ်တဲ့ ချောက်၊ ရေစကြို၊ ပခုက္ကူ၊ မန္တလေး၊ စစ်ကိုင်းအောက်ပိုင်းနဲ့ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းဒေသတွေမှာ အပူချိန်အဆိုးဆုံး ခံရနိုင်ပါတယ်တဲ့။ ရန်ကုန်လို မြို့ကြီးတွေမှာလည်း ကွန်ကရစ်တောတွေနဲ့ လူဦးရေကျပ်သိပ်မှုကြောင့် အပူလှိုင်းဒဏ်ကို ပိုဆိုးဆိုးရွားရွား ခံစားရနိုင်ပါတယ်။

ပူတဲ့အပြင် တခြားထိခိုက်မှုတွေကော

ရာသီဥတု၊ ဂေဟစနစ်နဲ့ စိုက်ပျိုးရေးကဏ္ဍတွေမှာ ထိခိုက်မှုတွေကိုတော့ အကျဉ်းပဲဖော်ပြပ့ါမယ်။ ရာသီဥတုဘက်မှာဆို မိုးခေါင်တာ၊ မိုးနှောင်းတာ၊ မိုးခေါင်ရေရှားကာလကြာမြင့်တာတွေ ဖြစ်မယ်။ ဂေဟစနစ်ဘက်ကြည့်ပြန်လည်း ရေကန်တွေ၊ ချောင်းတွေ ခန်းခြောက်ပြီး တောမီးလောင်လွယ်မယ်၊ လူနဲ့တိရစ္ဆာန်တွေ ရေရှားပါးမှုနဲ့ ကြုံရမယ်။ စိုက်ပျိုးရေးဘက်မှာဆို သီးနှံစိုက်ချိန်တွေ ရွှေ့ရမယ်၊ ရေမလုံလောက်လို့ သီးနှံအထွက်နှုန်း ထက်ဝက်လောက်အထိ ကျဆင်းသွားနိုင်တယ်။

ကမ္ဘာမှာ ဘယ်အရပ်တွေ ထိခိုက်မလဲ

အရှေ့တောင်အာရှနိုင်ငံတွေမှာ မိုးနည်းခြင်းနဲ့ တောမီးအန္တရာယ်၊ အိန္ဒိယနဲ့တောင်အာရှမှာတော့ ဖောက်လွဲဖောက်ပြန်လာတော့မယ့်မိုးရာသီနဲ့စိုက်ပျိုးရေးအပေါ် သက်ရောက်နိုင်လာမှာ အသေအချာပါပဲ။ ပီရူး၊ အီကွေဒေါနဲ့ တောင်အမေရိက ပစိဖိတ်ကမ်းရိုးတန်းတို့မှာ မိုးသည်းထန်ခြင်း၊ ရေကြီးခြင်း၊ ပင်လယ်ငါးဖမ်းလုပ်ငန်းတွေကို ထိခိုက်လာကြတော့မှာပါ။

သြစတြေးလျနဲ့ အာဖရိကတောင်ပိုင်း တချို့ဒေသတွေ မိုးခေါင်ခြင်းနဲ့ အပူဒဏ်အန္တရာယ်ကျရောက်ဖို့ အလားအလာရှိပြီး အမေရိကတိုက်အချို့ဒေသတွေမှာတော့ မိုးများခြင်း၊ မိုးနည်းခြင်းနဲ့ ဆောင်းရာသီမှာ ရာသီဥတုပုံစံပြောင်းလဲခြင်းတွေ ဖြစ်နိုင်တယ်။ ဒါတွေဟာ ဖြစ်နိုင်ခြေရှိတဲ့ ပုံစံတွေပါ။ ကမ္ဘာတစ်ဝန်းလုံး တစ်ပုံစံတည်း မဖြစ်ပါဘူး။ အရှေ့တောင်အာရှမှာ မြန်မာ၊ ထိုင်း၊ ဖိလစ်ပိုင်နဲ့ အင်ဒိုနီးရှား၊ သြစတြေးလျ၊ အာဖရိကတိုက်ရဲ့ တောင်ပိုင်းနဲ့ တောင်အမေရိက (ဘရာဇီး၊ ပီရူး) ဘက်တွေမှာ မိုးခေါင်တာ၊ ပြင်းထန်တဲ့ အပူလှိုင်းဒဏ်ခံရတာတွေ အဓိကဖြစ်ပေါ်နိုင်ပါတယ်။

ကျန်းမာရေးထိခိုက်မယ့်အချက် ကာကွယ်ဖို့

အပူဒဏ်ကြောင့် ခန္ဓာကိုယ်ရဲ့ အပူချိန် ထိန်းညှိမှုပျက်ယွင်းပြီး ကိုယ်အပူချိန် အလွန်မြင့်တက်၊ အသက်အန္တရာယ်ရှိတဲ့ အခြေအနေရောက်သွားနိုင်ပါတယ်။ Heat exhaustion ခေါ်တဲ့ အပူဒဏ်ကြောင့် နွမ်းနယ်ခြင်းနဲ့ Heat stroke အပူလျှပ်ခြင်း (ပိုမိုပြင်းထန်ပြီး အသက်အန္တရာယ်ရှိနိုင်တာ)တို့ဟာ ဖြစ်လာတော့မှာပါ။ မှတ်ထားဖို့က Heat stroke ဟာ သာမန်အပူလျှပ်တာထက် ပိုပြင်းထန်တဲ့ အရေးပေါ်အခြေအနေဖြစ်လို့ ကျန်းမာရေးဌာနကို အမြန်ပြေးရပ့ါမယ်။ နေပူပြင်းချိန်မှာ မလိုအပ်ဘဲ အပြင်မထွက်ပါနဲ့။ အပြင်ထွက်ရင် ထီး၊ ဦးထုပ်၊ လေဝင် လေထွက်ကောင်းတဲ့ အဝတ်ပါးပါး ဝတ်ပါ။

ရေဆာမှ သောက်တာမျိုးမလုပ်ဘဲ ပုံမှန်ရေသောက်ပါ။ မူးဝေ၊ ခေါင်းကိုက်၊ ပျို့အန်၊ ကြွက်တက်လာရင် အလုပ်ရပ်ပြီး အေးတဲ့နေရာကို ချက်ချင်းရွှေ့ပါ။ စိတ်ရှုပ်ထွေးလာတာ၊ သတိလစ်တာ၊ တက်တာ၊ ကိုယ်အပူအလွန်မြင့်တာဖြစ်ရင် အပူလွန်ကဲမှု အရေးပေါ်အခြေအနေဖြစ်နိုင်လို့ ဆေးကုသမှု ချက်ချင်းယူပါ။

> ❖ **အပူဒဏ်ကြောင့် ခန္ဓာကိုယ်ရဲ့ အပူချိန်ထိန်းညှိမှုပျက်ယွင်းပြီး ကိုယ်အပူချိန် အလွန်မြင့်တက်၊ အသက်အန္တရာယ်ရှိတဲ့ အခြေအနေရောက်သွားနိုင်ပါတယ်။ Heat exhaustion ခေါ်တဲ့ အပူဒဏ်ကြောင့် နွမ်းနယ်ခြင်းနဲ့ Heat stroke အပူလျှပ်ခြင်း (ပိုမိုပြင်းထန်ပြီး အသက်အန္တရာယ်ရှိနိုင်တာ)တို့ဟာ ဖြစ်လာတော့မှာပါ။ မှတ်ထားဖို့က Heat stroke ဟာ သာမန်အပူလျှပ်တာထက် ပိုပြင်းထန်တဲ့ အရေးပေါ်အခြေအနေဖြစ်လို့ ကျန်းမာရေးဌာနကို အမြန်ပြေးရပါ့မယ်။**
>
> ❖ **အထူးဂရုစိုက်ရမယ့် သူတွေကတော့ နှလုံးရောဂါ၊ နှလုံးအားနည်းသူ၊ သွေးတိုး၊ သွေးပေါင်ကျလွယ်သူ၊ ဆီးချိုရောဂါရှိသူ၊ ကျောက်ကပ်ရောဂါရှိသူတွေ၊ ပန်းနာရင်ကျပ်နဲ့ အဆုတ်ရောဂါရှိသူတွေနဲ့ အသက်ကြီးသူ၊ ကလေးငယ်၊ ကိုယ်ဝန်ဆောင်သူ၊ အဝလွန်သူ၊ ချွေးအများကြီးထွက်ရတဲ့ အလုပ်လုပ်သူ၊ ဆီးဆေး၊ သွေးပေါင်ကျဆေး၊ ဆီးချိုကျဆေးတွေ သောက်နေသူတွေ ပိုဂရုစိုက်ရပ့ါမယ်**

အရေးကြီးတဲ့ လေအေးပေးစက်နဲ့ နေနည်း

၁။ အပူချိန်ကို **၂၄ ကနေ ၂၆ ကြား** မှာပဲ ပုံမှန်ထားပါ။ ၂၈ အထိဆို ပိုကောင်းပါတယ်။ အကျင့်ပါပါ။

၂။ ရေဓာတ်မခန်းအောင်ရေမကြာခဏ**သောက်ပေးပါ။**

၃။ အဲကွန်းဆန်ခါတွေကို နှစ်ပတ် သို့မဟုတ် တစ်လတစ်ကြိမ် ပုံမှန်ဆေးကြောပေးပါ။

၄။ အခန်းထဲမှာ လေအလွန်မခြောက်သွေ့အောင် ရေဇလုံလေး အခန်းထဲထားပေးတာ သို့မဟုတ် နံနက်ပိုင်းပြတင်းပေါက် ခဏဖွင့်ပေးတာမျိုး လုပ်ပေးပါ။

၅။ ပန်ကာသုံးရင်၊ timer နဲ့ ဖွင့်ပါ။ မျက်နှာဘက် လှည့်မဖွင့်ပါနဲ့။

၆။ နေ့လယ် ပူလွန်းချိန် သက်ကြီးများ အပူလျှပ်ခြင်းမဖြစ်အောင် အခန်းအေးအေးထားပါ။ မီးမလာလည်း လေဝင်လေထွက်ကောင်းအောင် ပြတင်းပေါက်တွေ ဖွင့်ထားပါ။

၇။ ရေဖြည်းဖြည်း ပုံမှန်သောက်၊ ညမအိပ်မီ ရေတစ်ခွက်လောက်သောက်ပါ။ ဆီးခဏခဏ သွားရတဲ့ ဆီးကျိတ်ရှိနေရင်လည်း ဆရာဝန်နဲ့ သာ တိုင်ပင်ပါ။

၈။ အိပ်ခန်းတံခါး၊ ပြတင်းအနည်းငယ် ဖွင့်ဟထားက ပိုကောင်းပါတယ်။ ဒါမှမဟုတ် နေ့ခင်း လေဝင်ထွက်ကောင်းစေဖို့ သွေးတိုးသမားတွေ နံနက်ထ သွေးပေါင်ချိန်ဖတ်၊ ဆေးမှန်မှန် သောက်၊ လေဖြတ်လက္ခဏာ (မျက်နှာတစ်ဖက်ကျ၊ လက်ခြေအားနည်း၊ စကားထစ်တာတွေကို စစ်ဆေးပေးပါ။) တွေ့ရင် ချက်ချင်းဆေးရုံ အမြန်သွားပါ။

ဘယ်လိုလူတွေ ပိုဂရုစိုက်မလဲ

အထူးဂရုစိုက်ရမယ့် သူတွေကတော့ နှလုံးရောဂါ၊ နှလုံးအားနည်းသူ၊ သွေးတိုး၊ သွေးပေါင်ကျလွယ်သူ၊ ဆီးချိုရောဂါရှိသူ၊ ကျောက်ကပ်ရောဂါရှိသူတွေ၊ ပန်းနာရင်ကျပ်နဲ့ အဆုတ်ရောဂါရှိသူတွေနဲ့ အသက်ကြီးသူ၊ ကလေးငယ်၊ ကိုယ်ဝန်ဆောင်သူ၊ အဝလွန်သူ၊ ချွေးအများကြီးထွက်ရတဲ့ အလုပ်လုပ်သူ၊ ဆီးဆေး၊ သွေးပေါင်ကျဆေး၊ ဆီးချိုကျဆေးတွေသောက်နေသူတွေ ပိုဂရုစိုက်ရပ့ါမယ်။ ဆေးကို ကိုယ့်သဘောနဲ့ ရပ်တာ၊ ပမာဏပြောင်းတာ မလုပ်ပါနဲ့။

သူတို့ကို ဘယ်လို ထိခိုက်စေတာလဲ

နှလုံးနဲ့ သွေးတိုးရောဂါသမားမှာ ပူလို့ သွေးကြောတွေကျယ်ပြီး ချွေးထွက်တဲ့အခါ နှလုံးက သွေးတွေကို ပိုညှစ်ပေးရတော့ နှလုံးကို ဝန်ပိုပိစေပြီး ရင်ဘတ်အောင့်တာ၊ သွေးတိုးတာတွေ ဖြစ်စေတယ်။ ကျောက်ကပ်က ရေဓာတ်ခန်းခြောက်လို့ သွေးပမာဏနည်းသွားတဲ့အခါ ကျောက်ကပ်ဆီ သွေးရောက်မှုနည်းပြီး ကျောက်ကပ်ပျက်စီးနိုင်ခြေ မြင့်လာတယ်။

ဆီးချိုသမားတွေကတော့ ရေဓာတ်ခန်းခြောက်ရင် သွေးတွင်းအချိုဓာတ်တွေ ပိုစေးကပ်လာပြီး ချွေးထွက်များလို့ ကိုယ်တွင်းဓာတ်တွေ မညီမမျှဖြစ်တတ်တယ်။ သွေးတိုး၊ လေဖြတ်ဖူးသူ သတိထားရမယ်။ ရေဓာတ်နဲ့ ဆားဓာတ်မညီမျှတာ၊ သွေးပေါင်အပြောင်းအလဲတွေကြောင့် အားနည်း၊ မူးဝေနိုင်ပါတယ်။ ဒီတော့ မျက်နှာရွဲ့ခြင်း၊ လက်တစ်ဖက်အားနည်းခြင်း၊ စကားမပီခြင်းဖြစ်ရင် လေဖြတ်တာဖြစ်နိုင်လို့ အရေးပေါ်ဆေးရုံသွားပါ။

နောက် အသက်ကြီးသူ၊ ကိုယ်ဝန်ဆောင်သူ၊ အသက်ကြီးသူတွေမှာ ရေဆာတာကို သတိမထားမိနိုင်သလို ခန္ဓာကိုယ်အပူထိန်းနိုင်စွမ်းလည်း လျော့လာနိုင်တယ်။ ကိုယ်ဝန်ဆောင်သူတွေမှာ ရေဓာတ်ခန်းခြောက်ခြင်းနဲ့ အပူဒဏ်ကြောင့် မူးဝေ၊ နွမ်းနယ်နိုင်ပြီး အန္တရာယ်ပိုရှိနိုင်ပါတယ်။

အိမ်မှာနဲ့ ပြင်ပထွက်ရမယ့်သူနဲ့ ကားအဲကွန်း

အိမ်မှာ အဲကွန်းကို အအေးလွန်ကဲတဲ့ (ဥပမာ–၁၆ ဒီဂရီလောက်) မထားဘဲ ၂၄–၂၆ ဒီဂရီ လောက်မှာပဲ ထားပါ။ လေဝင်လေထွက်ကောင်းအောင် လုပ်ပါ။ ကားစီးရင်းကားထဲမှာ အဲကွန်းကို လွန်လွန်ကဲကဲ အအေးမမြှင့်ပါနဲ့။ အပြင်အပူချိန်နဲ့ ကားတွင်းအပူချိန်ကွာဟချက် အလွန်မကြီးစေနဲ့။ ၅–၇ ဒီဂရီလောက်ပဲ ကွာတာကောင်းတယ်။

နှလုံးရောဂါသမားက အိမ်မှာ အေးတဲ့အခန်းမှာနေ၊ ရေပမာဏကို ဆရာဝန်ညွှန်ကြားချက်အတိုင်းသောက်၊ အပြင်ထွက်ကားစီးရင် နေပူချိန်ရှောင်၊ ရင်ဘတ်အောင့်ရင် ချက်ချင်းအကူအညီယူ ကျောက်ကပ်ရောဂါသမားက အိမ်မှာ ရေနဲ့ ဆားပမာဏကို သတ်မှတ်ချက်အတိုင်း လိုက်နာရပါမယ်။ အပြင်ထွက်ကားစီးရင် အပူထဲကြာကြာမနေနဲ့၊ မူးဝေလာရင် အေးတဲ့နေရာချက်ချင်းရွှေ့ပါ။ အချိန်မဆိုင်းနဲ့။

စာမျက်နှာ ၇ သို့

❍ *ရှေ့ဖုံးမှ*
နေောင်ချိုမြို့နှင့် ကျောက်မဲမြို့တို့တွင်လည်း ၁၆-၁၁-၂၀၂၆ ရက်မှ ၃၀-၁၁-၂၀၂၆ ရက်အထိ အကူအညီများ ဖြန့်ဝေသွားမည်ဖြစ်သည်။

အာဆီယံ၏ လူသားချင်းစာနာမှုအကူအညီများကို အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှု အကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာနမှတစ်ဆင့် မြန်မာနိုင်ငံသို့ ၂၀၂၁ ခုနှစ် စက်တင်ဘာလမှစ၍ ပထမအဆင့် (အသက်ကယ်ဆယ်ရေး)နှင့် ဒုတိယအဆင့် (ဘဝရှင်သန်တည်မြဲရေး) ဟူ၍ အဆင့် ၂ ဆင့်ဖြင့် ပေးအပ်လျက်ရှိသည်။

ပထမအဆင့်အကူအညီများအဖြစ် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၄ ခုနှစ်၊ မတ်လအထိ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတို့အတွက် ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၅.၆ သန်းကျော်တန်ဖိုးရှိ ပစ္စည်းများကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံနှင့် ကျန်းမာရေးဌာနများသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အကူအညီဖြင့် ဖြန့်ဝေပေးအပ်ခဲ့ပြီးဖြစ်သည်။

ထို့ပြင် ဆိုင်ကလုန်းမုန်တိုင်းမိုခါ (၂၀၂၃)ခုနှစ်နှင့် တိုင်ဖွန်းမုန်တိုင်းရာဂီ (၂၀၂၄ ခုနှစ်) တို့ အတွက် အမေရိကန်ဒေါ်လာ ၁.၆ သန်းကျော်နှင့် အမေရိကန်ဒေါ်လာ ၀.၇၃ သန်းကျော်တန်ဖိုးရှိ လူသားချင်းစာနာမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အကူအညီပစ္စည်းများနှင့် မန္တလေးငလျင် ကူညီကယ်ဆယ်ရေးအတွက် အမေရိကန်ဒေါ်လာ ၁.၄ သန်းကျော်တန်ဖိုးရှိ လူသားချင်းစာနာမှုအကူအညီများကို သဘာဝဘေးအန္တရာယ် ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများအတွက် ပေးအပ်ခဲ့ပြီးဖြစ်သည်။

ဒုတိယအဆင့် အကူအညီပေးအပ်မှုကို ၂၀၂၃ ခုနှစ်၊ မေလမှ စတင်ခဲ့ပြီး ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလအထိ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၈.၀၄ သန်းခန့်တန်ဖိုးရှိ အစားအစာ၊ အစားအစာမဟုတ်သည့်အကူအညီများ၊ မိသားစုသုံးပစ္စည်းများနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများကို မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီဖြင့် ဖြန့်ဝေပေးအပ်ခဲ့ပြီးဖြစ်သည်။

အာဆီယံက AHA Centre မှတစ်ဆင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုအကူအညီ ပေးအပ်မှုတန်ဖိုးမှာ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလအထိ အမေရိကန်ဒေါ်လာ ၂၇.၄ သန်းခန့်ရှိပြီဖြစ်သည်။ မြန်မာအစိုးရအနေဖြင့် AHA Centre အမှုဆောင်ဒါရိုက်တာဦးဆောင်ပြီး ရန်ကုန်မြို့အခြေစိုက်အာဆီယံနိုင်ငံသံရုံးများမှ ကိုယ်စားလှယ်များပါဝင်သည့် အာဆီယံလေ့လာစောင့်ကြည့်ရေးအဖွဲ့ (ASEAN Monitoring Team– AMT) အား AHA Centre ၏ လူသားချင်းစာနာမှုအကူအညီ ဖြန့်ဝေပေးအပ်မှုများကို လက်တွေ့လေ့လာကြည့်ရှုနိုင်ရန်အတွက် ခွင့်ပြုပေးလျက်ရှိသည်။ အာဆီယံ လေ့လာစောင့်ကြည့်ရေးအဖွဲ့အနေဖြင့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအထိ လက်တွေ့လေ့လာကြည့်ရှုမှု (၁၇)ကြိမ်၊ အဝေးရောက် လေ့လာကြည့်ရှုမှု (၁) ကြိမ်၊ စုစုပေါင်း (၁၈) ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှုအကူအညီ ပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Centre) သည် အာဆီယံဒေသအတွင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်မှုအတွက် အာဆီယံနိုင်ငံများအကြားနှင့် ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၌ တည်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံထုတ်ပြန်ချက် (၅) ရပ်၏ အချက် (၄) ဖြစ်သည့် အာဆီယံက AHA Centre မှတစ်ဆင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှု အကူအညီပေးအပ်သည့် လုပ်ငန်းစဉ်များတွင် AHA Centre နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်

စာမျက်နှာ ၆ မှ
ဆီးချိုသမားအရေးကြီးတယ်။ အိမ်မှာနေရင် သွေးချိုကိုစစ်နေပါ။ ဆေးနဲ့ အင်ဆူလင်ကို သင့်တော်တဲ့အပူချိန်မှာ အဆင်သင့်ထားပါ။ အပြင်ထွက် ကားစီးမယ်ဆိုရင် ရေယူသွား၊ အရေးကြီးတာက သွေးချိုကျလက္ခဏာနဲ့ အပူဒဏ်လက္ခဏာကို ခွဲသိရပါမယ်။

အိမ်က အခန်းမှာနေရင် ပန်းနာ၊ အဆုတ်ရောဂါသမားတွေက ဆေးလိပ်မီးခိုး၊ ခြင်ဆေးခွေအနံ့၊ ဖုန်နဲ့ အပူကို ရှောင်ရပါမယ်။ အပြင်ထွက်ကားစီးမယ့်သူက ရှူဆေးယူသွား၊ ကားထဲမီးခိုးနဲ့ အနံ့ပြင်းတာတွေ ရှောင်။ Mask တပ်ပါ။ သွေးတိုး၊ လေဖြတ်ဖူးသူတွေ အိမ်မှာနေရင် ဆေးပုံမှန်သောက်၊ မူးဝေရင် သွေးပေါင်စစ်ပါ။ အပြင်ထွက်ကားစီးမယ်ဆိုရင် ရုတ်တရက် မတ်တတ်ရပ်တာမျိုးရှောင်၊ လက္ခဏာအသစ်ဖြစ်ရင် ဆေးကုသမှုခံဖို့သွားပါ။

အဲကွန်းဘတ်စ်ကားမှ အောက်ဆင်းရင်

စိမ့်အေးနေတဲ့ကားထဲကနေ ပူနေတဲ့ မှတ်တိုင်မှာ ဆင်းရင် ဘာတွေဖြစ်လာနိုင်မလဲဆိုတာ သေချာသိထားရပါမယ်။ ကိုယ်က နေပူထဲကနေ ချွေးတွေနဲ့ ပူလောင်ပြီး ကားပေါ်တက်လာတယ်၊ အဲကွန်းဖွင့်ထားတဲ့ ကားထဲရောက်တော့ ရုတ်တရက် အေးစိမ့်သွားတယ်။ ပြီးတော့ မှတ်တိုင်ရောက်လို့ ပြန်ဆင်းတဲ့အခါ အပြင်ရဲ့ အပူဒဏ်ကို ရုတ်တရက် ထပ်ခံရတယ်။ ဒီလို “အပူ-အအေး-အပူ” ရုတ်တရက်အကူးအပြောင်းကြောင့် ခန္ဓာကိုယ်က အပူချိန်ကို မထိန်းနိုင်တော့ဘဲ ဖျားနာတာ၊ ခေါင်းကိုက်တာ၊ နှာစေးချောင်းဆိုးတာ၊ ဇက်ကြောတက်တာနဲ့ ကိုယ်လက်ကိုက်ခဲတာတွေ ဖြစ်လာနိုင်တယ်။

သွေးတိုးဆီးချိုသမား၊ လေဖြတ်ဖူးသူ ကားပေါ်တက်ရင်၊ ကားပေါ်က ဆင်းမယ်ဆိုရင် ရေအဝသောက်ပါ။ ရေခဲရေ မသောက်ရပါဘူး။ မှတ်ထားဖို့က အပူလွန်ကဲမှုကို ထီး၊ ဦးထုပ်၊ အရိပ်ခိုတာမျိုးနဲ့ ရေများများသောက်ပါ။

အပူအအေး ချက်ချင်းပြောင်းမှုရဲ့ ထိခိုက်မှုတွေ

ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်နဲ့ အပူချိန်ထိန်းညှိမှုစနစ်ကို ရုတ်တရက် ရှော့ခ်ဖြစ်သွားစေတယ်။ သွေးကြောတွေ ရုတ်တရက်ကျဉ်းလိုက်/ကျယ်လိုက်ဖြစ်တာကြောင့် ဦးနှောက်နဲ့ နှလုံးသွေးကြောစနစ်ကို ထိခိုက်စေပြီး မူးမေ့တာ၊ လေဖြတ်နိုင်ခြေ မြင့်တာတွေအထိ ဖြစ်စေနိုင်တယ်။

ပူတဲ့နေရာကနေ အေးတဲ့နေရာကို ရုတ်တရက် ဝင်ရင် တချို့သူတွေမှာ မအီမသာဖြစ်တာ၊ ခေါင်းကိုက်တာ၊ သွေးပေါင်ပြောင်းလဲတာ ဖြစ်နိုင်တယ်။ အေးတဲ့လေကို မျက်နှာနဲ့ လည်ပင်းကို တိုက်ရိုက်အကြာကြီးခံတာက ပန်းနာရင်ကျပ်ရှိသူတွေမှာ လက္ခဏာပိုဆိုးစေနိုင်ပါတယ်။

ကိုယ်ပိုင်ကား၊ ဘတ်စ်ကားနဲ့ တက္ကစီပေါ်က ဆင်းရင် ဘယ်လို ကာကွယ်ရမလဲ

ကိုယ်ပိုင်ကား၊ ဘတ်စ်ကားနဲ့ တက္ကစီကားပေါ်က မဆင်းခင် ၁ မိနစ်၊ ၂ မိနစ်လောက် အလိုမှာ အဲကွန်းကို ခဏပိတ်တာဖြစ်ဖြစ်၊ လေအေးကို လျှော့ချတာဖြစ်ဖြစ်လုပ်ပြီး ခန္ဓာကိုယ်အပူချိန်ကို အပြင်နဲ့ အနည်းငယ်နီးစပ်အောင် အရင်လုပ်ပါ။ ကားပေါ်က ဆင်းတဲ့အခါ ထီးဆောင်းတာ၊ မျက်နှာသုတ်ပဝါနဲ့ ချွေးတွေကို အရင်သုတ်တာမျိုး လုပ်ပေးပါ။

ဘတ်စ်ကားပေါ်က ဆင်းခါနီး ရေသောက်ပြီး ခဏနားပါ။ နေပူထဲတန်းမထွက်ဘဲ အမိုးအကာ၊ အရိပ်ရတဲ့နေရာကို ရွေးပါ။ ထီး၊ ဦးထုပ်ကို အရင်ပြင်ဆင်ပါ။ အပြင်ရောက်တာနဲ့ အမြန်လမ်းလျှောက်တာ၊ လေးလံတဲ့ပစ္စည်းသယ်တာကို ရှောင်ပါ။

မူးဝေနေရင် မဆင်းခင် ယာဉ်မောင်းကို အကူအညီတောင်းပြီး အေးတဲ့နေရာမှာ ရပ်ပြီးမှ ဆင်းပါ။

ရေစိုအဝတ်နဲ့ လည်ကုပ်၊ လည်ပင်းပွတ်ခြင်း

ရေစိုမျက်နှာသုတ်ဆိုရင်တော့ တကယ်တော့ ယာယီအားဖြင့် အပူသက်သာစေတဲ့ နည်းလမ်းကောင်းတစ်ခုပါ။ လည်ကုပ်နဲ့ လည်ပင်းမှာ သွေးကြောကြီးတွေ ဖြတ်သန်းသွားတာကြောင့် အဲဒီနေရာကို အေးမြစေတဲ့အခါ ဦးနှောက်နဲ့ ခန္ဓာကိုယ်တစ်ခုလုံးကို ခဏအတွင်းမှာပဲ အေးမြသွားစေပါတယ်။

ဒါက လက်တွေ့အသုံးဝင်တဲ့ အပူလျှော့နည်းတစ်ခုပါ။ ရေစိုအဝတ်က အရေပြားပေါ်က အပူကို စုပ်ယူပေးတယ်။ ရေအငွေ့ပြန်တဲ့အခါ အရေပြားကို အေးစေတယ်။

လည်ပင်းနဲ့ လည်ဂုတ်မှာစိုတဲ့ အဝတ်တင်တာက အပူသက်သာစေနိုင်တယ်။ အပူလွန်ကဲပြီး စိတ်ရှုပ်ထွေး၊ သတိလစ်နေသူကိုတော့ ရေပတ်အဝတ်တင်ရုံနဲ့ မလုံလောက်ပါဘူး။ အရေးပေါ်အကူအညီခေါ်ပြီး ချက်ချင်းအပူချနည်းတွေ လုပ်ပေးရပါတယ်။

တက္ကစီ၊ ဘတ်စ်ကားတွေမှာ အဲကွန်းဖွင့်ရင်

ကားသမားတွေကို အဲကွန်းကို တအားကြီး မပြင်းခိုင်းပါနဲ့။ ပြောမရရင် လေထွက်ပေါက်ဝတွေကို ကိုယ့်မျက်နှာတည့်တည့် မလာအောင် လှည့်ထားပါ။

ကြာရှည်စီးရမယ်ဆိုရင် ပါးလွှာတဲ့အင်္ကျီလက်ရှည် ဒါမှမဟုတ် ခြုံစောင်ပါးပါးလေး ဆောင်သွားပြီး အဲကွန်းအေးလွန်းရင် ပခုံးနဲ့ ရင်ဘတ်ကို အုပ်ထားပါ။ အရေးကြီးဆုံးက ဒီလောက်အေးလွန်းတဲ့ ကားပေါ်ကဆင်းရင် အအေး – အပူ ရုတ်ခြည်းပြောင်းလို့ သိပ်အန္တရာယ်ရှိသွားပါပြီ။

ရေဝဝသောက်ခိုင်းတဲ့အကြောင်း

ဘယ်လိုအကျိုးသက်ရောက်မှုရှိလို့ သောက်ခိုင်းရတာလဲ သိသင့်ပါတယ်။

ချွေးထွက်များလို့ ဆုံးရှုံးသွားတဲ့ ရေဓာတ်နဲ့ ဆားဓာတ်တွေကို ပြန်ဖြည့်ပေးတာပါ။ ရေက ခန္ဓာကိုယ်အပူချိန်ကို ထိန်းညှိပေးတယ်၊ သွေးစေးကပ်မှုကို ကာကွယ်ပေးပြီး ကျောက်ကပ်နဲ့ အင်္ဂါအစိတ်အပိုင်းတွေ ပုံမှန်အလုပ်လုပ်နိုင်ဖို့အတွက် ရေဟာ မရှိမဖြစ် လိုအပ်လို့ပါ။

ကိုယ်ခန္ဓာက ချွေးထွက်ခြင်းအားဖြင့် အပူလျှော့ပါတယ်။ ချွေးနဲ့အတူ ရေနဲ့ ဆားဓာတ်လည်း ဆုံးရှုံးပါတယ်။ ရေမလုံလောက်ရင် သွေးလည်ပတ်မှုပမာဏ လျော့လာနိုင်တယ်။ ဒီတော့ နှလုံးခုန်မြန်၊ မူးဝေ၊ အားနည်းနိုင်တယ်။ ကျောက်ကပ်အပေါ် ဝန်ပို တက်နိုင်တယ်။

အန္တရာယ်ပိုများလာနိုင်တယ်။ ဒါကြောင့် ပုံမှန်ရေကို မကြာခဏသောက်ပေးတာ ကောင်းပါတယ်။ ချွေးအလွန်ထွက်ရင် ဓာတ်ဆားရည် လိုအပ်နိုင်ပေမယ့် နှလုံးနဲ့ ကျောက်ကပ်ရောဂါရှိသူတွေက ရေပမာဏကို ဆရာဝန်ညွှန်ကြားချက်အတိုင်း လိုက်နာပါ။ ရေကို အချိန်တိုအတွင်း အတင်းအကျပ်အများကြီးမသောက်ပါနဲ့။

မီးပျက်တော့ အဲကွန်းဖွင့်မရရင် ဘာလုပ်မလဲ

အိမ်မှာ လေဝင်လေထွက် ကောင်းအောင် ပြတင်းပေါက်တွေ၊ တံခါးတွေ အကုန်ဖွင့်ပါ။ နေထိုးရင် ခန်းဆီးစတပ်ရပါမယ်။ လက်ကိုင်ပန်ကာ၊ ဘက်ထရီပန်ကာ ဒါမှမဟုတ် ယပ်တောင်ကိုသာ သုံးပါ။ ကြမ်းပြင်ကို ရေစိုပုဆိုးနဲ့ မကြာခဏ သုတ်ပေးတာက အိမ်တွင်းအပူချိန်ကို လျှော့ကျစေတယ်။ ရေအေးအေးနဲ့ မကြာခဏ ရေချိုးပေးပါ။ လေတိုက်တဲ့ နေရာမှာနေပါ။

ယားယံအဖုအပိမ့်တွေ ထွက်လာရင်

အပူကြောင့် ချွေးပေါက်ပိတ်ပြီး အဖုသေးသေးလေးတွေ ထွက်တတ်ပါတယ်။ အပူကြောင့် ယားနာ၊ အပူဖု (Prickly Heat) ထွက်တာဆိုရင် Calamine Lotion လိမ်းပေးလို့ရတယ်။ ကရမက်၊ သနပ်ခါး ပါးပါးလိမ်းလို့လည်းရပါတယ်။ တကယ်လို့ ယားယံမှု တအားများရင်တော့ ဆရာဝန်နဲ့ပြပြီး Anti-allergic ဆေးတွေ သောက်ရပါတော့မယ်။ ပိုးသတ်ဆေး၊ မှိုသတ်ဆေးတွေကို ကိုယ့်သဘောနဲ့ မလိမ်းပါနဲ့။

ဒီအချိန် ဘာတွေ စားသင့်သလဲ

ရေဓာတ်ပါတဲ့ အစားအစာ ဖရဲသီး၊ သခွားသီး၊ လိမ္မော်သီး၊ နာနတ်သီး စတဲ့ရေဓာတ်နဲ့ ဗီတာမင်ကြွယ်ဝတဲ့ အသီးအနှံကိုသာစားပါ။

ဓာတ်ဆားအနေနဲ့ကတော့ ချွေးထွက်များလို့ ဓာတ်ဆားရည် (ORS) ကို သောက်ပေးသင့်ပါတယ်။ ဒါပေမဲ့ ဆီးချိုသမားတွေက ဆရာဝန်တွေကိုမေးမြန်းသင့်ပါတယ်။

ဒီအချိန်မှာ အရက်၊ ဘီယာ၊ ကဖင်းဓာတ်ပါတဲ့ ကော်ဖီနဲ့ အချိုရည်တွေက ရေဓာတ်ကို ပိုခန်းခြောက်စေလို့ ရှောင်သင့်ပါတယ်။ အလွန်အန္တရာယ်ကြီးပါတယ်။ ။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးသတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၂၅ ဦး တက်ရောက်သဖြင့် ၉၃ ဒသမ ၇၅ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတလျာ ကိုချန်နီဗာ၏ ဖိတ်ကြားချက်အရ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၀ ရက်မှ ၂၃ ရက်အထိ မိမိဦးဆောင်သည့် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ သွားရောက်ခဲ့သည့် တရားဝင်ခရီးစဉ်အတွင်း ဆောင်ရွက်မှုများနှင့် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက် စာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ၍ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်၏ စက်မှုကဏ္ဍနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမူဝါဒနှင့် လုပ်ငန်းတာဝန်များကို ပိုမိုတိကျစွာ ထင်ဟပ်ဖော်ပြနိုင်စေရန်၊ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့် ဝေါဟာရအသုံးအနှုန်းများအကြား ညီညွတ်မှုရှိစေရန်၊ မြန်မာစာ၊ သဒ္ဒါ၊ နိုင်ငံတကာအသုံးအနှုန်းတို့အရ အဓိပ္ပာယ်ရှင်းလင်းတိကျစေရန်နှင့် အစိုးရဌာနများ၊ ပြည်သူလူထု၊ ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ဆက်သွယ်ဆောင်ရွက်မှုများ ပိုမိုထိရောက်စေရန်အတွက် “စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန” အား “စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန” အဖြစ် အမည်ပြောင်းလဲသတ်မှတ်လိုခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတထံမှ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ပေးပို့ထားကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော် ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **ဒီဇယ်ဆီ HSD(500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည်(LNG) အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေးကိစ္စ**နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဖြစ်ပွားခဲ့သည့် အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများကြောင့် အခြားဒေသတွင်း နိုင်ငံများနည်းတူ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံစားသောက်ကုန်နှင့် ကုန်စည်ဈေးနှုန်းများ တည်ငြိမ်မှုရှိစေရေး၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများအတွက် ဓာတ်အားထုတ်လုပ်မှုစရိတ် လျော့ကျစေရေးနှင့် အများပြည်သူအတွက် ဓာတ်အားခမြင့်တက်မှုမရှိစေရေး ထိန်းညှိဆောင်ရွက်ပေးရန် လိုအပ်နေဆဲဖြစ်ပါကြောင်း။

ထို့ကြောင့် စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် အဓိကအများဆုံးအသုံးပြုရသည့် ဒီဇယ်ဆီ HSD (500 ppm) အပေါ်ကောက်ခံသည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ၂၀၂၆ ခုနှစ် ဧပြီ ၁ ရက်မှ စတင်၍ လည်းကောင်း၊ သဘာဝဓာတ်ငွေ့ရည် (LNG) အပေါ်ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ၂၀၂၆ ခုနှစ် မေ ၁ ရက်မှစတင်၍လည်းကောင်း ကင်းလွတ်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်ခဲ့ပါကြောင်း။

ထိုကဲ့သို့ အခွန်ကင်းလွတ်ခွင့်ပြုခဲ့သည့်အတွက် လယ်ယာကဏ္ဍ၊ ကုန်စည်သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများအတွက် အဓိကသွင်းအားစုများ၏ကုန်ကျစရိတ်ကို လျှော့ချပေးနိုင်ခဲ့ပြီး အခြေခံစားသောက်ကုန်ဈေးနှုန်းနှင့် ကုန်စည်ဈေးနှုန်းများ ထိန်းညှိနိုင်ရန်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ဒီဇယ်ဆီ HSD (500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည်(LNG)အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်အထိ တစ်လ ထပ်မံတိုးမြှင့်၍ ကင်းလွတ်ခွင့်ပြုပေးနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **ပလက်ဝ-ဇိုရမ်ပူရ်နှစ်လမ်းသွားလမ်းဖောက်လုပ်ခြင်းစီမံကိန်းအတွက် တင်သွင်းခဲ့သော မော်တော်ယာဉ်ငါးစီးအပေါ် ကျသင့်မည့်အထူးကုန်စည်ခွန်အား ကင်းလွတ်ခွင့်ပြုနိုင်ရေးကိစ္စ**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ပလက်ဝ-ဇိုရမ်ပူရ် နှစ်လမ်းသွားလမ်းဖောက်လုပ်ခြင်းစီမံကိန်းသည် ချင်းပြည်နယ် ပလက်ဝမြို့မှစတင်၍ မြန်မာ-အိန္ဒိယ နယ်စပ်ဇိုရမ်ပူရ်အထိဖြစ်ပြီး စုစုပေါင်းလမ်းအရှည် ၁၀၉ ဒသမ ၂၀ ကီလိုမီတာ (၆၇ ဒသမ ၈၆ မိုင်) ဖြစ်ပါကြောင်း၊ စီမံကိန်းတစ်ခုလုံး ၂၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်း။

အဆိုပါစီမံကိန်းအား ၂၀၁၇ ခုနှစ် မေ ၃ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ မြန်ဆန်ချောမွေ့စေရန်အတွက် ၂၀၁၈ ခုနှစ်တွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကန်ထရိုက်တာဖြစ်သော C & C Construction Co., Ltd. ကိုယ်စား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနအမည်ဖြင့် စက်/ယာဉ်/ယန္တရားများအား ပြန်လျော့အကောက်ခွန်စနစ် (Drawback) ဖြင့် တင်သွင်းခဲ့ပါကြောင်း။

စီမံကိန်းအတွက် တင်သွင်းခဲ့သော စက်/ယာဉ်/ယန္တရားများအနက် မော်တော်ယာဉ်ငါးစီးသည် ပြည်တွင်းသုံးစွဲမှုစနစ်သို့ ပြောင်းလဲဆောင်ရွက်ရာတွင် “၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) ပါ ဇယားအမှတ်စဉ် (၁၃) အရ” အထူးကုန်စည်ခွန် ၅ ရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ပလက်ဝ-ဇိုရမ်ပူရ် နှစ်လမ်းသွားလမ်းဖောက်လုပ်ခြင်း စီမံကိန်းအတွက် တင်သွင်းခဲ့သော မော်တော်ယာဉ်ငါးစီးအား ပြည်တွင်းသုံးစွဲမှုစနစ် (Home Consumption) အဖြစ် ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှပေးဆောင်ရမည့် အထူးကုန်စည်ခွန်အား ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် “၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၃၇” ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က ပလက်ဝ-ဇိုရမ်ပူရ်နှစ်လမ်းသွားလမ်းဖောက်လုပ်ခြင်း စီမံကိန်းသည် အိန္ဒိယနိုင်ငံ၏ အထောက်အပံ့ (Grant Aid) ဖြင့် ဆောင်ရွက်သည့် စီမံကိန်းဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းအတွက် Drawback စနစ်ဖြင့် တင်သွင်းခဲ့သည့် မော်တော်ယာဉ်ငါးစီးကို လက်ရှိအခြေအနေအရ ပြန်လည်တင်ပို့နိုင်ခြင်းမရှိသည့်အတွက် ပြည်တွင်းသုံးစွဲမှုစနစ်သို့ ပြောင်းလဲဆောင်ရွက်မည်ဖြစ်သဖြင့် မူလတင်သွင်းစဉ်က မကျသင့်ခဲ့သည့် အထူးကုန်စည်ခွန်များကို ပြန်လည်ပေးဆောင်ရမည်ဖြစ်ပါကြောင်း။

သို့သော်လည်း အဆိုပါစီမံကိန်းသည် အိန္ဒိယနိုင်ငံက အထောက်အပံ့အဖြစ်ပေးအပ်သည့် စီမံကိန်းဖြစ်ခြင်း၊ မော်တော်ယာဉ်များကို ပြည်ပသို့ ပြန်လည်တင်ပို့ခြင်းမပြုတော့ဘဲ ပြည်တွင်းသုံးစနစ်သို့ ပြောင်းလဲအသုံးပြုမည်ဖြစ်ခြင်းတို့ကြောင့် ကျသင့်မည့်အထူးကုန်စည်ခွန်ကို ကင်းလွတ်ခွင့်ပြုရန် လိုအပ်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မော်တော်ယာဉ်ငါးစီးအပေါ် ကျသင့်မည့် အထူးကုန်စည်ခွန်အား ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် ၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းနှစ်ပတ်လည် အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁/၂၀၂၆) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ**နှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးမြင့်စန်း၏ အကြံပြုချက်နှင့်စပ်လျဉ်း၍ MSME လုပ်ငန်းများ၏ ကုန်ကြမ်းလိုအပ်ချက်၊ ပြည်တွင်းကုန်ကြမ်းရရှိနိုင်မှုနှင့် ကုန်ကြမ်းဝယ်ယူရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို ကဏ္ဍအလိုက် စာရင်းကောက်ယူစိစစ်ပြီး ပြည်တွင်းကုန်ကြမ်းထုတ်လုပ်သူများ၊ ကုန်သည်များနှင့် ကုန်ထုတ်လုပ်ငန်းများအကြား ချိတ်ဆက်ပေးခြင်း၊ ကုန်ကြမ်းပေးသွင်းမှု ကွင်းဆက်ဖွံ့ဖြိုးလာစေရန် ပံ့ပိုးခြင်းနှင့် သက်ဆိုင်ရာဌာနများသို့ တင်ပြညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ငွေကြေးရရှိရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းလည်ပတ်ငွေ၊ စက်ပစ္စည်းဝယ်ယူငွေနှင့် ရင်းနှီးမြှုပ်နှံငွေလိုအပ်ချက်များကိုစိစစ်ပြီး ဘဏ်များနှင့် သက်ဆိုင်ရာငွေကြေးထောက်ပံ့ရေး အစီအစဉ်များကို လက်လှမ်းမီစေရန် လမ်းညွှန်ချိတ်ဆက်ပေးသွားမည် ဖြစ်ပါကြောင်း၊ သို့ရာတွင် ချေးငွေထုတ်ပေးခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်းတို့မှာ သက်ဆိုင်ရာဘဏ်နှင့် ရန်ပုံငွေစည်းမျဉ်းများအပေါ်၌ မူတည်မည်ဖြစ်ပါကြောင်း။

ထို့ပြင် စက်မှုဇုန်နှင့် MSME လုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားနှင့် စွမ်းအင်လိုအပ်ချက်များကို သက်ဆိုင်ရာ ဒေသအလိုက် စုစည်းတင်ပြပြီး လျှပ်စစ်ဓာတ်အားရရှိမှု တိုးတက်စေရေး၊ စွမ်းအင်သုံးစွဲမှု ထိရောက်စေရေးနှင့် လုပ်ငန်းလည်ပတ်မှု၊ ထိခိုက်မှုလျော့နည်းစေရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ MSME လုပ်ငန်းရှင်များ၏ ကုန်အမှတ်တံဆိပ်၊ ထုတ်ကုန်ဒီဇိုင်းတီထွင်မှုနှင့် အခြားဉာဏပစ္စည်းမူပိုင်ခွင့်များကို သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ကာကွယ်နိုင်ရေးအတွက် မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာအသိပညာပေးခြင်း၊ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းလမ်းညွှန်ပေးခြင်းနှင့် သက်ဆိုင်ရာ မူပိုင်ခွင့်ဌာနများ၊ သက်ဆိုင်ရာဥပဒေများနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း အသေးစား၊ အငယ်စား၊ အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေထူထောင်ပြီး လုပ်ငန်းလည်ပတ်ရန် လိုအပ်ချက်များ၊ နည်းပညာဆိုင်ရာကိစ္စများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပေါင်းစပ်ဆောင်ရွက်ရမည့် ကိစ္စရပ်များတွင် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၈) ဦးကြည်လင်းထက်၏ အကြံပြုချက်နှင့်စပ်လျဉ်း၍ နိုင်ငံ၏ စီးပွားရေးတွင် လယ်ယာကဏ္ဍသည် အခြေခံကဏ္ဍဖြစ်ပြီး လယ်ယာကဏ္ဍတွင် Primary Commodity ဟုခေါ်သည့် အခြေခံကုန်စည်များပါဝင်သည့်အတွက် လယ်ယာအခြေခံစက်မှုလုပ်ငန်းများ တိုးတက်လာပါက လယ်ယာကဏ္ဍတိုးတက်သကဲ့သို့ စက်မှုကဏ္ဍတွင်လည်း တိုးတက်လေ့ရှိပါကြောင်း၊ GDP တွင် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့၏ ပါဝင်မှုများ လျော့နည်းခြင်း၊ မြင့်တက်ခြင်းတွင် အဆိုပါကဏ္ဍများ၏ တိုးတက်မှုလျော့နည်းခြင်းမဟုတ်ဘဲ ကဏ္ဍ၏ ပါဝင်မှုပြောင်းလဲခြင်း တစ်နည်းအားဖြင့် စီးပွားရေးပုံသဏ္ဌာန်ပြောင်းလဲခြင်းသာ ဖြစ်ပါကြောင်း၊ အဆိုပါကဏ္ဍ သုံးခုအနက် ကဏ္ဍတစ်ခုခုမှ တိုးတက်မှုနှုန်း လျော့နည်းမှသာ အဆိုပါကဏ္ဍ၏ GDP လျော့နည်းမည်ဖြစ်ပါကြောင်း၊ ကဏ္ဍကြီးများ၏ ပါဝင်မှုလျော့နည်းခြင်းကြောင့် Aggregate Expenditure တွင် ဖော်ပြသကဲ့သို့ လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုကျဆင်းခြင်းမဟုတ်ပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးသန်းအေး(ခ) ဦးတင်ဦး၏ အကြံပြုချက်နှင့်စပ်လျဉ်း၍ စီးပွားရေးဆိုင်ရာများအပြင် လူမှုရေးဆိုင်ရာများ ထည့်သွင်းဖော်ပြနိုင်ရေးနှင့်စပ်လျဉ်းပြီး ၂၀၂၅-၂၀၂၆ အမျိုးသားစီမံကိန်း နှစ်ပတ်လည်အစီရင်ခံစာ စာမျက်နှာ(၁၇၊ ၁၈)တွင် လူမှုရေးဆိုင်ရာအချက်အလက်များကို ထည့်သွင်းထားရှိပြီးဖြစ်ပါကြောင်း၊ လူမှုရေးဆိုင်ရာအချက်အလက်အများစုပါဝင်သည့် ***စာမျက်နှာ ၉ သို့***

စာမျက်နှာ ၈ မှ

SDG Indicator Report ကို နှစ်စဉ် Update ပြုလုပ်ထားပြီး အဆိုပါ SDG အစီရင်ခံစာတွင် လူမှုရေးဆိုင်ရာ အချက်အလက်များ ပါရှိပြီးဖြစ်သည့်အတွက် လူမှုရေးဆိုင်ရာ အချက်အလက်များကို အဆိုပါအစီရင်ခံစာတွင် ရရှိနိုင်ပါကြောင်း။

ချင်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၁) ပီကျိန်ဒိုက်မန်၏ အကြံပြုချက်နှင့် စပ်လျဉ်း၍ ချင်းပြည်နယ်အတွင်း ဒေသအလိုက် အားသာချက်နှင့် အလားအလာရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကိုဖော်ထုတ်၍ ဦးစားပေးစီမံကိန်းများ ချမှတ်သင့်ကြောင်းနှင့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးရေးနှင့် စပ်လျဉ်း၍ ချင်းပြည်နယ်အတွင်း မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိရစ္ဆာန်ကျန်းမာရေး ကာကွယ်စောင့်ရှောက်ပေးခြင်း၊ နည်းပညာပံ့ပိုးပေးခြင်း၊ အရင်းအနှီးပံ့ပိုးပေးခြင်း၊ မျိုးရရှိရေး စီမံဆောင်ရွက်ပေးခြင်း၊ သင်တန်းပေးခြင်း၊ ဒေသစားရေရိက္ခာ ဖူလုံရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပိုးချည်ကဏ္ဍ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်မှ လိုအပ်ချက်များ ပံ့ပိုးပေးခြင်း၊ ဌာနပိုင်ပိုးစာခြံများမှ တောင်သူများအား နည်းပညာပေးခြင်းနှင့် ပိုးထွက်ထုတ်ကုန်များ စျေးကွက်ရောင်းချနိုင်သည်အထိ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ကြည့်မြင်တိုင် မဲဆန္ဒနယ်မှ ဦးခင်လှိုင်၏ အကြံပြုချက်နှင့်စပ်လျဉ်း၍ လက်ရှိတွင် ဌာနဆိုင်ရာ အသီးသီး၌ ဌာနတွင်း စာရင်းစစ်အဖွဲ့ကို သီးခြားဖွဲ့စည်းပြီး လွှတ်လပ်စွာဖွဲ့စည်းစစ်ဆေးခြင်း၊ ဝန်ကြီးဌာနအတွင်း ဦးစီးဌာနအချင်းချင်း အပြန်အလှန်စစ်ဆေးခြင်း၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနက မြေပြင်ကွင်းဆင်းစစ်ဆေးပြီး စီမံကိန်းများ အကောင်အထည်ဖော်မှုအခြေအနေကို (၃)လပတ်အလိုက် အချိန်နှင့်တစ်ပြေးညီ အစီရင်ခံခြင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှလည်း Real Time Audit စနစ်ဖြင့် စစ်ဆေးလျက်ရှိခြင်း စသည့် Check ၊ Recheck ၊ Counter Check ပုံစံဖြင့် ဆောင်ရွက်လျက်ရှိပါသဖြင့် လမ်းစဉ်ပါတီခေတ် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ကဲ့သို့ သီးခြားအဖွဲ့အစည်းတစ်ခုဖွဲ့စည်းရန်မလိုအပ်ပါကြောင်း၊ စာရင်းများစုစည်းရာ၌ အထက်အောက် ဘေးတိုက် စုစည်းမှုများဖြင့် ဆောင်ရွက်လျက်ရှိသည့်အပြင် ဌာနများမှ ကောက်ခံထားသည့် စစ်တမ်း (Survey) များ၊ လေ့လာမှု(Case Study)များကို အခြေခံ၍ကိန်းဂဏန်း စုစည်းမှုများ ရယူလျက်ရှိပါကြောင်း။

မလှိုင် မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ အကြံပြုချက်နှင့်စပ်လျဉ်း၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ် (Public Transportation)ကို နိုင်ငံတော်၏ လုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ရသော ဌာနဖြစ်ပြီး နိုင်ငံတော်၏ပို့ဆောင်ရေးကဏ္ဍကို အထောက်အကူပြုနိုင်စေရန် အခြားသော ပုဂ္ဂလိကရေယာဉ်များနှင့် ယှဉ်ပြိုင်ပြေးဆွဲခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အကျိုးအမြတ်ရရှိမှုကို ဦးစားပေးဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ပြည်သူများ၏ လမ်းပန်းဆက်သွယ်သွားလာမှုအဆင်ပြေချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေး၊ စရိတ်စကသက်သာစေရေးတို့အတွက် အဓိကရည်ရွယ် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဌာနအနေဖြင့် လျာထားဝင်ငွေပြည့်မီစေရေးအတွက် ဌာနပိုင်သင်္ဘောကျင်းများတွင် ပုဂ္ဂလိကရေယာဉ်များကို အသစ်တည်ဆောက်ပေးခြင်း၊ လွှန်းတင်ပြင်ဆင်ပေးခြင်းဖြင့် ဝင်ငွေပိုမိုရရှိအောင် ဆောင်ရွက်ခြင်း၊ ဌာနပိုင် ဇက်ရေယာဉ်တစ်စင်းအား ၂၀၂၅ ခုနှစ် စက်တင်ဘာလမှ စတင်ကာ Public Private Partnership – PPP ၏ နည်းလမ်းတစ်ခုဖြစ်သည့် Renovate Operate Transfer – ROT နည်းလမ်းဖြင့် အကျိုးတူပူးပေါင်း၍ ကမ်းရိုးတန်းသွားကုန်တင်ရေယာဉ်အဖြစ် အကြီးစားပြုပြင်ပြီး ဝင်ငွေရှာဖွေပေးနိုင်ခဲ့ခြင်းတို့ကြောင့် သတ်မှတ်ပေးထားသော ဝင်ငွေရှာဖွေရမည့်ပမာဏထက် ပြည့်မီကျော်လွန်အောင် ရှာဖွေပေးနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားပို့ဆောင်ရေးလုပ်ငန်းသည် အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်း (Public Transportation)ဖြစ်သည့်အတွက် နိုင်ငံတကာတွင် အစိုးရမှ အရှုံးခံပြေးဆွဲပေးနေသော လုပ်ငန်းဖြစ်ပါကြောင်း၊ ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးသည် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ၇၀၀ ဒသမ ၂၅ ရာခိုင်နှုန်းရှိရာမှ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ၃၂၆ ဒသမ ၈၂ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ပါကြောင်း၊ လာမည့်ဘဏ္ဍာရေးနှစ်များတွင်လည်း ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးလျှော့ချနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးနှင့် ရထားပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် နိုင်ငံတော်မှအရှုံးသက်သာစေရေး နည်းလမ်းရှာဖွေဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောက်ကြီး မဲဆန္ဒနယ်မှ ဦးဟံသာဝင်း၏ အကြံပြုချက်နှင့်စပ်လျဉ်း၍ စီမံကိန်းများ ရေးဆွဲရာတွင် သက်ဆိုင်ရာဒေသရှိ ပြည်သူများ၏ လိုလားချက်၊ အမှန်တကယ် လိုအပ်ချက်နှင့် ရေရှည်လူမှုစီးပွားအကျိုးရရှိမှုတို့အပေါ် အခြေပြု၍ ဦးစားပေးအစီအစဉ်များဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အမှန်လုပ်သင့်လုပ်ထိုက်သည့် ကိစ္စရပ်များကို ကိုယ်စားလှယ်များ၏ တင်ပြချက်များအပေါ်၌ စီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ပါ၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၁/၂၀၂၆) ပါ အကြံပြုချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို အလေးထားပြီး ပိုမိုပြည့်စုံကောင်းမွန်သည့် အစီရင်ခံစာဖြစ်လာစေရေးအတွက် အစဉ်ကြိုးပမ်းလျက်ရှိပါကြောင်း၊ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း နှစ်ပတ်လည်အစီရင်ခံစာကို မှတ်တမ်းတင်ပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၁/၂၀၂၆) ကို လွှတ်တော်က သဘောတူလက်ခံရန် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးတေဇကျော်က အဆိုတင်သွင်းရာ ပြည်ထောင်စုလွှတ်တော် နာယကက လွှတ်တော်၏ သဘောထားရယူရာ သဘောတူသဖြင့် အတည်ပြုကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းနှင့် နှစ်ပတ်လည်အစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၂/၂၀၂၆) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ**နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက အစီရင်ခံစာ အပိုဒ် ၁၆ (ဃ) နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဖွဲ့အစည်းများအနေဖြင့် အဆောက်အဦ၊ ဆိုင်ခန်း၊ မြေငှားရမ်းခနှုန်းထားများ ခေတ်နှင့်အညီဖြစ်စေရန် စာချုပ်စာတမ်းများအား ပြန်လည်သုံးသပ်ပြီး နှုန်းထားများ ကာလပေါက်စျေးနှင့်အညီ တိုးမြှင့်လာပါက နိုင်ငံတော်၏ ဝင်ငွေတိုးမြှင့်လာနိုင်သည်သာမက ယင်းတန်ဖိုးများအပေါ်တွင် တံဆိပ်ခေါင်းခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်များကို ဥပဒေနှင့်အညီ တိုးတက်ကောက်ခံရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အခွန်နှုန်းထားတိုးမြှင့်ခြင်းမပြုဘဲ အခွန်အခြေကျယ်ပြန့်၍ အခွန်အခများ တိုးတက်ရရှိလာနိုင်မည်ဖြစ်ပါသဖြင့် သုံးသပ်ချက်များအပေါ် ထောက်ခံပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၆ (ဃ)နှင့်အပိုဒ် ၁၇(ဌ)နှင့် စပ်လျဉ်း၍ပြည်ပနိုင်ငံများရှိလုပ်ငန်းများမှ ကောက်ခံရရှိသည့် နိုင်ငံခြားငွေများဖြစ်သော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဗီဇာခရငွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးမှုမှုရငွေ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ဝင်ငွေခွန်ရငွေနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ နိုင်ငံကူးလက်မှတ်ခရငွေတို့ကို ပြည်ပရှိသံရုံးများ၏ ယာယီငွေစာရင်းတွင် ထည့်သွင်းထားပါကြောင်း၊ ယာယီငွေစာရင်းတွင် ထည့်သွင်းထားသည့်ငွေများအား ပြန်လည်လွှဲမပို့မီ ဌာန၊ အဖွဲ့အစည်းများ၏ နိုင်ငံခြားငွေဖြင့် ပေးချေရမည့် အချို့အသုံးစရိတ်များအား အဆိုပါယာယီငွေစာရင်းတွင် ထည့်သွင်းထားသည့်ငွေမှ ကျခံသုံးစွဲရန် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသို့ ခွင့်ပြုမိန့်တောင်းခံလာပါက စိစစ်ပြီး ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ယာယီငွေစာရင်းမှ ကျခံသုံးစွဲမည့် အသုံးစရိတ်အား တစ်ဖက်အဖွဲ့အစည်းသို့ လွှဲပြောင်းပေးချေပြီးပါက ယင်းနိုင်ငံခြားငွေနှင့်ညီမျှသော မြန်မာကျပ်ငွေအား သက်ဆိုင်ရာ ဝင်ငွေရရှိသည့်ဌာန၏ ငွေစာရင်းသို့ ပေးသွင်းရပါကြောင်း၊ ဝင်ငွေရရှိသည့် ဌာနများအနေဖြင့် အဆိုပါပေးသွင်းလာသည့် ငွေများအား သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်၏ ရငွေစာရင်းတွင် ဖော်ပြဆောင်ရွက်လျက်ရှိပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၇ (က)နှင့်စပ်လျဉ်း၍ ရငွေ၊ သုံးငွေများ စိစစ်နိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအား အရအသုံး ခန့်မှန်းခြေငွေစာရင်းများရေးဆွဲနိုင်ရေးအတွက် ဘတ်ဂျက်အမှာစာနှင့် အရအသုံးခန့်မှန်းခြေငွေစာရင်းများရေးဆွဲရာတွင် လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များကို နှစ်စဉ်ထုတ်ပြန်ပြီး အဆိုပါညွှန်ကြားချက်များနှင့်အညီ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၇ (ခ)နှင့်စပ်လျဉ်း၍ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ် (ယာယီအမှန်စာရင်း)တွင် ကုန်သွယ်မှုစာရင်းအရ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းပေါင်း အခု ၃၀ (မြန်မာနိုင်ငံတော်ဗဟိုဘဏ်အပါ) ရှိသည့်အနက် အမြတ်ပေါ်သည့် အဖွဲ့အစည်း ၂၃ ခု၊ အရှုံးပေါ်သည့်အဖွဲ့အစည်းခုနစ်ခု ရှိပါကြောင်း၊ မြန်မာ့မီးရထား၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် မြန်မာအမျိုးသားလေကြောင်းတို့သည် ဘဏ္ဍာရေးအခြေအနေအရ အရှုံးဖြစ်ပေါ်နေသော်လည်း ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုများအတွက် မှီခိုအားထားရာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဖြစ်ပါသဖြင့် အရှုံးလျှော့နည်း၍ လုပ်ငန်းစွမ်းဆောင်ရည် ကောင်းမွန်မှုရှိလာစေရန် သက်ဆိုင်ရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် အရှုံးဖြစ်ပေါ်ရခြင်းမှာ နိုင်ငံခြားသို့ သစ်အလုံးလိုက်တင်ပို့မှုမရှိခြင်း၊ သစ်ထုတ်လုပ်မှုများ ကျဆင်းခဲ့၍ ဝင်ငွေကျဆင်းခဲ့ခြင်း၊ သစ်ထုတ်လုပ်မှုစရိတ်များ တိုးမြင့်လာခြင်းနှင့် ၎င်း၏ လုပ်ငန်းဆောင်ရွက်မှုရငွေသည် ဆောင်ရွက်မှုကုန်ကျစရိတ်ကိုပင် ကာမိနိုင်မှုမရှိခြင်းတို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနက အရှုံးလျှော့နည်း၍ အမြတ်ပေါ်ပေါက်စေရန် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအနေဖြင့် အရှုံးဖြစ်ပေါ်နေသည့် အဖွဲ့အစည်းသုံးခု၏ နိုင်ငံပိုင်စက်ရုံအချို့ကို ပုဂ္ဂလိကသို့ငှားရမ်းခြင်း၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း၊ အကျိုးတူဆောင်ရွက်ရန် ဖိတ်ခေါ်ထားခြင်းများဆောင်ရွက်၍ အရှုံးဖြစ်ပေါ်နေမှုကို သက်သာစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၇ (ဂ)နှင့်စပ်လျဉ်း၍ ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း တင်ပြချိန်တွင် ကြွေးမြီနှင့် GDP အချိုးတွက်ချက်နိုင်ရန် ကြွေးမြီလက်ကျန်အား ပြည့်ပြည့်စုံစုံရှင်းလင်း တင်ပြသွားမည်ဖြစ်ပါကြောင်း။

အစီရင်ခံစာ အပိုဒ်၁၇ (ဃ)နှင့် အပိုဒ် ၁၇(င)တို့နှင့်စပ်လျဉ်း၍ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေများသည် BE ၏ ၁၀ ရာခိုင်နှုန်းအထက် တောင်းခံရခြင်းသည် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် မန္တလေးငလျင်လှုပ်ခတ်မှုကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်၊ အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် စက်ရုံ၊ အလုပ်ရုံများ၊ လမ်း/တံတားနှင့် ကျောင်း၊ အဆောက်အအုံများ ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ရန်သုံးစွဲရခြင်းကြောင့် ဖြစ်ပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၇ (စ)နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းတွင် ခွင့်ပြုထားသောရန်ပုံငွေဖြင့် မလုံလောက်ခြင်းကြောင့် ထပ်မံလိုအပ်သော အသုံးစရိတ်များကို မူလခွင့်ပြုငွေအတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းနှင့် အထွေထွေပိုလျှံရန်ပုံငွေ (GRF)မှ လွှဲပြောင်းသုံးစွဲခြင်းတို့ကို ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်ပြီး မဖြစ်မနေလိုအပ်မှသာ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံရန် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများသို့ နှစ်စဉ် ဖြည့်စွက် ခွင့်ပြုငွေတောင်းခံခြင်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်သည့်အမှာစာတွင် တစ်ပါတည်း ထည့်သွင်းအကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ဖြည့်စွက်ခွင့်ပြုငွေများကို စိစစ်ရာတွင်လည်း ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေများကို အဆိုပါညွှန်ကြားချက်နှင့်အညီ စိစစ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၇ (ဆ) နှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ အခွန်ရငွေတွင် အများဆုံးပါဝင်လျက်ရှိသည့် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ရငွေများ တိုးတက်ကောက်ခံရရှိရေးအတွက် အခွန်နှုန်းကို မတိုးမြှင့်ဘဲ အခွန်အခြေနှင့် အခွန်နယ်ပယ် (Tax Base) ကို ချဲ့ထွင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အခွန်ပေးဆောင်ထိုက်သော ဝင်ငွေရှိသည့်သူအားလုံးက မိမိတို့ကိုယ်တိုင် အခွန်တွက်ချက် ပေးဆောင်စေနိုင်သည့် (Self Assessment System – SAS) ကိုယ်တိုင် စည်းကြပ်သည့် အခွန်စနစ်ကိုကျင့်သုံးသည့်ရုံးများ တိုးချဲ့အသုံးပြုနိုင်ရေး ပြုပြင်ပြောင်းလဲမှုများကို စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါစနစ်ကို မြို့နယ်ရုံးများအထိ ကျင့်သုံးနိုင်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော အခွန်အသိပညာပေးခြင်းလုပ်ငန်း (Tax Awareness Campaign) များကို ရက် ၁၀၀ ကာလအတွင်း တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတွင် တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ပြီး ပညာပေးလုပ်ငန်းများကို နှစ်အလိုက် အစီအစဉ်ချမှတ်ကာ ဆောင်ရွက်လျက်ရှိကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၇ (ဇ) နှင့် အပိုဒ် ၁၇(ဈ)တို့နှင့်စပ်လျဉ်း၍ နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရာတွင် လိုက်နာရမည့် ညွှန်ကြားချက်၌ နှစ်အတွင်း အမှန်တကယ်ဆောင်ရွက်ပြီးစီးနိုင်မည့် လုပ်ငန်းပမာဏကိုသာ လျာထားဆောင်ရွက်ရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပစ္စည်းဝယ်ယူရေးလုပ်ငန်းစဉ်များကို အချိန်မီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံး၏ အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်းတို့နှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၇ (ည)နှင့်စပ်လျဉ်း၍ "၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် အရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲခြင်းအတွက် နိုင်ငံခြားငွေလဲလှယ်နှုန်း (Budgetary Assumption Rate) အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်းဖြစ်သော အမေရိကန်တစ်ဒေါ်လာလျှင် ငွေကျပ် ၂,၁၀၀ နှုန်းဖြင့်သာ တွက်ချက်ခြင်းဖြစ်ပါကြောင်း၊ စီမံကိန်းအလိုက် ရည်မှန်းချက်လုပ်ငန်းတာဝန်များ အချိန်မီပြီးစီးရန်နှင့် နိုင်ငံ့ဘဏ္ဍာငွေများ အလဟဿဆုံးရှုံးခြင်းမဖြစ်ပေါ်စေရန်အတွက် ဘဏ္ဍာရေးမူဝါဒ (Fiscal Policy)ကို နိုင်ငံတော်၏ မူဝါဒနှင့်အညီ နှစ်စဉ်ပြောင်းလဲပြင်ဆင်ရေးဆွဲလျက်ရှိပြီး ဦးစားပေး

စာမျက်နှာ ၁၀ သို့

စာမျက်နှာ ၉ မှ

ကဏ္ဍ၊ ဦးစားပေးအစီအစဉ်များပြောင်းလဲ၍ ရေးဆွဲလျက်ရှိပါကြောင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ အနေဖြင့်လည်း ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း၊ တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာသွားရန် လိုအပ်ပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၇(ဠ) နှင့်စပ်လျဉ်း၍ ပြည်ပချေးငွေဖြင့် စီမံကိန်း/လုပ်ငန်းများဆောင်ရွက်ရာတွင် စီမံကိန်းအကောင်အထည်ဖော်မည့် ဌာန/အဖွဲ့အစည်းအနေဖြင့် စီမံကိန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကာလအတွင်း၌ သက်ဆိုင်ရာ မြီရှင်နိုင်ငံ/အဖွဲ့အစည်းများ၏ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ပါကြောင်း၊ သက်ဆိုင်ရာ ချေးငွေထုတ်ယူသုံးစွဲသည့် ဌာန/အဖွဲ့အစည်းများ အနေဖြင့်စီမံကိန်းအလိုက်အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ် (Work Plan) အပေါ် မူတည်၍ ချေးငွေစာချုပ်ပါ ချေးငွေထုတ်ယူမည့် ကာလအတွင်း ချေးငွေထုတ်ယူသုံးစွဲမည့်အစီအစဉ် (Disbursement Plan) ကို ရေးဆွဲပါကြောင်း၊ ချေးငွေဖြင့်ဆောင်ရွက်သည့် စီမံကိန်းများကြီးကြပ်နိုင်ရန်အတွက် သက်ဆိုင်ရာ ချေးငွေသုံးစွဲသည့် ဌာန/အဖွဲ့အစည်းများက Project Management Unit (PMU) Project Implementation Unit(PIU) တို့ ဖွဲ့စည်းထားရှိဆောင်ရွက်ပါကြောင်း။

ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာနှင့် ဘတ်ဂျက်ရေးဆွဲခြင်းတွင် ဝန်ကြီးဌာန၊ အဖွဲ့အစည်းအလိုက် ရေးဆွဲသုံးသပ်ခြင်းဖြစ်ပြီး ကဏ္ဍအလိုက် ရေးဆွဲခြင်းမဟုတ်ပါကြောင်းနှင့် အမျိုးသားစီမံကိန်း ရေးဆွဲရာတွင် ကဏ္ဍအလိုက်ရေးဆွဲခြင်း ဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာတွင် ဝန်ကြီးဌာန၊ အဖွဲ့အစည်းအလိုက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း လျာထားမှုနှင့် အမှန်တကယ်သုံးစွဲမှုများကို သုံးသပ်ဖော်ပြခြင်းဖြစ်ပါကြောင်းနှင့် အဆိုပါအစီရင်ခံစာကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တင်ပြခြင်းဖြစ်ပါကြောင်း၊ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းတွင်လည်း မူလခန့်မှန်းခြေငွေစာရင်းပါ လျာထားငွေများအား ဈေးနှုန်းပြောင်းလဲခြင်း၊ နေရာဒေသအခြေအနေအရ မဆောင်ရွက်နိုင်ခြင်းကြောင့် ပိုငွေဖြစ်ပေါ်ခြင်းကိုသာ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းဖြစ်ပါကြောင်း။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာတွင် အရင်းပြန်ဆပ်ငွေကို ကြွေးမြီအသုံးစရိတ်တွင်လည်းကောင်း၊ အတိုးပေးငွေကို သာမန်အသုံးစရိတ်တွင်လည်းကောင်း သီးခြားထည့်သွင်းဖော်ပြထားပါကြောင်း။

သို့ဖြစ်ပါ၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာအမှတ်စဉ်(၂/၂၀၂၆) အပေါ် သဘောထားမှတ်ချက်များနှင့် ဆွေးနွေးချက်များအပေါ် မှတ်သားထားရှိ၍ ဆက်လက်သုံးသပ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အဆိုပါ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၂/၂၀၂၆) ကို လွှတ်တော်က သဘောတူလက်ခံရန် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ရောဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဦးချစ်ဆွေက အဆိုတင်သွင်းရာ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏သဘောထားရယူရာ သဘောတူသဖြင့် အတည်ပြုကြောင်းနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးအဋ္ဌမနေ့ကို နိုဝင်ဘာ ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၆) ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့်ရရှိကြသည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ထိုက်တန်စွာချီးမြှင့်ပေးအပ်

နေပြည်တော် အောက်တိုဘာ ၃၀

"နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်" ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၆)တွင် မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးသွင်း၍ နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို နိုင်ငံ့သားကောင်းများပီသစွာ စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်းများသည် ယခုအခါ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

အလားတူ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်နေသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန် ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစား ယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ ပြည်သူ့စစ်မှုထမ်း တာဝန်ထမ်းဆောင်လျက် ရှိသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးလျက်ရှိသည်။ ထို့အတူ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်နေသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစား ယူခဲ့သူဖြစ်ပါက လည်းကောင်း အဆိုပါပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်လျက်ရှိသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးလျက်ရှိသည်။

ထိုသို့ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၆) မှ ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့်ရရှိကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၇) မှ အမှတ်စဉ် (၁၄) အထိ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ပုံစံ(၁၂)ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သတ်မှတ် စစ်မှုထမ်းကာလကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးမြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများအသီးသီး ပြောကြားကြသည်။ ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက စစ်မှုထမ်း တာဝန်ကျေပွန်စွာ ထမ်းဆောင်၍ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား လက်ဖက်ရည်ဝိုင်းများ၊ ဂုဏ်ပြုနေ့လယ်စာများဖြင့် တည်ခင်းဧည့်ခံ၍ နိုင်ငံ့သားကောင်းစစ်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သတ်မှတ် စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့်ရရှိကြသည့် ပြည်သူ့ စစ်မှုထမ်းများအနေဖြင့် ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက် စွန့်လွှတ် အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ခဲ့ကြသူများအဖြစ်လည်းကောင်း၊ နိုင်ငံကြီးသားပီသစွာဖြင့် ဥပဒေပါ တာဝန်များကို ကျေပွန်ခဲ့ကြသူများအဖြစ်လည်းကောင်း သမိုင်းဝင်ကမ္ပည်းမော်ကွန်းထိုးမှတ်တမ်းဝင်ခဲ့ကြပြီဖြစ်သည်။ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့ စစ်မှုထမ်းဆောင်စဉ် ကာလတစ်လျှောက်တွင် ရသင့် ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများ ရရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးခဲ့သည့် အပြင် နိုင်ငံတော်အတွက် လိုအပ်နေသည့်အချိန်တွင် အသက်ကို ပဓာနမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏ အရန်အင်အားအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့် တပ်မတော်က တန်ဖိုးထားလေးစားဂုဏ်ပြုလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလ ပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင်(သို့) အလားတူ ရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။ ထို့ပြင် သတ်မှတ် စစ်မှုထမ်းကာလ ပြည့်မြောက်ပြီးသူများအနေဖြင့် အလုပ်အကိုင်ရရှိရေးများနှင့် ပတ်သက်၍လည်း ၎င်းတို့ ဆန္ဒရှိပါက သက်ဆိုင်ရာ ဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်း သင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပ ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ရေးတို့အတွက် "စစ်မှုထမ်းတာဝန် ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှု ကော်မတီ"က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ပြည်ပ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်း အချို့အနေဖြင့် သက်ဆိုင်ရာ ရုံး၊ ဌာနများနှင့် လုပ်ငန်းခွင်များတွင် ဝင်ရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းအချို့သည်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်ကြသည်များလည်းရှိကြကြောင်း သိရှိရသည်။

ယခုကဲ့သို့ နိုင်ငံ့တာဝန်ကို သစ္စာရှိစွာ ထမ်းဆောင်ခဲ့ကြပြီး သတ်မှတ်တာဝန်ကာလ ပြည့်မြောက်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်းသည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် မိမိတို့၏ အခန်းကဏ္ဍကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများ၏ကြိုးပမ်းအားထုတ်မှု၊ အနစ်နာခံမှုနှင့် တာဝန်သိစိတ်တို့ကို လေးနက်စွာ အသိအမှတ်ပြုဂုဏ်ပြုခြင်းပင်ဖြစ်ပြီး လက်ရှိတာဝန် ထမ်းဆောင်လျက်ရှိကြသည့် ပြည်သူ့စစ်မှုထမ်းများ၊ သင်တန်း တက်ရောက်လျက်ရှိကြသည့် လူငယ်လူရွယ်များသာမက နောင်လာမည့် မျိုးဆက်သစ်လူငယ်များအတွက်ပါ နိုင်ငံသားတစ်ဦး၏တာဝန်သိစိတ်၊ စည်းကမ်းလိုက်နာမှုနှင့် မိမိထမ်းဆောင်ရမည့်တာဝန်အပေါ် အလေးထားမှုတို့ကို စံနမူနာကောင်းတစ်ခုဖွယ်တည်ရှိနေမည်ဖြစ်သည်။

သတ်မှတ်ကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများ၏ စကားသံများကို ယခုကဲ့သို့ကြားသိရပါသည် -

ပြည်သူ့စစ် ၁

ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့တဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံသားကောင်း တစ်ယောက် နိုင်ငံတော်က ချမှတ်ထားတဲ့ ဥပဒေကို လိုက်နာဆောင်ရွက်ပြီးတော့ တာဝန်ထမ်းဆောင်ခဲ့တာဖြစ်ပါတယ်။ တာဝန်ထမ်းဆောင်ခဲ့တဲ့ကာလ ၂ နှစ်တာအတွင်းမှာလည်း အဖွဲ့အစည်းနဲ့ပတ်သက်တဲ့ အတွေ့အကြုံတွေကတော့ အများကြီးရခဲ့ပါတယ်။ တာဝန်ထမ်းဆောင်လာမယ့် ကျွန်တော်တို့ ညီတော်မောင်တွေကိုလည်း ကျွန်တော်တို့က လက်ကမ်းကြိုပါတယ်ဗျ။ အဖွဲ့အစည်းရဲ့ စိတ်ဓာတ်ကိုလည်း သိရှိအောင်ပေါ့။ ဘာမှလည်း ခက်ခဲတဲ့ အရာတစ်ခုမဟုတ်ဘူး ကိုယ်က ဒီနိုင်ငံမှာနေပြီးတော့ ဒီဥပဒေအတိုင်း လိုက်သွားရမှာဖြစ်တဲ့အတွက် အားလုံးကို လာခဲ့ပါလို့ လက်ကမ်းကြိုပါတယ်။

ပြည်သူ့စစ် ၂

ကျွန်တော် ဒီပြည်သူ့စစ်မှုထမ်းကို ဝင်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံနဲ့ လူမျိုးကို ကာကွယ်ဖို့အတွက်နဲ့ အမျိုးဘာသာ သာသနာအတွက်ကို ကာကွယ်ချင်တဲ့အတွက် ဝင်ရောက်ခြင်း ဖြစ်ပါတယ်။ ကျွန်တော့်အတွေ့အကြုံကတော့ ရှေ့တန်းပေါ့၊ စခန်းကုန်းတွေမှာ တာဝန်ပေးတဲ့အချိန်ဆို သူငယ်ချင်းတွေနဲ့ စည်းစည်းလုံးလုံး၊ စွန့်စွန့်စားစား အကုန်လုံး ဝိုင်းဝန်းတိုက်ခိုက်ကြပါတယ်။ ဒီဂုဏ်ပြုလက်မှတ်ရတာကို ကျွန်တော် အတိုင်းမသိဝမ်းသာပါတယ်။ ကျွန်တော်တို့ ဒီဆုလက်မှတ်ရဖို့ဆိုတာ ချွေးနဲ့ သွေးနဲ့ ရင်းပြီးမှ ရရှိခဲ့တာဖြစ်ပါတယ်။

ပြည်သူ့စစ် ၃

တာဝန်ကျတဲ့ တပ်မှာတော့ ကျွန်တော်တို့က သင်တန်းဆင်းပြီးတော့ လေယာဉ်တွေ အကြောင်းကို လေ့လာတယ်။ လေယာဉ်နဲ့ သက်ဆိုင်တဲ့ လုပ်ငန်းတွေကို လေ့လာတယ်ခင်ဗျ။ အတွေ့အကြုံကတော့ အပြင်လောကမှာ မမြင်ဖူးတဲ့ လေယာဉ်တွေ အကြောင်းကို လေ့လာတဲ့ အတွေ့အကြုံလေးတွေရှိပါတယ်။ အမှတ်တရကတော့ သူငယ်ချင်းတွေနဲ့ အတူ စုပေါင်းပြီးတော့ အလုပ်လုပ်ရတဲ့အတွက်လည်း ဂုဏ်ယူပါတယ်။ ၂ နှစ်တာကာလ တာဝန်ပြီးမြောက်လို့ ပေးအပ်တဲ့ဂုဏ်ပြုလွှာအတွက်လည်း အများကြီး ကျေးဇူးတင်ပါတယ်။

သတင်းစဉ်

စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ပုံစံ(၁၂)နှင့် ပြည်သူ့စစ်မှုထမ်း တံဆိပ်ချီးမြှင့်

မြစ်ကြီးနား အောက်တိုဘာ ၂၀

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ပုံစံ (၁၂)နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက တိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဒုတိယတိုင်းမှူး၊ မြစ်ကြီးနားတပ်နယ်မှူးနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က သတ်မှတ်ကာလအတွင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် စစ်သည်များအား ပြည်သူ့စစ်မှုထမ်းတံဆိပ်တပ်ဆင်ပေးကာ ထောက်ပံ့ချီးမြှင့်ငွေ၊ ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ပုံစံ (၁၂)နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်တို့နှင့်အတူ စီတာပူမနောကွင်းအတွင်း ဖွင့်လှစ်ပြသ ရောင်းချလျက်ရှိသည့် သီတင်းကျွတ် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် တတိယနေ့ ပြုလုပ်ကျင်းပရောင်းချနေမှုကို သွားရောက်အားပေးကြပြီး စိုက်ပျိုးရေးဦးစီးဌာန၏ ဒေသထွက်သီးနှံပြခန်း၌ မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာစခန်းများမှ အိမ်ထောင်စုများ၊ လူမှုကူညီရေးအသင်းအဖွဲ့များအတွက် ဟင်းသီးဟင်းရွက်သီးနှံ အမယ်စုံတို့ကို ပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်းချုပ်တို့ ပူးပေါင်း၍ ကချင်ရိုးရာ ကောက်သစ်စားပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပရေးအတွက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသည်။

နံနက် ၆ နာရီကလည်း မြစ်ကြီးနားမြို့ ပလနကျေးရွာအုပ်စု ငွေပျော်စံပြကျေးရွာအနီးရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးသိန်းဟန်နှင့် အစုအဖွဲ့များ၏ ကြက်မွေးမြူရေးခြံတွင် အသားတိုးကြက်များ မွေးမြူထားရှိမှုနှင့် ကြက်ခြံသစ် တိုးချဲ့တည်ဆောက်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှု၊ ပလန-၅ ကျေးရွာအတွင်းရှိ ငါးမွေးမြူရေးကန်ဟောင်းနေရာအား ငါးကန်များ ပြုပြင်ထိန်းသိမ်းပြီး ငါးများ မွေးမြူဆောင်ရွက်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိုဦး တန်ဆောင်တိုင်ပွဲတော်ကပြမည့်ယိမ်းအဖွဲ့များကို အလှူငွေပေးအပ်

ပြည် အောက်တိုဘာ ၂၀

ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိုဦးနှင့်အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက ပြည်မြို့သို့ ရောက်ရှိပြီး တန်ဆောင်တိုင်ပွဲတော် မြတ်စွယ်တော်မြို့တွင်းလှည့်လည်အပူဇော်ခံပွဲတွင် ပါဝင်ကပြမည့် ဆင်စုရပ်ကွက်မှ မင်္ဂလာထိုးဆင်အဖွဲ့ ဆင်အကလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးကာ လွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီးတို့က အလှူငွေများ ပေးအပ်သည်။

ထို့နောက် မြတ်စွယ်တော်မြို့တွင်းလှည့်လည်အပူဇော်ခံပွဲတွင် ရွာဘဲရပ်ကွက် ကိုယ်စားပြု ပါဝင်ကပြမည့် "တူယှဉ်ကာန္တဲရွှေရွာဘဲ " ယိမ်းအကအလှအဖွဲ့၏လေ့ကျင့်နေမှု၊ ခေတ္တရာရပ်ကွက်ရှိ "ပြုံးပန်းဝေဆာခေတ္တရာ" အမည်ဖြင့် ခေတ္တရာမြို့သစ်ရပ်ကွက်ကိုယ်စားပြုယိမ်းလေ့ကျင့်နေမှုနှင့် ကျောင်းကြီးအိုးတန်းရပ်ကွက် ထျန့်ဟိုကုန်းခန်းမ၌ "တရုတ်အမျိုးသားယိမ်း" အဖွဲ့နှင့် ကျောင်းကြီးအိုးတန်းရပ်ကွက်ကိုယ်စားပြု "သမ္မဂယုဝလေ့တော်" ယိမ်းလေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး အလှူငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သူရအောင် (ပြည်)**

တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၃) (ပထမနေ့) ကျင်းပ

မော်လမြိုင် အောက်တိုဘာ ၂၀

တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၃) (ပထမနေ့) ကို ယနေ့ နံနက် ၁၀ နာရီတွင် မွန်ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာအပေါ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ်က ပေးပို့ထားသည့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးမည့် တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်၏ အမည်စာရင်းအား လွှတ်တော်သို့ တင်ပြပြီး အမည်စာရင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူကာ ပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး (၁/၂၀၂၃) (ပထမနေ့)ကို ရပ်နားခဲ့သည်။ **စည်သူ(ပြန်/ဆက်)**

ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်း Naypyitaw State Academy သို့သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၀

ဆရာ ဆရာမများ အနေဖြင့် Naypyitaw State Academy တွင် အရည်အသွေး ပြည့်ဝသော သင်ကြားသင်ယူမှုလုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ တက္ကသိုလ်၏ ဥပမိရပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေးများကို လည်း ထိပ်တန်းစံပြတက္ကသိုလ်ဖြစ်အောင် အမြဲတမ်းအလေးထား ဆောင်ရွက်နေကြရန် လိုပါကြောင်း၊ တက္ကသိုလ်အတွင်း တည်ဆောက်ဆဲ အဆောက်အအုံလုပ်ငန်းများအပြင် ဆက်လက်တည်ဆောက်မည့် အဆောက်အအုံများကိုလည်း အရည်အသွေးပြည့်ဝ၍ ဥပမိရပ်ကောင်းမွန်ရေး၊ ရေရှည်ခိုင်ခံ့ရေးနှင့် သင်ကြားသင်ယူမှု လုပ်ငန်းများအတွက် လက်တွေ့ အသုံးပြုရာတွင် အဆင်ပြေအကျိုးရှိ ထိရောက်စေရေးအတွက် စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ယနေ့နံနက် ၉နာရီတွင် Naypyitaw State Academy သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက တိုက်တွန်းမှာကြားခဲ့သည်။

အဆိုပါ တက္ကသိုလ်ရှိအစည်းအဝေးခန်းမ၌ Naypyitaw State Academy ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များ၊ တွဲဖက်ပါမောက္ခများ၊ ဆရာဆရာမများနှင့် တွေ့ဆုံရာတွင် Naypyitaw State Academy ပါမောက္ခချုပ် ဒေါက်တာနုနုလွင်က တက္ကသိုလ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သိရှိလိုသည်များနှင့်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကျောင်းဝင်းအတွင်း လှည့်လည်၍ Naypyitaw State Academy ၏ Recreation Centre ၊ ဘွဲ့နှင်းသဘင်ခန်းမ၊ စာကြည့်တိုက်နှင့် Centre for Research and Innovation တည်ဆောက်မည့် မြေနေရာနှင့် "ပညာရိပ်သာ" အိမ်ရာတည်ဆောက်ရေး လုပ်ငန်းများသို့ သွားရောက်ကြည့်ရှု စစ်ဆေးကာ အဆောက်အအုံများ အရည်အသွေးပြည့်မီရေး၊ အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ရန် မှာကြား၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

ကမ္ဘာ့မြို့ကြီးများနေ့နှင့် ကမ္ဘာ့မြို့ကြီးများ၏ လူမှုစီးပွားဘဝအပြောင်းအလဲများ

မိုးမခလှိုင်(မြို့ပြ)

❂ ယခု ၂၀၂၆ ခုနှစ် ဆွေးနွေးချက်များအထိ ကြည့်ရှုပါက မြို့ပြများကို အပြင်ဘက်သို့ အဆုံးမဲ့တိုးချဲ့မည့်အစား မူလရှိပြီးသား မြို့ပြနယ်နိမိတ်အတွင်း ပြန်လည်အဆင့်မြှင့်တင်ဖွံ့ဖြိုးခြင်းနှင့် ပြည်သူတိုင်း အခြေခံအိမ်ရာနှင့် ဝန်ဆောင်မှုများကို ညီတူညီမျှရရှိစေခြင်းတို့ကို ဦးတည်လာသဖြင့် မြို့ပြနေလူထု၏ စီးပွားရေး၊ ကျန်းမာရေးနှင့် နေထိုင်မှုအရည်အသွေးများ မြင့်မားလာစေရန် တိကျစွာ ဦးတည်ဆောင်ရွက်နေကြောင်း သုံးသပ်ရရှိ

❂ နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့မြို့ကြီးများနေ့တွင် အဓိကဆွေးနွေးရမည့် ခေါင်းစဉ်များ တိကျစွာသတ်မှတ်၍ ကျင်းပခဲ့ခြင်းသည် အလွန်ပင် အကျိုးဖြစ်ထွန်းမှုရှိသည်ဟု ဆိုရပါမည်

ယနေ့ခေတ် ကမ္ဘာတစ်ဝန်းတွင် မြို့ပြများ အရှိန်အဟုန်ဖြင့် တိုးတက်လာသည်နှင့်အမျှ မြို့ကြီးများသည် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုကြီးများနှင့် ရင်ဆိုင်နေကြရပါသည်။

၂၀၂၅ ခုနှစ် စာရင်းအင်းများအရ ကမ္ဘာ့လူဦးရေ၏ ၅၇ ဒသမ ၈ ရာခိုင်နှုန်းခန့်သည် မြို့ပြများတွင် နေထိုင်နေကြပြီး ၂၀၅၀ ပြည့်နှစ်အရောက်တွင် ၇၀ ရာခိုင်နှုန်းနီးပါးအထိ မြင့်တက်လာမည်ဟု ခန့်မှန်းထားကြပါသည်။ ထိုသို့လူဦးရေတိုးတက်လာသော်လည်း လူဦးရေ ၃ ဒသမ ၄ ဘီလီယံခန့်မှာ သင့်တော်သည့် အိမ်ရာများကို လက်လှမ်းမမီကြဘဲ လူ ၁ ဒသမ ၁ ဘီလီယံကျော်မှာ ကြံ့ခိုင်မှုမရှိသော အိမ်ရာများနှင့် လူနေပြွတ်သိပ်ထူထပ်သည့် ကျူးကျော်ရပ်ကွက်များတွင် နေထိုင်နေကြရဆဲဖြစ်ပါသည်။

ဤအခြေအနေများကို တုံ့ပြန်ဆောင်ရွက်ရန် ကုလသမဂ္ဂလူနေထိုင်မှုအစီအစဉ် (UN-Habitat) နှင့် တရုတ်နိုင်ငံတို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် တရုတ်နိုင်ငံ ဖူကျိုးမြို့၌ ကမ္ဘာ့မြို့ကြီးများနေ့ (World Cities Day 2026) အခမ်းအနားကို **"မြို့ပြများအား ပြန်လည်အဆင့်မြှင့်တင်ဖွံ့ဖြိုးရေး -အားလုံးအတွက် အိမ်ရာအလုံအလောက်ဖြည့်ဆည်းပေး"(Regenerating the City: Adequate Housing for All)** ဆိုသည့် ဆောင်ပုဒ်ဖြင့် ကျင်းပပြုလုပ်လျက်ရှိပါသည်။

မြို့ပြအပြင်ဘက် တိုးချဲ့ခြင်းမှသည် မြို့တွင်းပိုင်း ပြန်လည်အဆင့်မြှင့်တင်ဖွံ့ဖြိုးစေခြင်း

လွန်ခဲ့သည့် စုစုပေါင်း နှစ် ၂၀ ကျော်အတွင်း မြို့ပြများ ဖွံ့ဖြိုးတိုးတက်လာပုံကို လေ့လာကြည့်ပါက မြို့ပြ၏ အနီးဝန်းကျင်အပြင်ဘက်ဆီသို့ အလျားလိုက်တိုးချဲ့ခြင်းသည် အဓိကပုံစံအဖြစ်ရှိခဲ့ပါသည်။ မြို့ပြများတွင် တည်ဆောက်ထားသည့် မြေနေရာ၏ ၈၂ ရာခိုင်နှုန်းခန့်ကို လူနေအိမ်များအတွက် အသုံးပြုထားသော်လည်း မိသားစုတစ်စုချင်းနေ အထပ်နိမ့် အိမ်ရာများကသာ ရာခိုင်နှုန်း ၇၀ ခန့် နေရာယူထားပြီး မိသားစုအများ နေထိုင်သည့် အထပ်မြင့်အိမ်ရာများမှာ ၅ ရာခိုင်နှုန်းသာ ရှိခဲ့ပါသည်။

ဤသို့ မြို့အပြင်ဘက်သို့ အကန့်အသတ်မရှိ တိုးချဲ့ခြင်းသည် စိုက်ပျိုးမြေများနှင့် သဘာဝဂေဟစနစ်များကို ပြုန်းတီးစေသည့်အပြင် ကိုယ်ပိုင်ယာဉ်အသုံးပြုမှုကို မြင့်တက်စေကာ မှန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှုများကို ပိုမိုဆိုးရွားစေခဲ့ပါသည်။ ထို့ပြင် မြို့ပြင်ပတ်ဝန်းကျင်မှ ရပ်ကွက်သစ်များသည် အလုပ်အကိုင်၊ ကျောင်း၊ ကျန်းမာရေးနှင့် ပြည်သူ့သယ်ယူပို့ဆောင်ရေး စသည့်အခြေခံ အဆောက်အအုံများနှင့် လက်လှမ်းမီမှု အားနည်းနေလေ့ရှိပါသည်။ အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးရန်လည်း ရန်ပုံငွေလိုအပ်ချက်များစွာ လိုအပ်သည်။

ထို့ကြောင့် မြို့ပြနယ်နိမိတ်များကို အပြင်ဘက်သို့ ထပ်မံမချဲ့တော့ဘဲ မူလရှိပြီးသား မြို့ပြဧရိယာများအတွင်း ပြန်လည်အဆင့်မြှင့်တင်ဖွံ့ဖြိုးခြင်း မဟာဗျူဟာသို့ ကူးပြောင်းရန် လိုအပ်လာပါသည်။ ဟောင်းနွမ်း၍ ပျက်စီးယိုယွင်းနေသော ရပ်ကွက်များကို အဆင့်မြှင့်တင်ခြင်း၊ စက်ရုံဟောင်းနှင့် မြေလွတ်များကို ပြန်လည်အသုံးပြုခြင်း၊ အဆောက်အအုံများကို ပြန်လည်အဆင့်မြှင့်တင်သုံးစွဲခြင်းတို့မှတစ်ဆင့် မြေယာနှင့် အခြေခံအဆောက်အအုံများကို ထိရောက်စွာ သုံးစွဲနိုင်မည်ဖြစ်ပြီး "၁၅ မိနစ်မြို့ပြစနစ်"ကဲ့သို့ ၁၅ မိနစ်အတွင်း လမ်းလျှောက်သို့မဟုတ် စက်ဘီးစီးရုံဖြင့် အရာရာ လက်လှမ်းမီနိုင်သည့် မြို့ပြလူနေမှုဘဝကို ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

မြို့ပြ ပြန်လည်အဆင့်မြှင့်တင်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ စိန်ခေါ်မှုများ

မြို့ပြများ ဘက်စုံပြန်လည်အဆင့်မြှင့်တင်ရေးကို ဆောင်ရွက်ရာတွင် အဓိကရင်ဆိုင်ရသည့် အတားအဆီးမှာ ဘဏ္ဍာရေးလိုအပ်ချက်ဖြစ်ပါသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် မြို့ပြအခြေခံအဆောက်အအုံများအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ထရီလီယံမှ ၅ ဒသမ ၄ ထရီလီယံအထိ လိုအပ်မည်ဟု ခန့်မှန်းထားသော်လည်း ဒေသဆိုင်ရာ အစိုးရများတွင် ဘဏ္ဍာရေး အကန့်အသတ် ကြီးမားစွာရှိနေကြပါသည်။

အဆိုပါ ဘဏ္ဍာရေးကွာဟချက်ကို ဖြည့်ဆည်းရန်အတွက် အစိုးရအသုံးစရိတ်များအပြင် ပုဂ္ဂလိကမတည်ငွေများ၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများ၊ မြေတန်ဖိုးသတ်မှတ်ရယူခြင်းနှင့် ရာသီဥတုဆိုင်ရာ ဘဏ္ဍာရေးထောက်ပံ့မှုများကို ပေါင်းစပ်အသုံးပြုရန် လိုအပ်ပါသည်။ တရုတ်နိုင်ငံသည် မကြာမီနှစ်များအတွင်း ဟောင်းနွမ်းနေသော လူနေရပ်ကွက်များနှင့် မြို့ပြကျေးရွာများကို ပြန်လည်ပြုပြင်ခြင်းဖြင့် နိုင်ငံတော်အဆင့် မြို့ပြပြန်လည်အဆင့်မြှင့်တင်ခြင်း မူဝါဒများကို ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စံနမူနာတစ်ခုပင်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ကမ္ဘာ့မြို့ပြများနေ့၏ မျှော်မှန်းချက်နှင့် ဦးတည်ချက်

တရုတ်နိုင်ငံ ဖူကျိုးမြို့၌ ကျင်းပလျက်ရှိသည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့မြို့ပြများနေ့ ဆွေးနွေးပွဲများ၌ မူလမြို့ပြနယ်နိမိတ်များအတွင်း အများပြည်သူသုံးနေရာများမဟုတ်သည့် ကွက်လပ်နေရာများနှင့် ဟောင်းနွမ်းယိုယွင်းပျက်စီးနေသော နေရာများတွင် မြို့ပြအိမ်ရာများ ဖြည့်ဆည်းတည်ဆောက်ခြင်းဆိုင်ရာကိစ္စရပ်များ၊ အိမ်ရာ၊ အခြေခံအဆောက်အအုံနှင့် သဘာဝပတ်ဝန်းကျင်တို့ကို ပေါင်းစပ်၍ ဘဏ္ဍာရေးထောက်ပံ့ပေးနိုင်မည့် မူဘောင်များ၊ မူလမြို့ခံများ၏ ယိုယွင်းနေသော နေရာများကို အဆင့်မြှင့်တင်ရာတွင် ဈေးနှုန်းချိုသာသော အိမ်ရာများထောက်ပံ့ပေးနိုင်ရေးနှင့် စပ်လျဉ်းသည့် အုပ်ချုပ်မှုစနစ်များကို အဓိကထား ဆွေးနွေးသွားမည်ဖြစ်ပါသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့မြို့ကြီးများနေ့သည် နိုင်ငံအသီးသီးမှ မူဝါဒချမှတ်သူများ၊ မြို့ပြကျွမ်းကျင်သူများနှင့် ရင်းနှီးမြှုပ်နှံသူများကို စုစည်းပေးမည်ဖြစ်ပြီး အိမ်ရာကဏ္ဍကို မဏ္ဍိုင်ပြု၍ အားလုံးပါဝင်နိုင်သော၊ ရာသီဥတုဒဏ်ကြံ့ကြံ့ခံနိုင်သော၊ ရေရှည်တည်တံ့သည့် မြို့ပြအနာဂတ်ဆီသို့ တက်လှမ်းနိုင်မည့် လက်တွေ့ကျသော ဖြေရှင်းနည်းများကို ဖော်ထုတ်ပေးနိုင်မည်ဟု မျှော်လင့်ရပါသည်။

ကမ္ဘာ့မြို့ကြီးများနေ့ ကျင်းပခြင်းနှင့် မြို့ပြများ၏ လူမှုစီးပွားဘဝအပေါ် ပြန်လည်သုံးသပ်ခြင်း

ကမ္ဘာ့မြို့ကြီးများနေ့ကို ၂၀၁၄ ခုနှစ်မှစတင်၍ UN-Habitat က အဓိကဦးဆောင်ပြီး "Better City, Better Life" (ပိုမိုကောင်းမွန်သောမြို့၊ ပိုမိုသာယာသော လူနေမှုဘဝ) ဆိုသည့် အထွေထွေဆောင်ပုဒ်အောက်တွင် နှစ်စဉ် အောက်တိုဘာလ ၃၁ ရက်နေ့တိုင်း ကျင်းပခဲ့ပါသည်။ စတင်ကျင်းပခဲ့သည့် ၂၀၁၄ ခုနှစ်မှ ယခု ၂၀၂၆ ခုနှစ်အထိ နှစ်စဉ်သတ်မှတ်ခဲ့သော ဦးတည်ချက်များနှင့် ဆွေးနွေးခဲ့သည့် အဓိကခေါင်းစဉ်များသည် ခေတ်အဆက်ဆက် ကမ္ဘာ့မြို့ကြီးများ ကြုံတွေ့ခဲ့ရသည့် လူမှုစီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများ၊ အပြောင်းအလဲများနှင့် ပြည်သူတို့၏ အဓိကလိုအပ်ချက်များကို တိကျစွာထင်ဟပ်ဖော်ပြနေပါသည်။ စတင်ကျင်းပခဲ့သည့် နှစ်မှစ၍ ယခုနှစ်အထိ နှစ်စဉ်ဆွေးနွေးခဲ့မှုများနှင့် မြို့ပြလူမှုစီးပွားဘဝအပေါ် ထင်ဟပ်နေပုံများကို အဆင့်သုံးဆင့်ဖြင့် သုံးသပ်နိုင်ပါသည်-

၁။ မြို့ပြအခြေခံအဆောက်အအုံ စီမံကိန်းနှင့် အားလုံးပါဝင်နိုင်ရေး ကာလ (၂၀၁၄ - ၂၀၁၈)

ဤကာလအတွင်း ဆွေးနွေးချက်များသည် အရှိန်အဟုန်ဖြင့် မြို့ပြဖြစ်ထွန်းလာမှုကြောင့် ဖြစ်ပေါ်လာသည့် အခြေခံအဆောက်အအုံ လိုအပ်ချက်များနှင့် စနစ်တကျမရှိသေးသော မြို့ပြဧရိယာများ၊ ကျေးရွာများနှင့် ကျူးကျော်ရပ်ကွက်များ၏ လူမှုစီးပွားပြဿနာများကို အဓိက ထင်ဟပ်ခဲ့ပါသည်။

၂၀၁၄ ခုနှစ် (ကျင်းပသည့်နေရာ- ရှန်ဟိုင်းမြို့၊ တရုတ်): "Urban Transformations"

ဆွေးနွေးမှုများ - မြို့ပြအသွင်ကူးပြောင်းမှု၏ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ၊ မြို့ပြဆင်းရဲနွမ်းပါးမှု လျှော့ချရေး။

လူမှုစီးပွားထင်ဟပ်မှု- မြို့ကြီးများသို့ ကျေးလက်မှ ရွှေ့ပြောင်းလာမှု အရှိန်အဟုန်မြင့်မားချိန်တွင် လျင်မြန်စွာဖြစ်ပေါ်လာသော မြို့ပြချဲ့ထွင်မှုနှင့်အတူ လူနေမှုအဆင့်အတန်းနိမ့်ကျမှု စိန်ခေါ်မှုများကို ထင်ဟပ်ခဲ့ပါသည်။

၂၀၁၅ ခုနှစ် (ကျင်းပသည့်နေရာ - မီလန်မြို့၊ အီတလီ): "Designed to Live Together"

ဆွေးနွေးမှုများ - အားလုံးပါဝင်နိုင်သော မြို့ပြဒီဇိုင်း၊ လူမှုရေးအရ ခွဲခြားဆက်ဆံမှုမရှိသည့် လူနေရပ်ကွက်များ ဖန်တီးရေး။

လူမှုစီးပွား ထင်ဟပ်မှု- မြို့ပြများတွင် စီးပွားရေးကွာဟချက်ကြောင့် ဖြစ်ပေါ်လာသည့် လူမှုအသိုင်းအဝိုင်းကွဲပြားမှုများ၊ နယ်မြေအလိုက် လူတန်းစားခွဲခြားမှုများကို လျှော့ချရန် လိုအပ်ကြောင်း ပြသခဲ့ပါသည်။

၂၀၁၆ ခုနှစ် (ကျင်းပသည့်နေရာ- ကွီတိုမြို့၊ အီကွေဒေါ): "Inclusive Cities, Shared Development"

ဆွေးနွေးမှုများ - ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးကျေးဇူးများကို မြို့ပြနေပြည်သူအလွှာအသီးသီးက မျှဝေခံစားနိုင်ရေးနှင့် တန်းတူညီမျှ ရရှိနိုင်မှု။

လူမှုစီးပွားထင်ဟပ်မှု - မြို့ပြစီးပွားရေးတိုးတက်လာသော်လည်း ဆင်းရဲနွမ်းပါးသူများ ပိုမိုဘေးဖယ်ခံရသည့် နယ်ပယ်ကွာဟချက်များကို ဖြေရှင်းရန် ကြိုးပမ်းမှုကို ထင်ဟပ်ပါသည်။

၂၀၁၇ ခုနှစ် (ကျင်းပသည့်နေရာ- ကွမ်ကျိုးမြို့၊ တရုတ်): "Innovative Governance, Open Cities"

ဆွေးနွေးမှုများ - နည်းပညာနှင့် စီမံခန့်ခွဲမှု ဆန်းသစ်ရေး၊ ပြည်သူ့ဝန်ဆောင်မှုများကို ပွင့်လင်းမြင်သာစွာ ပံ့ပိုးပေးရေး။

လူမှုစီးပွားထင်ဟပ်မှု - မြို့ပြလူဦးရေထူထပ်လာမှုကြောင့် သမားရိုးကျအုပ်ချုပ်ရေးစနစ်များဖြင့် မလုံလောက်တော့ဘဲ ဒီဂျစ်တယ်နှင့် ဆန်းသစ်သော မြို့ပြစီမံခန့်ခွဲမှု လိုအပ်ချက်ကို ဖော်ပြခဲ့ပါသည်။

၂၀၁၈ (ကျင်းပသည့်နေရာ- လစ်ဗာပူးလ်မြို့၊ ဗြိတိန်): "Building Sustainable and Resilient Cities"

ဆွေးနွေးချက်များ - သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံနိုင်သော မြို့ပြအခြေခံအဆောက်အအုံများ တည်ဆောက်ရေး။

လူမှုစီးပွားထင်ဟပ်မှု - ရာသီဥတုပြောင်းလဲမှုဒဏ်ကြောင့် မြို့ပြစီးပွားရေးနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်လာမှုကို ကာကွယ်ရန်လိုအပ်ကြောင်း ထင်ဟပ်ခဲ့ပါသည်။

၂။ ရာသီဥတုပြောင်းလဲမှု၊ ကပ်ရောဂါနှင့် ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးကာလ (၂၀၁၉ - ၂၀၂၃)

ဤကာလသည် ကမ္ဘာလုံးဆိုင်ရာ ကိုဗစ် -၁၉ ကပ်ရောဂါနှင့် ကြုံတွေ့ခဲ့ရပြီး ရာသီဥတု ပြောင်းလဲမှု၏ ဆိုးကျိုးများကို မြို့ကြီးများ၌ စတင်ပြင်းထန်စွာ ခံစားခဲ့ရသည့် ကာလဖြစ်သဖြင့် ရာသီဥတုဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းနှင့် ဒစ်ဂျစ်တယ်နည်းပညာ၏ အရေးပါပုံများ ထင်ဟပ်လာခဲ့ပါသည်။

၂၀၁၉ (ကျင်းပသည့်နေရာ- ယီထရင်ဘာမြို့၊ ရုရှား): "Changing the World: Innovations and Better Life for Future Generations"

ဆွေးနွေးမှုများ - နောင်လာနောက်သားများအတွက် နည်းပညာနှင့် မြို့ပြဆိုင်ရာ ဆန်းသစ်တီထွင်မှုများ အသုံးပြုရေး။

စာမျက်နှာ ၁၃ သို့

စာမျက်နှာ ၁၂ မှ

လူမှုစီးပွားထင်ဟပ်မှု – လူငယ်ဦးရေ များပြားလာသော မြို့ပြများတွင် ရေရှည်တည်တံ့သော စီးပွားရေးနှင့် လူနေမှုပုံစံသစ်များဖန်တီးရန် လိုအပ်မှုကို ပြသခဲ့ပါသည်။

၂၀၂၀ (ကျင်းပသည့်ပုံစံ – Video Conferencing): "Valuing Our Communities and Cities"

ဆွေးနွေးမှုများ –ကိုဗစ် –၁၉ ကပ်ရောဂါကြောင့် ပထမဆုံးအကြိမ် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ ရပ်ကွက်အခြေပြု လူထုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ ကိုဗစ် –၁၉ ကပ်ရောဂါကာလအတွင်း ရပ်တည်နိုင်စွမ်း။

လူမှုစီးပွားထင်ဟပ်မှု – ကပ်ရောဂါကြောင့် မြို့ပြစီးပွားရေးများ ထိခိုက်ခဲ့စဉ် ဒေသတွင်း သာမန်လူထုအသိုင်းအဝိုင်း၏ ပူးပေါင်းကူညီမှုနှင့် ပံ့ပိုးနိုင်မှုများသည် မြို့ပြရှင်သန်ရေးအတွက် အသက်သွေးကြောဖြစ်ကြောင်း ထင်ဟပ်ခဲ့ပါသည်။

၂၀၂၁ (ကျင်းပသည့်နေရာ– လူဗိုရ်မြို့၊ အီဂျစ်): "Adapting Cities for Climate Resilience"

ဆွေးနွေးမှုများ – မြို့ပြများ၏ ရာသီဥတုပြောင်းလဲမှု လိုက်လျောညီထွေရှိရေး၊ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေး။

လူမှုစီးပွားထင်ဟပ်မှု –မြို့ကြီးများတွင် မကြာခဏ ကြုံတွေ့လာရသည့် ရေကြီးမှု၊ အပူလှိုင်းဖြတ်မှု စသည့် ရာသီဥတုအစွန်းရောက်မှုများကြောင့် ပြည်သူတို့၏ စီးပွားရေးနှင့် ကျန်းမာရေး ထိခိုက်မှုကို တိုက်ရိုက်ရင်ဆိုင်ရန် ကြိုးပမ်းခဲ့ခြင်း ဖြစ်သည်။

၂၀၂၂ ခုနှစ် (ကျင်းပသည့်နေရာ– ရှန်ဟိုင်း၊ တရုတ်): "Act Local to Go Global"

ဆွေးနွေးမှုများ – ကမ္ဘာလုံးဆိုင်ရာ စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ရေး ရည်မှန်းချက်များကို ဒေသအဆင့် မူဝါဒများဖြင့် အကောင်အထည်ဖော်ရေး။

လူမှုစီးပွားထင်ဟပ်မှု –ကမ္ဘာ့ပြဿနာများကို ဖြေရှင်းရာတွင် အစိုးရများ၏ လက်တွေ့ကျသော လုပ်ဆောင်မှုများက ပြည်သူတို့၏ နေ့စဉ်စီးပွားရေးအပေါ် တိုက်ရိုက်သက်ရောက်ကြောင်း ပြသခဲ့ပါသည်။

၂၀၂၃ (ကျင်းပသည့်နေရာ– အစ္စတန်ဘူလ်မြို့၊ တူရကီယဲ): "Financing Sustainable Urban Future for All"

ဆွေးနွေးမှုများ – မြို့ပြဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာရေးအရင်းအမြစ်များ စည်းရုံးရေး၊ အစိုးရနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး။

လူမှုစီးပွားထင်ဟပ်မှု – ကပ်ရောဂါအလွန် မြို့ပြအစိုးရများ ဘဏ္ဍာရေးကျပ်တည်းမှုနှင့် ရင်ဆိုင်ရချိန်တွင် မြို့ပြဖွံ့ဖြိုးရေးနှင့် ပြည်သူ့ဝန်ဆောင်မှုများ ဆက်လက်လည်ပတ်နိုင်ရန် ဘဏ္ဍာရေးနည်းလမ်းသစ်များ အရေးကြီးကြောင်း ထင်ဟပ်ပါသည်။

၃။ ရေရှည်တည်တံ့သော ဘဏ္ဍာရေးနှင့် မြို့ပြပြန်လည်အဆင့်မြှင့်တင်ရေးကာလ (၂၀၂၄ –၂၀၂၆)

လက်ရှိကာလတွင်မူ မြို့ကြီးများ၏ မြေယာအသုံးချမှု၊ မြို့ပြဧရိယာအတွင်း ဟောင်းနွမ်းယိုယွင်းလာသည့် ရပ်ကွက်များကို ပြန်လည်ပြင်ဆင်ရေးနှင့် အခြေခံလူတန်းစားများအတွက် အဓိက လိုအပ်ချက်ဖြစ်သော အိမ်ရာပြဿနာများကို အဓိကထား ဆွေးနွေးလာကြပါသည်။

၂၀၂၄ ခုနှစ် (ကျင်းပသည့်နေရာ– အလက်ဇန်းဒရီးယားမြို့၊ အီဂျစ်): "Youth Leading Climate and Local Action for Cities"

ဆွေးနွေးမှုများ – မြို့ပြရာသီဥတု တုံ့ပြန်ရေးလုပ်ငန်းများတွင် လူငယ်များ၏ ဦးဆောင်မှုနှင့် ဆန်းသစ်မှုများ။

လူမှုစီးပွားထင်ဟပ်မှု – မြို့ပြအနာဂတ်ကို ပုံဖော်ရာတွင် လူငယ်များ၏ လုပ်ကိုင်ခွင့်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်မှုကို မီးမောင်း ထိုးပြခဲ့ပါသည်။

၂၀၂၅ ခုနှစ် (ကျင်းပသည့်နေရာ – ဘိုဂိုတာမြို့၊ ကိုလံဘီယာ): "People–centered Smart Cities"

ဆွေးနွေးမှုများ –လူထုအခြေပြု မြို့ပြဖွံ့ဖြိုးရေး၊ နေပျော်ဖွယ်ဖြစ်သော မြို့ပြပတ်ဝန်းကျင် ဖန်တီးရေး။

လူမှုစီးပွားထင်ဟပ်မှု – စီးပွားရေးတိုးတက်မှုကိုသာမက မြို့ပြနေ ပြည်သူတို့၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ သာယာဝပြောရေးကို ဗဟိုပြုလာသည်ကို ထင်ဟပ်ပါသည်။

၂၀၂၆ (ကျင်းပသည့်နေရာ– ဖူကျိုးမြို့၊ တရုတ်): "Regenerating the City: Adequate Housing for All"

ဆွေးနွေးမှုများ –မြို့ပြများကို ပြန်လည်အဆင့်မြှင့်တင်ဖွံ့ဖြိုးခြင်း၊ အားလုံးအတွက် သင့်လျော်သည့် အိမ်ရာများရရှိရေး၊ မြို့ပြနှင့် အိမ်ရာဆိုင်ရာ ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် အခြေခံအဆောက်အအုံများ ပေါင်းစပ်အဆင့်မြှင့်တင်ရေး။

လူမှုစီးပွားထင်ဟပ်မှု –လက်ရှိကမ္ဘာတစ်ဝန်း မြို့ကြီးများတွင် အိမ်ရာဈေးနှုန်းများ ကြီးမြင့်လာမှု၊ အိမ်ရာမလုံလောက်မှုနှင့် မြို့ပြကျယ်ပြန့်လာသဖြင့် ဖြစ်ပေါ်လာသော စီးပွားရေး/လူမှုရေးဆိုင်ရာ ကုန်ကျစရိတ်များကို တိုက်ရိုက်ဖြေရှင်းနိုင်ရန် ကြိုးပမ်းခြင်းဖြစ်ပါသည်။

ထို့ကြောင့် ကမ္ဘာ့မြို့ကြီးများနေ့၏ နှစ်စဉ်ချမှတ်ထားသောဆောင်ပုဒ်များနှင့် ဆွေးနွေးခဲ့မှုများကို ပြန်လည်သုံးသပ်ကြည့်လျှင် ခေတ်ကာလအလိုက် ကမ္ဘာ့မြို့ကြီးများ၏ လူမှုစီးပွားဘဝ အပြောင်းအလဲများကို အောက်ပါအတိုင်း အဆင့်ဆင့်ထင်ဟပ်နေသည်ကို တွေ့ရှိရပါသည်–

ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုမှ လူထုဗဟိုပြုစနစ်သို့ ပြောင်းလဲလာခြင်း။ စတင်ကျင်းပချိန်တွင် အဆောက်အအုံ၊ လမ်းတံတားများနှင့် မြို့ပြအခြေခံစနစ်များ တည်ဆောက်ရေးကို ဦးစားပေးခဲ့သော်လည်း နောက်ပိုင်းတွင် အားလုံးပါဝင်နိုင်ရေး၊ ရာသီဥတုဆိုင်ရာ ကြံ့ကြံ့ခံနိုင်စွမ်းနှင့် လူထုဗဟိုပြုစနစ်များသို့ ကူးပြောင်းလာခဲ့ပါသည်။

စိန်ခေါ်မှုသစ်များကို တိုက်ရိုက်တုံ့ပြန်ခြင်း။ ကိုဗစ်–၁၉ ကပ်ရောဂါ၊ ရာသီဥတုဒဏ်ခံရမှုများနှင့် ကမ္ဘာ့ဘဏ္ဍာရေး ကျပ်တည်းမှုများ ဖြစ်ပေါ်လာသည့်အခါတိုင်း နှစ်စဉ်ခေါင်းစဉ်များသည် အဆိုပါ အကျပ်အတည်းများမှ ပြန်လည်ရုန်းထွက်နိုင်ရန် လူထုဗဟိုပြုနည်းလမ်းများနှင့် ဘဏ္ဍာရေးဆိုင်ရာ ဆန်းသစ်တီထွင်မှုများကို အချိန်ကိုက် ဖော်ထုတ်ပေးခဲ့ပါသည်။

အနာဂတ်မြို့ပြပုံစံသို့ ဦးတည်ခြင်း။ ယခု ၂၀၂၆ ခုနှစ် ဆွေးနွေးချက်များအထိ ကြည့်ရှုပါက မြို့ပြများကို အပြင်ဘက်သို့ အဆုံးမဲ့တိုးချဲ့မည့်အစားမူလရှိပြီးသား မြို့ပြနယ်နိမိတ်အတွင်း ပြန်လည်အဆင့်မြှင့်တင်ဖွံ့ဖြိုးခြင်းနှင့် ပြည်သူတိုင်း အခြေခံအိမ်ရာနှင့် ဝန်ဆောင်မှုများကို ညီတူညီမျှရရှိစေခြင်းတို့ကို ဦးတည်လာသဖြင့် မြို့ပြနေလူထု၏ စီးပွားရေး၊ ကျန်းမာရေးနှင့် နေထိုင်မှုအရည်အသွေးများ မြင့်မားလာစေရန် တိကျစွာ ဦးတည်ဆောင်ရွက်နေကြောင်း သုံးသပ်ရရှိပါသည်။

အကျိုးကျေးဇူးများ

နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့မြို့ကြီးများနေ့တွင် အဓိကဆွေးနွေးရမည့် ခေါင်းစဉ်များ တိကျစွာ သတ်မှတ်၍ ကျင်းပခဲ့ခြင်းသည် အလွန်ပင် အကျိုးဖြစ်ထွန်းမှုရှိသည်ဟု ဆိုရပါမည်။ ထိုသို့အကြောင်းအရာအလိုက် သတ်မှတ်ကျင်းပခြင်းသည် ရိုးရိုးအခမ်းအနားတစ်ခုအဖြစ်ထက် ကမ္ဘာလုံးဆိုင်ရာ မြို့ပြဖွံ့ဖြိုးရေး မူဝါဒများကို လက်တွေ့ကျကျ ပြောင်းလဲစေသည့် အဓိက မောင်းနှင်အားတစ်ခုဖြစ်ခဲ့ပြီး အောက်ပါ အကျိုးကျေးဇူးများကို ထင်ရှားစွာ ဖြစ်ထွန်းစေခဲ့ပါသည်–

၁။ ခေတ်ကာလအလိုက် အရေးကြီးသော ပြဿနာများကို အာရုံစိုက်စေခြင်း

နှစ်စဉ် ခေါင်းစဉ်တစ်ခုစီ သတ်မှတ်ခြင်းဖြင့် ထိုနှစ် သို့မဟုတ် ထိုခေတ်ကာလတွင် ကမ္ဘာ့ မြို့ကြီးများ ကြုံတွေ့နေရသည့် အရေးတကြီး ပြဿနာများကို ကမ္ဘာ့ခေါင်းဆောင်များ၏ အာရုံစိုက်မှုဆီသို့ တိုက်ရိုက်ရောက်ရှိစေပါသည်။

ဥပမာ– ကပ်ရောဂါအလွန်တွင် လူထုဗဟိုပြု ရှင်သန်နိုင်စွမ်း (၂၀၂၀)၊ ဘဏ္ဍာရေးအကူအညီ(၂၀၂၃) တို့ကို အဓိကထား ဆွေးနွေးခဲ့ပြီး ယခု ၂၀၂၆ ခုနှစ်တွင် အဓိကကြုံတွေ့နေရသည့် အိမ်ရာအကျပ်အတည်းနှင့် မြို့ပြပြန်လည်အဆင့်မြှင့်တင်ရေးကို အာရုံစိုက်ဆွေးနွေးစေခြင်းဖြင့် ခေတ်နှင့်အညီ လိုအပ်ချက်များကို တိကျစွာ ထိတွေ့နိုင်ခဲ့ပါသည်။

၂။ ကမ္ဘာလုံးဆိုင်ရာ မူဝါဒနှင့် လက်တွေ့လုပ်ဆောင်ချက်များကို ပေါင်းစပ်ပေးခြင်း

UN–Habitat ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ (SDG 11) နှင့် မြို့ပြအစီအစဉ်သစ်တို့ကို စာအုပ်ထဲတွင် သီအိုရီအဖြစ်မကျန်စေဘဲ နှစ်စဉ် ဆွေးနွေးပွဲများမှတစ်ဆင့် လက်တွေ့ကျသော မူဝါဒများအဖြစ် ပြောင်းလဲနိုင်ခဲ့ပါသည်။ နိုင်ငံအသီးသီးမှ မြို့ပြစီမံကိန်းရေးဆွဲသူများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် အဆိုပါခေါင်းစဉ်များအပေါ် မူတည်၍ မိမိတို့ မြို့များ၏ မူဝါဒများကို ပြန်လည်ဆန်းစစ်ပြင်ဆင်ရန် အခွင့်အလမ်း ရရှိကြပါသည်။

၃။ ဆန်းသစ်မှုများနှင့် အတွေ့အကြုံများ ဖလှယ်နိုင်ခြင်း

အိမ်ရှင်နိုင်ငံများနှင့် အခြားပါဝင်သည့် မြို့ကြီးများသည် မိမိတို့၏ အောင်မြင်သော နမူနာများကို မျှဝေခွင့်ရကြသည်။ ဥပမာ– ရာသီဥတုဒဏ်ခံနိုင်သော မြို့ပြတည်ဆောက်ရေး၊ ဒီဂျစ်တယ်အုပ်ချုပ်ရေး၊ သို့မဟုတ် တရုတ်နိုင်ငံ၏ ဟောင်းနွမ်းရပ်ကွက်များကို ပြန်လည်ပြင်ဆင်သည့် အစီအစဉ်များကဲ့သို့သော လက်တွေ့စံနမူနာများကို အခြားဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီး နိုင်ငံများက အတုယူ ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

၄။ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ခြင်း

အကြောင်းအရာတစ်ခုကို ကမ္ဘာလုံးဆိုင်ရာ အဆင့်တွင် အထူးပြု ဆွေးနွေးခြင်းသည် ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းစေပါသည်။ မြို့ပြအခြေခံအဆောက်အအုံများနှင့် အခြေခံလူတန်းစားများအတွက် အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းများတွင် လိုအပ်နေသော ဘဏ္ဍာရေး အကူအညီများကို ပိုမိုစီးဝင်လာစေရန် ဦးတည်ပေးနိုင်ခဲ့ပါသည်။

ထို့ကြောင့် ကမ္ဘာ့မြို့ကြီးများနေ့တွင် နှစ်စဉ်ခေါင်းစဉ်များအလိုက် သတ်မှတ်ဆွေးနွေးခြင်းသည် အခမ်းအနား သက်သက်မဟုတ်ဘဲ “ကမ္ဘာလုံးဆိုင်ရာ ပြဿနာများကို အတူတကွသုံးသပ်ပြီး ဒေသအလိုက် လက်တွေ့အကောင်အထည်ဖော်ရန်” တွန်းအားပေးသည့် ထိရောက်သော နည်းလမ်းတစ်ခုဖြစ်ပါသည်။ အထူးသဖြင့် ကမ္ဘာ့လူဦးရေအများစုသည် မြို့ပြများတွင် တိုးတက်နေထိုင်လာချိန်၌ အိမ်ရာ၊ ရာသီဥတု၊ ဘဏ္ဍာရေးနှင့် လူမှုရေး မညီမျှမှုများကို အချိန်ကိုက် ဖြေရှင်းနိုင်ရေးအတွက် ဤသို့ခေါင်းစဉ်အလိုက် ပစ်မှတ်ထားဆွေးနွေးပွဲများသည် ကမ္ဘာ့မြို့ကြီးများ၏ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် အလွန်ပင် အကျိုးပြုပါကြောင်း ၂၀၂၆ ခုနှစ်၊ “ကမ္ဘာ့မြို့ကြီးများနေ့” ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

ကိုးကားချက်

- UN–Habitat (2026). World Cities Report 2026: The Global Housing Crisis: Pathways to Action, Nairobi: United Nations Human Settlements Program.
- Urbanization and infrastructure development: Transforming cities for people and planet, Annual Report 2021–2022
- https://urbanoctober.unhabitat.org/wcd
- https://unitac.un.org/en/events/world-cities-day-2026-fuzhou-china

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်မိုးမြင့်နှင့် တာဝန်ရှိသူများ စူပါအယ်လ်နီညိုရာသီဥတုကြောင့် သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအောက်တိုဘာ ၃၀ ရက်က အတွင်းဘုတ်ပြင်းကျေးရွာအုပ်စု ကရိုင်တိုင်ကျေးရွာတွင် ကွင်းဆင်းစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

စဉ့်ကိုင်မြို့နယ်၌ ဝါသီးနှံချေးငွေပေးအပ်ပွဲကျင်းပ

စဉ့်ကိုင် အောက်တိုဘာ ၃၀

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ တိုက်ရိုက်ထုတ်ချေးမည့် ရန်ပုံငွေ (ဝါသီးနှံ) စာချုပ်ချုပ်ဆိုခြင်းနှင့် ချေးငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းဇော်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဝါးသီးနှံစိုက်ပျိုးရေးလုပ်ငန်းများအတွက် တိုက်ရိုက်ချေးငွေထုတ်ချေးပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများနှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များက တစ်ဧကလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် စုစုပေါင်း ဝါစိုက်ဧက ၁၅၀၀အတွက် ငွေကျပ်သိန်း ၄၅၀၀ ကို ဝါစိုက်တောင်သူ ၂၅၆ ဦးအား ချေးငွေပေးအပ်ပြီး စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

NTU နှင့် Google ပူးပေါင်း၍ ပညာရေးနှင့် သုတေသနကဏ္ဍများတွင် AI အသုံးပြုမှု မြှင့်တင်မည်

စင်ကာပူ အောက်တိုဘာ ၃၀

စင်ကာပူနိုင်ငံ Nanyang Technological University (NTU) နှင့် Google တို့သည် ပညာရေး၊ သုတေသနနှင့် လုပ်သားအင်အားဖွံ့ဖြိုးရေးကဏ္ဍများတွင် AI အသုံးပြုမှု ပိုမိုကျယ်ပြန့်လာစေရန် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားမည်ဖြစ်သည်။

အဆိုပါအဖွဲ့အစည်းနှစ်ခုသည် အောက်တိုဘာ ၃၀ ရက်တွင် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခဲ့ပြီး တက္ကသိုလ်တစ်ခုလုံးတွင် AI ပေါင်းစပ်အသုံးပြုရေး၊ အရှေ့တောင်အာရှဘာသာစကားများအတွက် AI မော်ဒယ်များဖွံ့ဖြိုးရေး၊ သိပ္ပံသုတေသနနှင့် AI ဘေးကင်းလုံခြုံရေးတို့ကို အဓိကထား ပူးပေါင်းသွားမည်ဖြစ်သည်။

ထို့ပြင် NTU ၏ ၂၀၃၀ ပြည့်နှစ်တွင် ဘွဲ့ကြိုသင်ရိုးညွှန်းတမ်း ၄၀ ရာခိုင်နှုန်း၌ AI နည်းပညာ ထည့်သွင်းအသုံးပြုနိုင်ရေး ရည်မှန်းချက်ကို အထောက်အကူပြုရန် AI သင်တန်းများနှင့် Google ၏ နည်းပညာကိရိယာများ အသုံးပြုခွင့်ကိုလည်း တိုးချဲ့ပေးသွားမည်ဖြစ်သည်။

အလားတူ စင်ကာပူနိုင်ငံ၏ AI Singapore (AISG) အစီအစဉ်နှင့်

ပူးပေါင်းကာ အရှေ့တောင်အာရှ ဘာသာစကားများ၏ ထူးခြားချက်များကို ထင်ဟပ်စေမည့် ဒေတာအစုများဖန်တီးပြီး အများပြည်သူ အသုံးပြုနိုင်ရန် မျှဝေသွားမည်ဖြစ်သည်။

NTU သည် Google Cloud ပေါ်တွင် လုံခြုံသော သုတေသနပတ်ဝန်းကျင်တစ်ခုတည်ဆောက်ကာ အဆင့်မြင့်သိပ္ပံသုတေသနများ ဆောင်ရွက်နိုင်ရေးကိုလည်း အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

ဆင်ဟွာ

အမေရိကန် DHS ဝန်ထမ်းများနှင့် ကန်ထရိုက်တာ လေးသောင်းကျော်၏ အချက်အလက်များ ဆိုက်ဘာတိုက်ခိုက်ခံရ

ဝါရှင်တန် အောက်တိုဘာ ၃၀

အမေရိကန် အမိမြေလုံခြုံရေးဝန်ကြီးဌာန (DHS) ၏ ကွန်ပျူတာစနစ်များကို ဟက်ကာအဖွဲ့တစ်ဖွဲ့က ဆိုက်ဘာတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ဝန်ထမ်းများနှင့် ကန်ထရိုက်တာ ၄၁၀၀၀ ကျော်၏ ကိုယ်ရေးအချက်အလက်များပေါက်ကြားခဲ့ကြောင်း အမေရိကန်မီဒီယာများက ဖော်ပြသည်။

ဝါရှင်တန်ပို့စ်နှင့် အခြားသတင်းဌာနများ၏ အောက်တိုဘာ ၂၈ ရက် ဖော်ပြချက်အရ Department of Peace ဟု အမည်ပေးထားသည့် ဟက်ကာအဖွဲ့တစ်ဖွဲ့က DHS ၏ ကွန်ပျူတာစနစ်များကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ပေါက်ကြားသွားသည့် အချက်အလက်များတွင် အမေရိကန် လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ဥပဒေစိုးမိုးရေးဌာန (ICE) နှင့် အကောက်ခွန်နှင့် နယ်စပ်ကာကွယ်ရေးဌာန (CBP) တို့မှ ဝန်ထမ်းများ၏ မှတ်တမ်းများလည်း ပါဝင်ကြောင်း သိရသည်။

ICE အေးဂျင့်များသည် သမ္မတဒေါ်နယ်ထရမ့်၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ မူဝါဒများကို အကောင်အထည်ဖော်ရန် တာဝန်ယူထားပြီး CBP အေးဂျင့်များမှာ အမေရိကန်နယ်စပ်လုံခြုံရေးကို တာဝန်ယူဆောင်ရွက်နေသူများဖြစ်သည်။

အင်န်အိတ်ချ်ကေ

ထိုင်းနိုင်ငံ၌ ၂၀၂၆ အာကာသပြပွဲ ဖွင့်လှစ်

ဘန်ကောက် အောက်တိုဘာ ၃၀

လက်ရှိကျင်းပလျက်ရှိသည့် ၂၀၂၆ ခုနှစ် ထိုင်းနိုင်ငံ အာကာသပြပွဲတွင် ကုမ္ပဏီပေါင်း ၈၅ ခု ပါဝင်ပြသလျက်ရှိပြီး အာကာသနှင့် ဆက်နွှယ်သည့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်နှင့် နိုင်ငံတကာစင်မြင့်တွင် ထိုင်းနိုင်ငံ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန် ရည်ရွယ်ထားသည်။

အဆိုပါပြပွဲကို ဘန်ကောက်မြို့၌ အောက်တိုဘာ ၂၈ ရက်မှ ၃၁ ရက်အထိ ကျင်းပလျက်ရှိပြီး စီးပွားရေး ကွန်ရက်ချိတ်ဆက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖော်ဆောင်ပေးမည့် ပလက်ဖောင်းတစ်ခုအဖြစ်လည်း ဆောင်ရွက်လျက်ရှိသည်။ လေးရက်ကြာကျင်းပသည့် အဆိုပါပြပွဲတွင် အာကာသစီးပွားရေး၊ လပေါ်စူးစမ်းလေ့လာရေးနှင့် ဂြိုဟ်တုအင်ဂျင်နီယာပညာရပ်များကို ဆွေးနွေးမည့် ဖိုရမ်အစီအစဉ် ၅၀ ကျော်လည်းပါဝင်ပြီး ကမ္ဘာ့အဆင့်မီ အာကာသပညာရှင် ၁၀၀ ကျော် တက်ရောက်ဆွေးနွေးကြမည်ဖြစ်သည်။

ဆင်ဟွာ

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း၌ မာယွန်မီးတောင် ပေါက်ကွဲမှုသတိပေးချက်အဆင့် ၃ အထိ တိုးမြှင့်

မနီလာ အောက်တိုဘာ ၃၀

ဖိလစ်ပိုင်မြောက်ပိုင်း အယ်လ်ဘေးပြည်နယ်ရှိ မာယွန်မီးတောင်မှာ အောက်တိုဘာ ၃၀ ရက်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဗေဒအင်စတီကျု (PHIVOLCS) က ထုတ်ပြန်သည်။

မာယွန်မီးတောင်၌ အောက်တိုဘာ ၃၀ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၅၃ မိနစ်ဝန်းကျင်တွင် အသင့်အတင့်ပြင်းထန်သော ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုမှာ ခြောက်မိနစ်ခန့် ကြာမြင့်ခဲ့ကြောင်း အဆိုပါအင်စတီကျူက ထုတ်ပြန်ထားသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်ပြာများသည် မီးတောင်ထိပ်ဝအထက် မီတာ ၃၀၀၀ အထိမြင့်တက်ခဲ့ပြီး အနောက်ဘက်နှင့် အနောက်တောင်ဘက်သို့ လွင့်စင်သွားနိုင်ကြောင်း အင်စတီကျူက ခန့်မှန်းထားသည်။

ယင်းအင်စတီကျူသည် အမြင့်ဆုံးသတိပေးချက်အဆင့် ၅ ဆင့်

ရှိသည့်အနက် မာယွန်မီးတောင်၏ သတိပေးချက်အဆင့်ကို အဆင့် ၂ မှ အဆင့် ၃ သို့ တိုးမြှင့်သတ်မှတ်လိုက်ကြောင်း သိရသည်။

ဆင်ဟွာ

အင်ဒိုနီးရှားနိုင်ငံ၌ လေထုညစ်ညမ်းမှုကြောင့် သေဆုံးသူ ၄၂ ရာခိုင်နှုန်း မြင့်တက်

ဂျကာတာ အောက်တိုဘာ ၃၀

အင်ဒိုနီးရှားနိုင်ငံ၌ လေထုညစ်ညမ်းမှုနှင့်ဆက်စပ်၍ သေဆုံးသူဦးရေမှာ ဩဂုတ်လအတွင်း ၃၇၄၀ ရှိခဲ့ရာမှ စက်တင်ဘာလတွင် ၅၃၁၀ အထိ မြင့်တက်လာခဲ့သည်။ ရာခိုင်နှုန်းအားဖြင့် ၄၂ ရာခိုင်နှုန်းမြင့်တက်လာခြင်းဖြစ်သည်။

အဓိကအားဖြင့် ကျယ်ပြန့်စွာဖြစ်ပွားနေသော သစ်တောမီးလောင်မှုများနှင့် မြေယာမီးလောင်မှုများကြောင့် ယခုကဲ့သို့ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဟဲလ်ဆင်ကီမြို့အခြေစိုက်သုတေသနအဖွဲ့၏ နောက်ဆုံးအစီရင်ခံစာအရ သိရသည်။

သစ်တောနှင့် မြေယာများမီးလောင်ရာမှ ထွက်ရှိလာသည့် မီးခိုး

ငွေ့များကြောင့် စက်တင်ဘာလတစ်လအတွင်း သေဆုံးသူ ၃၅၆၀ ရှိခဲ့သည်။ ယင်းပမာဏသည် ဩဂုတ်လအတွက် ခန့်မှန်းထားသည့် သေဆုံးသူအရေအတွက်ထက် နှစ်ဆမြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

မြို့ပြနှင့် စက်မှုလုပ်ငန်းများမှထွက်ရှိသည့် တောမီးလောင်မှုနှင့် မသက်ဆိုင်သော ရေရှည်လေထုညစ်ညမ်းစေသည့် ဓာတ်ငွေ့များကြောင့်လည်း လူ ၁၇၅၀ ထပ်မံသေဆုံးခဲ့ကြောင်း သန့်ရှင်းသောလေထုနှင့် စွမ်းအင်ဆိုင်ရာ သုတေသနဗဟိုဌာန (CREA) က အောက်တိုဘာ ၂၉ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။

လေထုညစ်ညမ်းမှုကြောင့် သေဆုံးမှုများအပြင် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများလည်း ဖြစ်ပေါ်လျက်ရှိသည်။ ခန့်မှန်းခြေအားဖြင့် လူဦးရေ ၅၇ ဒသမ ၈ သန်းသည် ကျန်းမာရေးနှင့်မညီညွတ်သော လေထုနှင့် အန္တရာယ်ရှိသည့် လေထုတို့ကို ထိတွေ့နေရကြောင်း CREA က ပြောကြားသည်။

တစ်ချိန်တည်းမှာပင် အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ အောက်တိုဘာ ၂၁ ရက်အထိ သစ်တောမီးလောင်မှုများနှင့် မြေယာမီးလောင်မှုများကြောင့် ထိခိုက်ခဲ့သည့် ဒေသအများအပြားတွင် ယင်းမီးလောင်မှုများနှင့် ဆက်စပ်သော ရုတ်တရက် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါဖြစ်ပွားသူ ၃၃၃၄၇၀ ရှိခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

မလေးရှားနိုင်ငံ၌ သဘာဝဘေးအတွက် ကယ်ဆယ်ရေး အရာရှိနှင့် အမှုထမ်း တစ်သိန်းကျော် စုစည်းတာဝန်ပေး

ကွာလာလမ်ပူ အောက်တိုဘာ ၃၀

မလေးရှားနိုင်ငံတွင် အရှေ့မြောက်မုတ်သုံရာသီ ရောက်ရှိလာတော့မည်ဖြစ်သဖြင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်နိုင်သည့်အတွက် ကယ်ဆယ်ရေးအေဂျင်စီအသီးသီးမှ အရာရှိနှင့် အမှုထမ်းတစ်သိန်းကျော်ကို စုစည်း၍ တာဝန်ပေးအပ်ထားကြောင်း တာဝန်ရှိသူတစ်ဦးက အောက်တိုဘာ ၃၀ ရက်တွင် ပြောကြားသည်။

အဆိုပါမုတ်သုံရာသီသည် မတ်လအထိကြာမြင့်မည်ဟု ခန့်မှန်းထားပြီး အသက်ကယ်အင်္ကျီများကဲ့သို့သော အရေးပေါ်ထောက်ပံ့ရေးပစ္စည်းများအပြင် လူနာတင်ယာဉ်များ၊ လှေများနှင့် လေယာဉ်များအပါအဝင် မော်တော်ယာဉ်အမျိုးမျိုးကိုလည်း ကြိုတင်ပြင်ဆင်ထားကြောင်း အမျိုးသားဘေးအန္တရာယ် စီမံခန့်ခွဲမှုအေဂျင်စီ၏ လုပ်ငန်းညှိနှိုင်းရေးဌာနခွဲမှ လက်ထောက်ဒါရိုက်တာ ဝါဇီရူဒင်မာဖို့က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အများပြည်သူလုပ်ငန်းဌာန၊ ဆည်မြောင်းနှင့် ရေနုတ်မြောင်းဌာနအပါအဝင် နည်းပညာဆိုင်ရာအေဂျင်စီများကလည်း စက်ယန္တရားကြီး ၁၇ စီး၊ ရွှေ့လျားရေစုပ်စက် ၅၇၅ လုံးနှင့် မီးစက်အလုံး ၃၀ အပါအဝင် လိုအပ်သည့်ပစ္စည်းများကို အသင့်ပြင်ဆင်ထားကြောင်း ၎င်းက ပြောကြားသည်။

ဆင်ဟွာ

ဖင်လန်နိုင်ငံ၌ ဒီဇယ်ဈေးနှုန်း စံချိန်တင်မြင့်တက်

ဟဲလ်ဆင်ကီ အောက်တိုဘာ ၃၀

အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခကြောင့် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ထောက်ပံ့မှုတွင် အနှောင့်အယှက်များ ဖြစ်ပေါ်လျက်ရှိရာ ဖင်လန်နိုင်ငံ၌ ဒီဇယ်ဈေးနှုန်းမှာ အောက်တိုဘာလအတွင်း စံချိန်တင်မြင့်တက်ခဲ့ကြောင်း သိရသည်။

ယမန်နှစ်နှင့် နှိုင်းယှဉ်ပါက ဒီဇယ်ဈေးနှုန်းသည် ၅၄ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။ ပျမ်းမျှလက်လီဈေးနှုန်းမှာ ဒီဇယ်တစ်လီတာလျှင် ၂ ဒသမ ၄၉ ယူရိုအထိ ရောက်ရှိခဲ့ပြီး ၂၀၂၂ ခုနှစ် ဇွန်လက စံချိန်တင်ခဲ့သည့် ယခင်အမြင့်ဆုံး ဈေးနှုန်းထက်ပင် ကျော်လွန်သွားကြောင်း ဖင်လန်နိုင်ငံ စာရင်းအင်းဌာနက အောက်တိုဘာ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အခြား စက်သုံးဆီဈေးနှုန်းများမှာလည်း မြင့်တက်လျက်ရှိသည်။ ဓာတ်ဆီ-95 တစ်လီတာလျှင် ၂ ဒသမ ၂၈ ယူရိုအထိ ရောက်ရှိခဲ့ပြီး ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၃၃ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာသည်။ အပေါ့စားလောင်စာဆီဈေးနှုန်းမှာလည်း ၇၀ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

ဆင်ဟွာ

ဗီယက်နမ်နိုင်ငံထုတ်ကုန် ပြည်ပတင်ပို့မှု ၇ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်

ဟနွိုင်း အောက်တိုဘာ ၃၀

၂၀၂၆ ခုနှစ် ပထမ ၁၀ လအတွင်း ဗီယက်နမ်နိုင်ငံ၏ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းထုတ်ကုန်များ ပြည်ပတင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၂ ဒသမ ၈၉၁ ဘီလီယံရှိမည်ဟု ခန့်မှန်းထားသည်။ ထိုပမာဏသည် ယမန်နှစ်အလားတူကာလထက် ၇ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာကာ တစ်နှစ်တာ ရည်မှန်းချက်၏ ၈၄ ဒသမ ၇ ရာခိုင်နှုန်းနှင့်ညီမျှကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက အောက်တိုဘာ ၃၀ ရက်တွင် ထုတ်ပြန်သည်။

ဆင်ဟွာ

ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ သိုလှောင်ရေများ ဆက်လက်လျှော့ချ၊ ပတ်ဝန်းကျင်ကျေးရွာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃၀

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေလျှော့ချနိုင်ရန် တမံ၏ အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ အောက်တိုဘာ ၃၀ ရက် ညနေပိုင်းတွင် တမံရှိရေ ၂၉၆ ဒသမ ၄၅ ပေသာ ကျန်ရှိတော့သဖြင့် ၁၈ ဒသမ ၅၅ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် အဆိုပါ တမံ ဆင်ခြေလျှော နိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများရှိ ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို နယ်မြေခံ တပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

❑ ***ကျောဖုံးမှ***

စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး လုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၆ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၄၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ် အဆောက်အအုံ ၁ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့တွင် ၁၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံး အနက် ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၄ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်ထိထိရောက်ရောက် အလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် အောက်တိုဘာ ၃၀

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၃၁-၁၀-၂၀၂၆ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ်အတွဲ (၅၈)၊ အမှတ် (၄၄)တွင် ပညာရှိဦးဇီးကွက်ကြီး၏ လမ်းညွှန်ဆုံးမပေးမှုကြောင့် အမြင်မှန်ရရှိသွားသည့် ကြက်တူရွေး ရွှေဂဲအကြောင်း သရုပ်ဖော်ထားသည့် “စကားပြောသူနဲ့ နားထောင်သူ” မျက်နှာဖုံးကာတွန်း၊ အသီးအနှံများမှ ရရှိသော အကျိုးကျေးဇူးများအကြောင်းကို ဗဟုသုတဖြစ်ဖွယ်ရေးသားထားသည့် “အသီးများမှရသော ကျန်းမာရေး အကျိုးကျေးဇူးများ” သုတဆောင်းပါးကဏ္ဍ၊ စာပေ၊ ဂီတ၊ သဘင်၊ ရုပ်ရှင်အစရှိသည်တို့နှင့် ပတ်သက်သည့် ယဉ်ကျေးမှုအမွေအနှစ်များရှိရာ စာဆိုဗိမာန်သို့ လာရောက်လေ့လာနိုင်ရန် ဖိတ်ခေါ်သည့် ကြော်ငြာ၊ သူတစ်ပါးကို အလွန်နောက်ပြောင်တတ်သော မြဂျိုး၏ အကျင့်ကြောင့် ခွေးကိုက်ခြင်း ခံလိုက်ရသည်ကို သရုပ်ဖော်ထားသည့် “မြဂျိုး” နှစ်မျက်နှာကာတွန်း၊ မေသက်ထားသည်ကျောင်းတိုင်းတွင် စာဖတ်ဝိုင်းများရှိလျှင် ကျောင်းသားများ စွမ်းရည်ပြည့်ဝ ကောင်းမွန်နိုင်မည်ဖြစ်ကြောင်း သူငယ်ချင်းများအား ပြောပြထားသည်ကို ရေးသားထားသည့် “စာဖတ်ဝိုင်းလေးများ ရှိစေချင်” ဝတ္ထုကဏ္ဍ၊ ကလေးတို့ ပေးပို့သော ပန်းချီလက်ရာများကို ဖော်ပြပေးထားသည့် “ရွှေသွေးတို့ လက်ရာ” ကဏ္ဍ၊ ကစားကွင်းလိုက်ပို့ခိုင်းသည့် ဖိုးတစ်တိုနှင့် ရုပ်ကွက်ကစားကွင်းသို့ လိုက်ပို့ပေးသည့် သူ၏အဖေတို့အကြောင်းကို သရုပ်ဖော်ထားသည့် “ဖိုးတစ်တို” တစ်မျက်နှာကာတွန်း၊ မောင်မေတ္တာသည် ဆင်းရဲသော်လည်း ရိုးသားကြိုးစားပြီး အလုပ်လုပ်ကာ သူဌေးကြီး၏ စမ်းသပ်မှုကို အောင်မြင်သွားသည့်အကြောင်းကိုရေးသားထားသည့် “မေတ္တာစိတ်” ပုံပြင်ကဏ္ဍ၊ ဖိုးဇော်၏ ဆုံးမမှုကြောင့် သူငယ်ချင်းများအပေါ် အနိုင်ကျင့်သည့် ကိုကြယ်တစ်ယောက် အမြင်မှန်ရသွားသည့် အကြောင်းကို သရုပ်ဖော်ထားသည့် “အနိုင်မကျင့်နဲ့” နှစ်မျက်နှာကာတွန်း၊ ဖားကလေး၏ ဖြတ်ထိုးဉာဏ် ကောင်းမှုကြောင့် မြွေ၏ရန်မှ လွတ်မြောက်သွားပုံကို သရုပ်ဖော်ထားသည့် “ဖားနှင့် မြွေ” နှစ်မျက်နှာကာတွန်း၊ အင်္ဂလိပ်စာကဏ္ဍနှင့် ကဗျာကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ပါသည်။ တစ်စောင်ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ် အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

သတင်းစဉ်

ငဖဲမြို့နယ်၌ သီးထပ်စွမ်းအားမြှင့်တင်ရေး ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

ငဖဲ အောက်တိုဘာ ၃၀

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သီးထပ်စွမ်းအားမြှင့်တင်ရေး ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ယမန်နေ့နံနက်ပိုင်းက အိုးမြေတွင်းကျေးရွာအုပ်စုမှ တောင်သူ ၂၀ အား စတင်ထုတ်ချေးပေးလျက်ရှိရာ ငဖဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဒေါ်သီသီမာက သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး ရည်မှန်းစိုက်ပျိုးကြရန် ဆွေးနွေးပြောကြားသည်။

ငဖဲမြို့နယ်တွင် ၂၀၂၆ ခုနှစ်အတွင်း သီးထပ်စွမ်းအားမြှင့်တင်ရေး ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးနိုင်ရေးအတွက် ကျေးရွာအုပ်စု ၈ အုပ်စုမှ တောင်သူများအား ထုတ်ချေးပေးရန် လျာထားပြီး စပါးသီးနှံစိုက်တစ်ဧကလျှင် ငွေကျပ်သုံးသိန်းနှုန်း၊ အခြားသီးနှံစိုက်တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းငါးသောင်းနှုန်းဖြင့် အိုးမြေတွင်းကျေးရွာအုပ်စုမှ တောင်သူ ၂၀ ၏ စပါး ၁၇ ဧကနှင့် အခြားသီးနှံ ၅၁ ဧက စုစုပေါင်း စိုက်ဧက ၆၈ ဧကအတွက် ချေးငွေကျပ် ၁၇၈ ဒသမ ၅၀ သိန်းကို စတင်ထုတ်ချေးပေးခဲ့ပြီး ကျန်ရှိသည့် ကျေးရွာအုပ်စုများမှ တောင်သူများအား သီးထပ်စွမ်းအားမြှင့်တင်ရေး ဆောင်းသီးနှံစိုက်ပျိုးစရိတ်များကို သတ်မှတ်ကာလအတွင်း ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ပျဉ်းမနားမြို့နယ်၌ ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်မည်

နေပြည်တော် အောက်တိုဘာ ၃၀

နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်း ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးအတွက် ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၃၃ ကေဗွီ ပေါင်းလောင်းတိုးချဲ့ဓာတ်အားလိုင်းကို အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဓာတ်အားပိတ်၍ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်စဉ် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူဆိုင်ရာ နေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်သည်။

ထို့အတူ ၂၃၀ ကေဗွီ မြောင်းတကာပင်မဓာတ်အားခွဲရုံရှိ ကွဲအက်ချို့ယွင်းမှုဖြစ်ပေါ်နေသော ကြွေသီးတွဲအစားထိုး လဲလှယ်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁ ရက် နံနက် ၁၁ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်ပြီး ဓာတ်အားပိတ် လုပ်ငန်းဆောင်ရွက်စဉ် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အချို့မြို့/မြို့နယ်များ၊ ရပ်ကွက်များနှင့် ကျေးရွာများ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်သည့်အတွက် ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူမိဘပြည်သူများအား သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်မန်နေဂျာနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်သည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတ တည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

(၃၀-၁၀-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၀ ~ ၃၆၇၁	၅၅၇ ~ ၅၅၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၁,၇၉၁,၁၂၁.၅၆	၁,၉၅၁,၇၄၂.၀၀	၂၃,၁၄၇,၄၀၄.၁၀	

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

နမ့်စန်မြို့နယ် ပေါ်ကွဲကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၀
နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်း ပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ် ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများအား ရှာဖွေဖော်ထုတ်တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက အဆိုပါမြို့နယ်အတွင်း စုံစမ်းရှာဖွေဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် နမ့်စန်မြို့နယ် ပေါ်ကွဲကျေးရွာ၏အနောက်မြောက်ဘက် မီတာ ၁၇၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် တရားမဝင် ထိုင်းနိုင်ငံသား အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၁၈ ဦးတို့အား အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အလျား ပေ ၃၀၊ အနံ ၁၅ ပေ ယာယီလူနေတဲ တစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ၁၀ ပေ ယာယီလူနေတဲ နှစ်လုံး၊ အလျား ပေ ၂၀၊ အနံ ၁၅ပေ ယာယီအလုပ်ရုံတဲ တစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ၁၀ ပေ ယာယီစားချက်ဆောင် တစ်လုံး၊ Star Link နှစ်လုံး၊ ALL In One Computer ခုနစ်လုံး၊ Color Printer တစ်လုံး၊ ဖုန်းမျိုးစုံ ၁၆ လုံး၊ CPU (မကောင်း) နှစ်လုံး၊ မီးစက်ကြီး နှစ်လုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် ပေါ်ကွဲကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုနေရာပြမြေပုံ။

အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နမ့်စန်မြို့နယ် ပေါ်ကွဲရွာအနီး တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများနှင့် ယာယီလူနေတဲများ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။

✪ကျော့ဖုံးမှ
အကြမ်းဖက်အဖွဲ့များအား ထောက်ခံမှုနှင့် အားပေးကူညီထောက်ပံ့မှုများ ပြုလုပ်နေသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကိုလည်း ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

အကြမ်းဖက် NUG အဖွဲ့အနေဖြင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန်နှင့် ၎င်းတို့အဖွဲ့ ရေရှည်ရပ်တည်နိုင်ရန်အတွက် ၂၀၂၂ ခုနှစ် ဩဂုတ်လခန့်မှစတင်၍ Nway Oo Hti Website အား အသုံးပြုကာ တရားမဝင်ထီရောင်းချခြင်းလုပ်ငန်းအား ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ လုပ်ငန်းမှ ရရှိငွေများအား အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေသည့် ၎င်းတို့၏ လက်ဝေခံအဖွဲ့များထံသို့ ထောက်ပံ့လျက်ရှိကြောင်း၊ အကြမ်းဖက် NUG အဖွဲ့သည် နွေဦးထီရောင်းချနိုင်ရန်အတွက် ၎င်းတို့ကိုထောက်ခံ အားပေးသူများအား ကိုယ်စားလှယ်အဖြစ်ထားရှိ၍ တရားမဝင်နွေဦးထီအား ရောင်းချလျက်ရှိကြောင်း အကြမ်းဖက်အဖွဲ့များနှင့် ၎င်းတို့၏လုပ်ရပ်များကို မလိုလားသော အေးချမ်းစွာ နေထိုင်လိုသည့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်များအရ သိရှိရသည်။

အဆိုပါ တရားမဝင်နွေဦးထီရောင်းချသူ ကိုယ်စားလှယ်များအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်ခဲ့ရာတရားမဝင်နွေဦးထီရောင်းချသူ ကိုယ်စားလှယ်များဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ နန္ဒာလှိုင်နှင့် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နေ ဆုမြတ်ဝေ(ခ)လေးပေါင် တို့နှစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံ နန္ဒာလှိုင်သည် PRF ၏ အကြမ်းဖက်ထောက်ပို့အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလခန့်မှစ၍ နွေဦးထီရောင်းချသူ ကိုယ်စားလှယ်အဖြစ် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း၊ နွေဦးထီပေါက်သူများအား တရားမဝင် SDB ဘဏ်အကောင့်အသုံးပြု၍ ၎င်းမှတစ်ဆင့် ပြန်လည်လွှဲပေးရသူဖြစ်ကြောင်း၊ ဖမ်းဆီးရမိ တရားခံ ဆုမြတ်ဝေ(ခ)လေးပေါင်သည် PRF ၏ အကြမ်းဖက်ထောက်ပို့အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ၂၀၂၅ ခုနှစ် ဇွန်လမှစ၍ တရားမဝင်နွေဦးထီရောင်းချသူ ကိုယ်စားလှယ်အဖြစ် လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ၎င်းကိုယ်တိုင် တရားမဝင်နွေဦးထီများအား လစဉ်ဝယ်ယူခဲ့ကြောင်းနှင့် ထီရောင်းချရသည့်ငွေများအား အကြမ်းဖက်အဖွဲ့များထံသို့ လွှဲပြောင်းပေးပို့ခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိ တရားခံ နှစ်ဦးသည် PRF ၏ အကြမ်းဖက်ထောက်ပို့ အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ခြင်း၊ အကြမ်းဖက်ထောက်ပို့ငွေများအား ငွေပေး/ငွေယူ ပြုလုပ်၍ လွှဲပြောင်းပေးခြင်း၊ တရားမဝင်နွေဦးထီလုပ်ငန်းတွင် ထီရောင်းချသူ ကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်ခြင်းတို့ကြောင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက် NUG အဖွဲ့၏ တရားမဝင်နွေဦးထီရောင်းချသူကိုယ်စားလှယ်အဖြစ် ဆောင်ရွက်သူများ၊ ဝယ်ယူအားပေးသူများနှင့် ပါဝင်ပတ်သက်သူများကို ဆက်လက်ဖော်ထုတ် ဖမ်းဆီးသွားမည်ဖြစ်ပါသည်။

CRPH၊ NUG အပါအဝင် အကြမ်းဖက်အဖွဲ့အစည်းများနှင့် အကြမ်းဖက်သမားများအား ထောက်ခံမှု၊ အားပေးကူညီမှုနှင့် ငွေကြေးထောက်ပံ့မှုများ မပြုလုပ်ခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်နှင့်အညီ မိဘပြည်သူများအနေဖြင့် အကြမ်းဖက်အားပေးထောက်ခံမှုပြုလုပ်နေသူများ၏ သတင်းကို သိရှိပါက သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့တိုင်ကြားနိုင်ပြီး သတင်းပေးပို့လာသူများကိုလည်း ထိုက်တန်စွာ ဆုကြေးများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

✳ ကျော့ဖုံးမှ
ယန္တရားပျက်ပြားစေရန်အတွက် နိုင်ငံတော်အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် ပြည်သူလူထုပိုင် အဆောက်အအုံများအား အကြောင်းမဲ့ ဖောက်ခွဲဖျက်ဆီးခြင်းများကို ဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ အကြမ်းဖက်သမားများအား ရှာဖွေဖော်ထုတ် ဖမ်းဆီးခြင်းများကို နေ့/ည မပြတ် အရှိန်အဟုန်မြှင့်ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော လုပ်ရပ်နှင့် အကြမ်းဖက်လုပ်ရပ်များကို မလိုလားသည့် ဒေသခံပြည်သူများ၏ လျှို့ဝှက်သတင်းပေးပို့ တိုင်ကြားချက်အရ ၂၀၂၆ ခုနှစ်အောက်တိုဘာ ၁၀ ရက်တွင် ဟသ်ာတခရိုင် တပ်ရင်း(၃)အမည်ခံ အကြမ်းဖက် PDF အဖွဲ့မှ တပ်ရေးတာဝန်ခံအဖြစ် လုပ်ကိုင် ဆောင်ရွက်လျက်ရှိသော ဝင့်လွှာအောင် (ခ) စစ်ငြိမ်းမေအား လမ်းမတော်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးတွင် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ အကြမ်းဖက်အဖွဲ့ဝင် ဝင့်လွှာအောင်(ခ) စစ်ငြိမ်းမေ၏ ထွက်ဆိုချက်အရ ၂၀၂၂ ခုနှစ် မေလမှ ဇွန်လအထိ အကြမ်းဖက် အုပ်စုအဖြစ် ကြေညာထားသော KNU အဖွဲ့၏ တပ်မဟာ(၇)သို့ သွားရောက်၍ အကြမ်းဖက် စစ်သင်တန်း တက်ရောက်ခဲ့ပြီး တပ်မဟာ(၇)၊ ဟသ်ာတခရိုင် တပ်ရင်း (၁)၊ ဧရာဝတီရိုးမ စစ်ကြောင်းနှင့် ဟသ်ာတခရိုင်တပ်ရင်း(၃)တို့တွင် ရုံးတာဝန်ခံ၊တပ်ရေး/တပ်ထောက် တာဝန်များ စသည့်အကြမ်းဖက် လုပ်ငန်းများတွင် ပူးပေါင်းပါဝင် လုပ်ဆောင်ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် ရန်ကုန်မြို့သို့ ပြန်လာခဲ့ပြီး ရန်ကုန်မြို့၌ ဟသ်ာတခရိုင် တပ်ရင်း(၃)၏ အုပ်ချုပ်ထောက်ပံ့မှုလုပ်ငန်းများအား ဆက်လက်လုပ်ဆောင်ပေးခဲ့ကြောင်း ဖော်ထုတ်သိရသည်။

ဖမ်းဆီးရမိတရားခံ အကြမ်းဖက်အဖွဲ့ဝင် ဝင့်လွှာအောင်(ခ) စစ်ငြိမ်းမေသည် ဟသ်ာတခရိုင် တပ်ရင်း(၃)တွင် တပ်ရေးတာဝန်ခံအဖြစ် စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ အင်အားစာရင်းများ ပြုစုခြင်း၊ အကြမ်းဖက်ထောက်ပံ့ငွေအလွှဲ / အပြောင်းများအား ဆောင်ရွက်ပေးခြင်း၊ နေ့စဉ်ပြန်တမ်းများပေးပို့ခြင်း၊ ထိခိုက်ကျဆုံး/ဒဏ်ရာရ စာရင်းများ ပေးပို့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ဟသ်ာတခရိုင်တပ်ရင်း(၃)၏ အကြမ်းဖက်ထောက်ပံ့ဝင်ငွေ/ထွက်ငွေ ကိစ္စရပ်များအား အွန်လိုင်းငွေကြေး ဝန်ဆောင်မှုစနစ်များ အသုံးပြု၍ လွှဲပြောင်း/လက်ခံခြင်း ပြုလုပ်ခဲ့ကြောင်း၊ ၎င်းထံသို့ အကြမ်းဖက် MOD မှ သုံးလလျှင် တစ်ကြိမ် ပေးပို့သည့် လစာများနှင့် အကြမ်းဖက်အားပေးထောက်ခံသူများမှ ပေးပို့သည့် ငွေများအား အကြမ်းဖက် PDF အဖွဲ့ ဟသ်ာတခရိုင်တပ်ရင်း(၃) မှ တပ်ရင်းမှူးအဆင့်ရှိ ရဲကျော်သူ(ခ)ရဲခေါင်၏ အစီအစဉ်ဖြင့် ပြန်လည်လွှဲပြောင်းပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်သိရသည်။

ဖမ်းဆီးရမိတရားခံ အကြမ်းဖက်PDF အဖွဲ့ဝင် ဝင့်လွှာအောင်(ခ)စစ်ငြိမ်းမေ။

အထက်ပါ ဖမ်းဆီးရမိတရားခံ အကြမ်းဖက်အဖွဲ့ဝင် ဝင့်လွှာအောင်(ခ)စစ်ငြိမ်းမေအား အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုလုပ်ဆောင်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များ၏ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးသတင်း ထုတ်ပြန်အပ်ပါသည်။ **သတင်းစဉ်**

M League အပတ်စဉ် (၆) ပထမနေ့ပွဲစဉ်တွင် ရန်ကုန်စီးတီးနှင့် ISPE နိုင်ပွဲရရှိ

ရန်ကုန် အောက်တိုဘာ ၃၀

Grand Royal M League 2026–2027 အပတ်စဉ်(၆) ပထမနေ့ပွဲစဉ်များကို ယနေ့ ညနေ ၃ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ YUSC ကွင်း၌ ရန်ကုန်စီးတီးအသင်းက မြဝတီအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရကာ အမှတ်ပေးဇယား အဆင့်(၁)နေရာကို တက်ရောက်ခဲ့သည်။

ရန်ကုန်စီးတီးအသင်းအတွက် ဦးဆောင်ဂိုးများကို ပွဲချိန် ၂၆ မိနစ်တွင် ရိုဒရီဂွက်၊ ၄၅+၂ မိနစ်တွင် ဝင်းနိုင်ထွန်းနှင့် ၉၀+၅ မိနစ်တွင် တီဆုချီယာ တို့ကသွင်းယူပေးခဲ့ပြီး မြဝတီအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန်မိနစ် ၄၀ တွင် သော်ဇင်ထွေးက သွင်းယူပေးခဲ့သည်။ AYA Pay Player of the Match ဆုကို ရန်ကုန်စီးတီးအသင်းမှ ယူဂျီက ရရှိခဲ့သည်။

ရန်ကုန်စီးတီးအသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

သီဟဒီပကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် ISPE အသင်းနှင့် ရတနာပုံအသင်းပွဲစဉ်တွင် အပြန်အလှန် သွင်းဂိုးများဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြပြီး ISPE အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ရတနာပုံအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၁၁ မိနစ်တွင် ဂျိုအာအို ဗစ်တာက သွင်းယူပေးခဲ့သော်လည်း ISPE အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၂၆ မိနစ်တွင် စီယန်ပိုက ပြန်လည်သွင်းယူပေးခဲ့ပြီး ပွဲချိန် ၉၀+၁ မိနစ်တွင် ခိုင်ရဲဝင်းက နောက်ကျအနိုင်ဂိုး သွင်းယူပေးခဲ့သည်။ AYA Pay Player of the Match ဆုကို ISPE အသင်းမှ ခိုင်ရဲဝင်းက ရရှိခဲ့သည်။

အပတ်စဉ်(၆) ဒုတိယနေ့ပွဲစဉ်အဖြစ် အောက်တိုဘာ ၃၁ ရက်တွင် ကျောက်တိုင်ကွင်း၌ ရွှေဝတီယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်၊ တောင်ကြီးကွင်း၌ လက်ရှိချိန်ပီယံ ရှမ်းယူနိုက်တက်နှင့် ဒဂုံစတား ယူနိုက်တက်အသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **နေမျိုး၊ ဓာတ်ပုံ–ML**

M League II အပတ်စဉ်(၃) ပြိုင်ပွဲ ဒုတိယနေ့ VUE နေပြည်တော်အသင်း အနိုင်ရ

ရန်ကုန် အောက်တိုဘာ ၃၀

M League II 2026–2027 ပြိုင်ပွဲ၏ အပတ်စဉ် (၃) ဒုတိယနေ့ပွဲစဉ်အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက တက္ကသိုလ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ VUE နေပြည်တော်အသင်းက Asia Lion အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ယနေ့ပွဲစဉ်သည် အမှတ်ပေးဇယား အဆင့်(၅)နေရာမှ VUE နေပြည်တော်အသင်းနှင့် အဆင့်(၈)နေရာမှ Asia Lion အသင်းတို့ တွေ့ဆုံမှုဖြစ်ပြီး VUE နေပြည်တော်အသင်းက ပထမပိုင်းပွဲချိန် ၄၃ မိနစ်တွင် ခွန်ရဲဇော် သွင်းယူပေးခဲ့သည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ရမှတ်မရရှိသေးသည့် Asia Lion အသင်းသည် နိုင်ပွဲရရှိရေး ထိုးဖောက်ကစားခဲ့သော်လည်း ဂိုးဧရိယာအတွင်း အဆုံးသတ်အားနည်းချက်များကြောင့် VUE နေပြည်တော်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ AYA Pay Player of the Match ဆုကို VUE နေပြည်တော်အသင်းမှ ဂိုးသမား မျိုးမင်းလတ်က ရရှိခဲ့သည်။

အပတ်စဉ်(၃) တတိယနေ့ပွဲစဉ်များကို အောက်တိုဘာ ၃၁ ရက် **(ယနေ့)**တွင် Enjoy Brother အသင်းနှင့် Junior Lions အသင်း (တက္ကသိုလ်ကွင်း)၊ Royal Dagon အသင်းနှင့် ရာမညယူနိုက်တက်အသင်း (ပဒုမ္မာကွင်း)တို့ ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။

နေမျိုး၊ ဓာတ်ပုံ–MLII

အဲဗာတန်က နယူးကာဆယ်ကို အနိုင်ရပြီး အီးအက်ဖ်အယ်ဖလား ကွာတားဖိုင်နယ် တက်ရောက်

အီးအက်ဖ်အယ်ဖလား ပြိုင်ပွဲ စတုတ္ထအဆင့်မှ အဲဗာတန်နှင့် နယူးကာဆယ်အသင်း ပွဲစဉ်ကို ဟေးလ်ဒစ် ကန်ဆန်ကွင်း၌ အောက်တိုဘာ ၃၀ ရက် နံနက် ၂ နာရီ ၁၅ မိနစ်တွင် ယှဉ်ပြိုင်ကစားခဲ့ရာ အဲဗာတန်အသင်းက သုံးဂိုး–တစ်ဂိုးဖြင့် နိုင်ပွဲရပြီး ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

အဲဗာတန် အသင်းသည် အသင်းအဓိက ကစားသမား ဂျက်ဂရီးလစ်ချ် ပါဝင်လာခြင်း မရှိသော်လည်း နယူးကာဆယ် အသင်းကို အနိုင်ယူကျော်ဖြတ်ကာ အီးအက်ဖ်အယ်ဖလား ကွာတားဖိုင်နယ် အဆင့်တွင် လိဂ်တူးကလပ် ဖလီးဝုဒ်တောင်း အသင်းနှင့် ယှဉ်ပြိုင်ကစားခွင့်ရရှိခဲ့သည်။

အသက် ၃၁ နှစ်အရွယ် ဂရီးလစ်ချ်သည် အသင်း၏ စည်းကမ်းပိုင်းဆိုင်ရာ ချိုးဖောက်မှုကြောင့် အသင်းကစားသမား စာရင်းမှ ချန်လှပ်ခံခဲ့ရခြင်း ဖြစ်သည်။ အသင်းသမိုင်း တစ်လျှောက် အီးအက်ဖ်အယ်ဖလား ဆွတ်ခူးထားနိုင်ခြင်းမရှိသော အဲဗာတန်အသင်းသည် ၁၉၉၄ ခုနှစ်က အက်ဖ်အေဖလား ဆွတ်ခူးရရှိပြီးနောက် အဓိက ဆုဖလား ဆွတ်ခူးထားနိုင်ခြင်း မရှိပေ။

၂၀၂၅ ခုနှစ်တွင် အီးအက်ဖ်အယ်ဖလား ဆွတ်ခူးရရှိထားသော နယူးကာဆယ်အသင်းသည် အဲဗာတန်အသင်းကို ဂိုးကန်သွင်းချက်အသာနှင့်အတူ ပွဲချိန်အများစု ထိန်းချုပ်ကစားနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်း ခံစစ်နှင့်ဂိုးသမားတို့ဟန့်တားကာကွယ်ထားနိုင်မှုကြောင့် သွင်းဂိုးရရေး အခက်တွေ့ကာ ရှုံးပွဲကြုံတွေ့ပြီး နောက်တစ်ဆင့် တက်လှမ်းခွင့် လွဲချော်ခဲ့သည်။ **အောင်ဇော်**

○ *ကျောဖုံးမှ*

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား/အမျိုးသမီး ဝိတ်တန်းအလိုက် အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မ ပြိုင်ပွဲများကို ယှဉ်ပြိုင်ကြရာ အမျိုးသမီး (၅၃)ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းမှ ဖွေးဖွေးဦးက အမြန်မစံချိန် ၆၄ ကီလို၊ နှစ်ဆင့်မစံချိန် ၈၀ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၄၄ ကီလိုဖြင့် ပထမ၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ ယမင်းသူဇာက အမြန်မစံချိန် ၆၇ ကီလို၊ နှစ်ဆင့်မစံချိန် ၇၆ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၄၃ ကီလိုဖြင့် ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ လင်းလက်ကြယ်စင်က အမြန်မ စံချိန် ၄၀ ကီလို၊ နှစ်ဆင့်မစံချိန် ၄၆ ကီလိုနှင့် စုစုပေါင်းစံချိန် ၈၆ ကီလိုဖြင့် တတိယ ရရှိခဲ့သည်။

ထို့အတူ အမျိုးသား ၆၀ ကီလိုတန်း အုပ်စုအဆင့်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ ညီညီလွင်က အမြန်မစံချိန် ၉၉ ကီလို၊ နှစ်ဆင့်မစံချိန် ၁၂၄ ကီလိုနှင့် စုစုပေါင်းစံချိန် ၂၂၃ ကီလိုဖြင့် ပထမ၊ မကွေးတိုင်းဒေသကြီးအသင်းမှ ထွန်းလင်းက အမြန်မစံချိန် ၉၃ ကီလို၊ နှစ်ဆင့်မစံချိန် ၁၂၀ ကီလိုနှင့် စုစုပေါင်း စံချိန် ၂၁၃ ကီလိုဖြင့် ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ မောင်ဆားက အမြန်မစံချိန် ၈၅ ကီလို၊ နှစ်ဆင့်မစံချိန် ၁၀၅ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၉၀ ကီလိုဖြင့် တတိယရရှိခဲ့သည်။

ယနေ့ပြိုင်ပွဲ၏ အမျိုးသား ၆၀ ကီလိုတန်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ ညီညီလွင်သည် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်မှ သတ်မှတ်ထားသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အမြန်မပြိုင်ပွဲ၏ စံချိန် ၉၈ ကီလိုထက် ကျော်လွန်၍ ၉၉ ကီလိုဖြင့်လည်းကောင်း၊ နှစ်ဆင့်မပြိုင်ပွဲ၏ စံချိန် ၁၂၃ ကီလိုထက်ကျော်လွန်၍ ၁၂၄ ကီလိုဖြင့်လည်းကောင်း၊ အမြန်မနှင့် နှစ်ဆင့်မ စုစုပေါင်းပြိုင်ပွဲတွင် စံချိန် ၂၁၉ ကီလိုထက်ကျော်လွန်၍ ၂၂၃ ကီလိုဖြင့်လည်းကောင်း ပြည်နယ်နှင့် တိုင်းဒေသကြီး၏ စံချိန်သစ်များ တင်နိုင်ခဲ့သည်။

အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲ (အမျိုးသား/အမျိုးသမီး) ကီလိုတန်းအလိုက် အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

▲*ကျောဖုံးမှ*

အခြားတွဲဆိုင်းများအဖြစ် ၅၅ ကီလိုတန်းတွင် နိုင်းနိုင်းအောင်နှင့် နေကိုရဲ၊ ဖြိုးခန့်ပိုင်(မန္တလေး)နှင့် အောင်ကို(အောင်လံ)၊ ၆၈ ကီလိုတန်းတွင် မြတ်လင်း(လှည်းကူး)နှင့် အောင်ပြည့်ဖြိုး(မန္တလေး)၊ ၅၄ ကီလိုတန်းတွင် ဝေယံဦးနှင့် အားမာန်၊ မောင်ချေ(ပေါက်တော)နှင့် ဟိန်းစည်သူဦး(အမ်း)၊ ၆၂ ကီလိုတန်းတွင် ပေါက်ကြီး(ဒေါပုံ)နှင့် ရောဦး(ထားဝယ်)၊ ၅၂ ကီလိုတန်းတွင် ထက်နိုင်ထွန်း(ဂန့်ဂေါ)နှင့် သူရစိုး(ဟသ်ာတ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

နေမျိုး၊ ဓာတ်ပုံ–3MA

❊ *ကျောဖုံးမှ*

Tier–D ပွဲစဉ်များတွင် မြန်မာအသင်းသည် တိုဂိုအသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း အိုမန်ကို သုံးဂိုး–ဂိုးမရှိ၊ မောရိသျှအသင်းကို ငါးဂိုး–ခြောက်ဂိုး(ပယ်နယ်တီ)၊ ဘော့ဆွာနာအသင်းကို သုံးဂိုး–လေးဂိုးတို့ဖြင့် ရှုံးနိမ့်ခဲ့ပြီး ယနေ့ယှဉ်ပြိုင်ခဲ့သည့် အဆုံးအဖြတ်ပွဲတွင် ဘာကီနာဖာဆိုအသင်းကို လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်အတွက် အဆင့်(၁၂၅) နေရာကို ရယူနိုင်ခဲ့သည်။

အဆိုပါဘောလုံးပွဲတော်တွင် ပြိုင်ပွဲဝင် အသင်းပေါင်း ၁၈၉ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အုပ်စု (၃၂) ခုခွဲခြားကာ အုပ်စုပွဲစဉ်များကို ယှဉ်ပြိုင်ခဲ့ကာ အုပ်စုတွင်းရပ်တည်မှုအပေါ် မူတည်၍ ဒုတိယအဆင့် (Tier) ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။

နေမျိုး၊ ဓာတ်ပုံ–MFF

လျှင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာ တက္ကသိုလ် (စစ်ကိုင်း)ကျောင်းဝင်းအတွင်းရှိ စာသင်ဆောင်များ၊ ဝန်ထမ်းနေအိမ်များနှင့် ကျောင်းသား ကျောင်းသူအိပ်ဆောင်အဆောက်အအုံများ ပြန်လည်တည်ဆောက်

မုံရွာ အောက်တိုဘာ ၃၀

လျှင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) ကျောင်းဝင်းအတွင်းရှိ စာသင်ဆောင်များ၊ ဝန်ထမ်းနေအိမ်များနှင့် ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်အဆောက်အအုံများ ပြန်လည်တည်ဆောက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးနှင့် တိုင်းဒေသကြီးဝန်ကြီးများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လျှင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တက္ကသိုလ်ကျောင်းဝင်းအတွင်းရှိစာသင်ဆောင်များ၊ ဝန်ထမ်းနေအိမ်များနှင့် ကျောင်းသား ကျောင်းသူအိပ်ဆောင်အဆောက်အအုံများပြန်လည်တည်ဆောက်ရာတွင် မြေနေရာစနစ်တကျအကွက်ချ တိုင်းတာတည်ဆောက်သွားကြရန် လိုအပ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများအား သတ်မှတ်ဘဏ္ဍာနှစ်အတွင်း စံချိန်စံညွှန်းမီ အရည်အသွေးကောင်းမွန်စွာ တည်ဆောက်သွားကြရန်နှင့် တာဝန်ရှိသူအားလုံးမှ မြေပြင်အထိကွင်းဆင်း ကြီးကြပ်ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းမှာကြားသည်။

ထို့ပြင် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ပါမောက္ခချုပ်က တက္ကသိုလ်၏ စီမံ/အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ၊ ပညာသင်နှစ်အလိုက် သင်ကြားရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် လျှင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စာသင်ဆောင်အဆောက်အအုံ၊ ကျောင်းသားကျောင်းသူအိပ်ဆောင်များ၊ ဝန်ထမ်းနေအိမ်များ အသစ်တည်ဆောက်မည့် လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)ကျောင်းဝင်းအတွင်းရှိ လျှင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပင်မသုံးထပ်ဆောင်ပြင်ဆင်နေမှု၊ ဘွဲ့နှင်းသဘင်ခန်းမပြန်လည်ပြုပြင်ပြီးစီးမှုနှင့်စာကြည့်တိုက်၊ ကွန်ပျူတာ လက်တွေ့အသုံးပြုခန်းများနှင့် လေ့ကျင့်ရေးကွင်းတို့အား လိုက်လံကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

တောင်ကြီးမြို့ အမှတ်(၁၄)အခြေခံပညာအလယ်တန်းကျောင်း၌ သုံးထပ် RCC စာသင်ဆောင်သစ် ဆောက်လုပ်လျက်ရှိ

တောင်ကြီး အောက်တိုဘာ ၃၀

ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အမှတ်(၁၄) အခြေခံပညာအလယ်တန်းကျောင်း၌ သုံးထပ် RCC စာသင်ဆောင်သစ် ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စာသင်ဆောင်သစ် ဆောက်လုပ်နေမှုကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်တို့နှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်တစ်ဆင့် ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ (၂/၂၀၂၆) အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ကော်မတီအတွင်းရေးမှူး ဦးစိုင်းတင်အောင်သိန်းက တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ရမည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို စိစစ်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းများ၊ Myanmar United Farmers Agriculture Co., Ltd. မှ အအေးခန်းသိုလှောင်ရုံ တည်ဆောက်၍ အာလူးမျိုးသိုလှောင်ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းဆောင်ရွက်ရန် အတည်ပြု လျှောက်လွှာတင်ပြလာမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ရှစ်ခု ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၁၉၀ သန်းနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၂၃ ခု ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၆၇၄ သန်း အပါအဝင် ကျပ်သန်း ၆၉၈၁၀ ဒသမ ၄၀၀ ကို ခွင့်ပြုပေးထားခဲ့ပြီး ဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများမှ ရှမ်းပြည်နယ်အတွင်း အလုပ်အကိုင် အခွင့်အလမ်းအနေဖြင့် ပြည်တွင်း ၂၆၅၅ ဦးနှင့် ပြည်ပ ၇၈ ဦးကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

ဇီဝမျိုးစုံ ကြွယ်စေဖို့၊ သဘာဝတောတွေ ထိန်းသိမ်းစို့

(၁၄)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း မလေးရှားနိုင်ငံသို့ထွက်ခွာ

နေပြည်တော် အောက်တိုဘာ ၃၀

မလေးရှားနိုင်ငံ၌ ကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှမလေးရှားနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(၁၄) ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော် (ကြည်း) များ သေနတ်ပစ်ပြိုင်ပွဲကို အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁၉ ရက်အထိ အာဆီယံနိုင်ငံ ၁၀ နိုင်ငံမှ သေနတ်ပစ်အသင်းများဖြင့် ကျင်းပသွားမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲတွင် မြန်မာ့တပ်မတော်မှ ရိုင်ဖယ်အသင်း၊ ကာဘိုင်အသင်း၊ စက်သေနတ်အသင်း၊ ပစ္စတို(အမျိုးသား)အသင်းနှင့် ပစ္စတို(အမျိုးသမီး)အသင်းတို့ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အသင်းခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး

သိန်းစိုးထွန်း ဦးဆောင်၍ အုပ်ချုပ်သူ၊ နည်းပြများနှင့် သေနတ်ပစ်အားကစားသမား စုစုပေါင်း ၅၅ ဦးတို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာနိုင်ငံဟိန္ဒူရှေ့ဆောင်အဖွဲ့ ဗဟိုအမျိုးသမီးဆေးရုံသို့ လျှပ်စစ်ပစ္စည်းများ လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၃၀

မြန်မာနိုင်ငံ ဟိန္ဒူရှေ့ဆောင်အဖွဲ့က လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဗဟိုအမျိုးသမီးဆေးရုံသို့ သွားရောက်၍ လူနာများအတွက် လိုအပ်လျက်ရှိသော ပန်ကာ ၁၁ လုံးနှင့် အခြားလိုအပ်သည့် လျှပ်စစ်ပစ္စည်းများ ပစ္စည်းတန်ဖိုးငွေကျပ်သိန်း ၃၀ ခန့် လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းမှုသည် ဆေးရုံအတွင်း လူနာများ၏ နေ့စဉ်အသုံးပြုမှု အဆင်ပြေစေရန်နှင့် ဆေးရုံပတ်ဝန်းကျင် ပိုမိုအဆင်ပြေ ကောင်းမွန်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ ဟိန္ဒူရှေ့ဆောင်အဖွဲ့အနေဖြင့် ဘာသာ၊ လူမျိုးမရွေး ပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေးနှင့် လူမှုအကျိုးပြုလုပ်ငန်းများတွင် တတ်နိုင်သမျှ ပါဝင်ကူညီ ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

သတင်းစဉ်

လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

နေပြည်တော် အောက်တိုဘာ ၃၀

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

မိုး/ဇလ

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ဇမ္ဗူသီရိမြို့နယ် အမှတ်(၂၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် အောက်တိုဘာ ၃၀

မြန်မာ့သမိုင်းစဉ် ကာလတစ်လျှောက်တွင်အစဉ်အလာကြီးမားခဲ့သည့် ရှေးခေတ်မြန်မာ့တပ်မတော်၏ ဆောင်ရွက်ချက်နှင့် အထွေထွေဗဟုသုတများကို လေ့လာနိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန်၊ ကျောင်းပြင်ပဗဟုသုတများ ရရှိစေရန်နှင့် ကျောင်းသား ကျောင်းသူလူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော် (လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များကို ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့ လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

သတင်းစဉ်

တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းဆင်းပွဲများ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏ တာဝန်များ ထမ်းဆောင်သည့် အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် တက္ကသိုလ်အသီးသီးမှ ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်တက္ကသိုလ်လေ့ကျင့်ရေးတပ်များ၌ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁ ရက်မှ စတင်၍ မိုးရာသီစခန်းချလေ့ကျင့်ရေး သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယနေ့တွင် အောင်မြင်စွာသင်တန်းဆင်း

ပေးနိုင်ခဲ့သည်။

အဆိုပါ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းဆင်းပွဲများကို နေပြည်တော်ကောင်စီနယ်မြေ၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ဗထူးတပ်မြို့၌ လည်းကောင်း၊ မွန်ပြည်နယ် ချောင်းဆုံမြို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ လည်းကောင်း နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဆင်းပွဲများသို့ သက်ဆိုင်ရာနေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းဆင်း အမှာစကားများ အသီးသီးပြောကြားကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက မိုးရာသီစခန်းချ လေ့ကျင့်ရေးသင်တန်းများအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများ၊ ဆုတံဆိပ်ရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများနှင့် ဆုရရှိကြသူများက အသီးသီး လက်ခံရယူကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ သင်တန်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၅၁၂ ဦးတို့ကို သင်တန်းကာလအား ရက်ပေါင်း ၃၀ ဖွင့်လှစ်၍ ကိုယ်လက်ကြံ့ခိုင်ရေးဘာသာရပ်၊ မြန်မာ့သိုင်းဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ လက်နက်ငယ်ဘာသာရပ်၊ ကိုယ်စီစစ်မြေပြင်ကျွမ်းကျင်မှု ဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်၊ သဘောတရားရေးဆိုင်ရာ ဘာသာရပ်၊ စစ်မြေပြင်အင်ဂျင်နီယာဘာသာရပ်၊ ကျန်းမာရေးနှင့် ရှေးဦးသူနာပြုဘာသာရပ်များနှင့် စက်ပစ်ကွင်း လက်တွေ့ပစ်ခတ်ခြင်းသင်ခန်းစာများအား လေ့ကျင့်သင်ကြားပေးခြင်းအပြင် အထွေထွေဗဟုသုတရရှိစေရေးအတွက် ပြင်ပလေ့လာရေးခရီးစဉ်များကိုလည်း လိုက်ပါပို့ဆောင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တမူးမြို့ မြို့မကျောင်းလမ်းအား စုပေါင်းလှူဒါန်းငွေကျပ်သိန်း ၅၀ နှင့် ဘိလပ်မြေများစုပေါင်းကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကွန်ကရစ်လမ်းအရှည်ပေ ၁၅၀၊ အကျယ် ၁၂ ပေ ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့်တာဝန်ရှိသူများက အောက်တိုဘာ ၃၀ ရက်တွင် ကွင်းဆင်းစစ်ဆေးကြစဉ်။

ရတနာ(တမူး)

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက် အကွက် (၄၇၃ / ၄၇၄)အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး တစ်အိမ်တက်ဆင်း ကြည့်ရှုစစ်ဆေးခြင်းကို အောက်တိုဘာ ၂၉ ရက်က ဒုတိယမြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ခန့် ဦးဆောင်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်းအဖွဲ့ ဆောင်ရွက်စဉ်။

အလင်းသစ် (ပြန်/ဆက်)

ချိန်ခါမရွေးသတိပေး မီးဘေးသတိပြု

❖ကျောဖုံးမှ

မြန်မာတက်ဂ်ဘောလက်ရွေးစင်အသင်းအနေဖြင့် Men's Double ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အတွဲ သုံးတွဲ၊ Women's Double ပြိုင်ပွဲတွင် အတွဲနှစ်တွဲဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ပထမပြိုင်ပွဲတွင် မြန်မာအသင်းမှ ကိုကိုလွင်နှင့် ရာဇာတို့အတွဲသည် ရိုမေးနီးယားအတွဲနှင့်လည်းကောင်း စတင်ယှဉ်ပြိုင်ခဲ့ပြီး အောင်ကျော်နှင့် ဖိုးသဲတို့အတွဲသည် ထိုင်းအတွဲနှင့် လည်းကောင်း၊ ကိုကိုလွင်နှင့် ရာဇာတို့အတွဲသည် ထိုင်းအတွဲနှင့် လည်းကောင်း ယှဉ်ပြိုင်ခဲ့သည်။

အလားတူ မြန်မာအသင်းမှ စောဖရိုက်ဒေးနှင့် စည်သူထွန်းတို့အတွဲသည် ဒုတိယပြိုင်ပွဲအဖြစ် ထိုင်းအတွဲနှင့်လည်းကောင်း၊ အောင်ကျော်နှင့် ဖိုးသဲတို့အတွဲသည် လက်ရှိကမ္ဘာ့အဆင့်(၁)အတွဲ ရိုမေးနီးယားအတွဲနှင့် လည်းကောင်း ဆက်လက်ယှဉ်ပြိုင်ခဲ့သည်။

FITEQ World Series 2026 Ayutthaya ပြိုင်ပွဲသည် FITEQ Teqball Tour ပြိုင်ပွဲကြီးဖြစ်၍ World Ranking မြင့်သည့် ကမ္ဘာ့ထိပ်သီးနိုင်ငံများမှ အားကစားသမားများနှင့် ရင်ဆိုင်ပြီး ယှဉ်ပြိုင်ခဲ့ရသော်လည်း ရလဒ်ကောင်းများရရှိအောင် မြန်မာ့တက်ဂ်ဘောလက်ရွေးစင်အားကစားသမားများအနေဖြင့် ပြိုင်ပွဲအတွေ့အကြုံများနှင့် အားကစားသမားတစ်ဦးချင်း၏ ကြိုးစားမှုများ ပေါင်းစပ်ပြီး အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

တိုက်ကြီးမြို့နယ်၌ (၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် သန့်ရှင်းရေးဆောင်ရွက်

တိုက်ကြီး အောက်တိုဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ (၃၈) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယမန်နေ့က ချင်းကုန်းကျေးရွာ အုပ်စု မုန်ပြတောင်တော်၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးသူအောင်၊ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများက မုန်ပြတောင်တော်ရှိ လမ်းလေးဝဲယာ တစ်လျှောက်တွင် အမှိုက်များသိမ်းဆည်းခြင်း၊ မြက်ပင်များ၊ ချုံနွယ်များ ရှင်းလင်းခြင်းနှင့် တောင်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော စေတီတော်များတွင် သန့်ရှင်းရေးပြုလုပ်ခြင်း စသည့်ပြည်သူ့အကျိုးပြု လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

နတ်မောက်မြို့နယ်၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြော

နတ်မောက် အောက်တိုဘာ ၃၀

နတ်မောက်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အင်းကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဆရာမ ဒေါ်ငယ်က အပူဒဏ်ကာကွယ်ရန် အရိပ်ရ၍ အေးမြသည့်နေရာတွင်နေပါ၊ အရောင်ဖျော့သည့် ပွပွချောင်ချောင် ချည်ထည်ကိုဝတ်ပါ၊ အပြင်ထွက်လျှင် ထီး၊ ဦးထုပ်ဆောင်းပါ၊ နေရောင်ခြည်နှင့် တတ်နိုင်သမျှ ရှောင်ပါ၊ နေပူထဲမှပြန်လာပြီး ချက်ချင်း ရေမချိုးပါနှင့် အရိပ်ရအေးမြသည့် နေရာမှာ အနားယူပါ စသည့်အကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

လှဝင်း

မတ္တရာမြို့နယ်၌ ရုံးဝင်းနှင့် အိမ်ခြံများအတွင်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးရန်အတွက် မျိုးစေ့နှင့် ပျိုးပင်များ ပေးအပ်

မတ္တရာ အောက်တိုဘာ ၃၀

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ ဌာနဆိုင်ရာရုံးဝင်း၊ ဝန်ထမ်းအိမ်ရာများနှင့် နေအိမ်များ၌ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့၊ ပျိုးပင်များနှင့် အပင်အားဆေးများ ဖြန့်ဝေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းနှင့် တာဝန်ရှိသူတစ်ဦးက Home Gardening စိုက်ပျိုးဆောင်ရွက်နိုင်ရေး၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရန်အတွက် မျိုးစေ့နှင့် ပျိုးပင်များပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မျိုးစေ့များ၊ ပျိုးပင်များနှင့် အပင်အားဆေးများကို ပေးအပ်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ရွှေရာသား

ခန္တီးမြို့၌ အာဖရိကဝက်အပြင်းဖျားရောဂါ ပညာပေးသင်တန်းဖွင့်

ခန္တီး အောက်တိုဘာ ၃၀

ခန္တီးခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံး၌ အာဖရိကဝက်အပြင်းဖျားရောဂါ ပညာပေးသင်တန်းကို ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

သင်တန်းတွင် ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအောင်ခိုင်ထွေးက အယ်လ်နီညိုရာသီဥတု ဒဏ်ကြောင့် ဖြစ်ပွားလာနိုင်သည့် တိရစ္ဆာန်အစာရေစာရှားပါးမှုအတွက် ကြိုတင်ပြင်ဆင်ရမည့်နည်းလမ်းများ၊ အာဖရိကဝက်အပြင်းဖျားရောဂါအကြောင်းနှင့် ကာကွယ်ထိန်းချုပ်ရေးနည်းလမ်းများကို သင်ကြားပို့ချလျက်ရှိပြီး အဆိုပါသင်တန်းကို အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

လယ်ဝေးမြို့နယ်၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး အသိပညာပေး

လယ်ဝေး အောက်တိုဘာ ၃၀

လယ်ဝေးမြို့နယ် ကြို့ကုန်းကျေးရွာ၌ အယ်လ်နီညိုရာသီဥတုကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး အသိပညာပေးခြင်းကို

အောက်တိုဘာ ၂၉ ရက်က အဆိုပါကျေးရွာ၌ကျင်းပရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေါ်စန္ဒာဝင်းက အယ်လ်နီညိုရာသီဥတုကြောင့် မိုးရွာသွန်းမှုများ မမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေကိုကြိုတင်စုဆောင်းထားရှိရန်၊ ရေကိုလေလွင့်မှုမရှိအောင် စနစ်တကျသုံးစွဲကြရန်နှင့် အယ်လ်နီညိုအပူဒဏ်ကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရန်အချက်များ၊ ရှောင်ကြဉ်ရန်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက တက်ရောက်လာသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ မြို့နယ်(ပြန်/ဆက်)

တောင်ငူမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

တောင်ငူ အောက်တိုဘာ ၃၀

တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နတ်သျှင်နောင်ခန်းမ၌ အောက်တိုဘာ ၂၈ ရက်က တောင်ငူခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေ

တိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများမှ လုပ်ငန်းထူထောင်လုပ်ကိုင်သူများအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး ပစ္စည်းများပေးအပ်ပွဲ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်၍ အသက်မွေးဝမ်းကျောင်း သင်တန်းများမှ ထူးချွန်သင်တန်းသား သင်တန်းသူများအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မိတ္ထီလာမြို့နယ်၌ ကန်သာအေး-အောင်သာလမ်း မြေသားတင်ဂျင်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မိတ္ထီလာ အောက်တိုဘာ ၃၀

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မိတ္ထီလာမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၇၁ ဒသမ ၄၅၂ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော ကန်သာအေး -အောင်သာလမ်း အရှည်ပေ ၁/၃ မိုင်၊ အကျယ် ၁၈ ပေ၊ ၃၂ ပေ ၄ လက်မရှိ မြေသားတင်ဂျင်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၉ ရက်က ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသိန်းဝင်းနှင့် မြို့နယ်ဦးစီးအရာရှိ(မြို့ပြ)တို့က ကွင်းဆင်းစစ်ဆေးသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

သရက်မြို့၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေး

သရက် အောက်တိုဘာ ၃၀

သရက်မြို့နယ်၌ မကွေးတိုင်းဒေသကြီးကွပ်ကဲမှုအောက်ရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ရှေ့ပြေးစီမံကိန်းအဖြစ် စတင်စမ်းသပ်ဆောင်ရွက်မည့် (M-TRACES) စနစ်နှင့် အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးချမ်းငြိမ်းအေးနှင့် တာဝန်ရှိသူများက Pilot project (M-TRACES) စနစ်နှင့် တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ ပြောစာများအပေါ်တွင် အခွန်ထမ်းမှတ်ပုံတင်ခြင်းနှင့် လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်စစ်ဆေးခြင်းစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက သိလိုသည်များကို မေးမြန်း

ကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များနှင့် လုပ်ငန်းရှင် ၁၁၃ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

မောင်လှလင်(သရက်)

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ပုသိမ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုများလှူဒါန်း

ပုသိမ် အောက်တိုဘာ ၃၀

ပုသိမ်မြို့နယ်အတွင်းရှိဘုန်းတော်ကြီးကျောင်းများအား ဝါလကင်းလွတ်သီတင်းကျွတ်အခါသမယ အထိမ်းအမှတ်အဖြစ် ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုများ လှူဒါန်းပွဲကို အောက်တိုဘာ ၂၉ ရက်က ကျင်းပရာ

ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်သက်သက်ဆွေ၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ပုသိမ်မြို့ အမှတ်(၈)ရပ်ကွက်ရှိ မဟာမြိုင်ဘုန်းတော်ကြီးကျောင်းနှင့် အမှတ်(၅)ရပ်ကွက်ရှိ ဓာတုဝိဇ္ဇာကျောင်းတိုက်တို့သို့ သွားရောက်၍ ဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ကျောင်းရှိ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ နာယကနှင့်အဖွဲ့ဝင်များသည် အမှတ်(၃)ရပ်ကွက်ရှိ ဇေတဝန် (ပရဟိတ) ကျောင်းတိုက်သို့ သွားရောက်ပြီး ဆရာတော်ထံသို့ ကျောင်းရှိ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မိုင်းပျဉ်းမြို့၌ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်း ဆင့်ပွားသင်တန်းဖွင့်

မိုင်းပျဉ်း အောက်တိုဘာ ၃၀

မိုင်းပျဉ်းမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်း ဆင့်ပွားသင်တန်းကို ယနေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းကျော်က သင်တန်းဖွင့်လှစ်

ရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။ ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရမည့် အကြောင်းအရာ အချက်အလက်ပုံစံများ ဖြန့်ဝေပေးပြီး မြို့နယ်ဦးစီးမှူး ဒေါက်တာမြင့်သန်းက သင်တန်းပို့ချပေးကာ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ မွေးမြူရေးဆိုင်ရာ အကြောင်းအရာများကို ဆက်လက် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

နန်းသန္တာဦး(ပြန်/ဆက်)

တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်၌ လူငယ်နှင့်အခွင့်အလမ်းအကြောင်း အသိပညာပေးဆွေးနွေး

တောင်တွင်းကြီး အောက်တိုဘာ ၃၀

တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် လူငယ်နှင့်အခွင့်အလမ်းအကြောင်း အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၂၉ ရက်က ကျင်းပသည်။

အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်နှင့် ဒေါ်မိုင်စန်းသီတာဌေးတို့က လူငယ်တွေရဲ့ဘဝအခွင့်အလမ်းနှင့် ပတ်သက်၍ အခြေခံကျသည့်အခွင့်အလမ်း၊ ထူးချွန်သည့်လူသားအရင်းအမြစ်မွေးထုတ်ရေးအခြေခံကျသည့် လုပ်ငန်းများအကြောင်း၊ လူငယ်များအတွက် ပညာရေးအခွင့်အလမ်းအပြင် အခြားအရေးပါသည့် အခွင့်အလမ်းရရန် ဘာများလိုအပ်လဲ၊ ပညာရေးအခွင့်အလမ်းကောင်းပေမယ့် အလုပ်အကိုင်အခွင့်အလမ်းမရှိရင် ဘယ်လိုဖြစ်နိုင်လဲ၊ လူငယ်တွေအတွက် အခွင့်အလမ်းဖော်ဆောင်ရာတွင် စိန်ခေါ်မှုများရှိသည်နှင့် ပတ်သက်ပြီး ဆွေးနွေးပြောကြားသည်။

ဦးမျိုး(ဗိသနိုးမြေ)

ကျောင်းကုန်းမြို့၌ တိရစ္ဆာန်ကောင်ရေစာရင်းကောက် ဆင့်ပွားသင်တန်းဖွင့်

ကျောင်းကုန်း အောက်တိုဘာ ၃၀

ကျောင်းကုန်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ တိရစ္ဆာန်ကျန်းမာရေးလုပ်သားများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများအား တိရစ္ဆာန်ကောင်ရေစာရင်းကောက် ဆင့်ပွားသင်တန်းကို အောက်တိုဘာ ၂၉ ရက်က ကျင်းပသည်။

ဦးစွာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာ လမင်းကိုကိုက တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ထုတ်လုပ်မှုစာရင်းဇယားများ အတည်ပြုနိုင်ရန် တစ်မြို့နယ်လုံး အတိုင်းအတာဖြင့်

တိရစ္ဆာန်ကောင်ရေစာရင်း ကွက်ပြည့်ကောက်ယူနိုင်ရန်အတွက် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဝင်းကြိုင်(ပြန်/ဆက်)

အောင်လံမြို့၌ တောင်သူများအား ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေး

အောင်လံ အောက်တိုဘာ ၃၀

မကွေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အောင်လံမြို့နယ်ဘဏ်ခွဲမှ ၂၀၂၆ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၉ ရက်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲ၌ ကျင်းပရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲမှူး မန်နေဂျာ ဒေါ်မို့မို့က ဈေးကုန်းရပ်ကွက်မှ တောင်သူ ၂၂ ဦးသို့ စိုက်ပျိုးစရိတ်ချေးငွေကျပ် သိန်း ၃၃၂ ဒသမ ၅၀ ထုတ်ချေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

လှည်းကူးမြို့နယ်၌ ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ပါ ကဏ္ဍကြီး(၆) ရပ်အား သင်တန်းပို့ချ

လှည်းကူး အောက်တိုဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ခရောင်ကျေးရွာတွင် ကျေးလက်ဒေသ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ပါ ကဏ္ဍကြီး ၆ ရပ်အား သင်တန်းပို့ချခြင်းကို ယနေ့နံနက်က ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက သက်ကြီးပုဂ္ဂိုလ်များအား ကန်တော့ပစ္စည်းများဖြင့် ဂါရဝပြုကန်တော့သည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးနှင့် အတွင်းရေးမှူးတို့က ကျေးရွာစီမံချက်ပါ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး

အမျိုးသမီးရေးရာအဖွဲ့က တက်ရောက်လာသော ဆယ်အိမ်စုမှူး သင်တန်းသူများအား ဝတ်စုံနှင့် ဆီ၊ ဆပ်ပြာရည်၊ အိမ်သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **အိရွှေစင်လတ်(ပြန်/ဆက်)**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၁-၁၀-၂၀၂၆ စနေနေ့

MRTV HD

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်များကပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ခြင်း
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ Weekly Sports Info
- ၀၈:၄၀ ဂုဏ်ပြုထိုက်သော အနုပညာအငွေ့ (အပိုင်း-၂)
- ၀၉:၁၀ ဝိုင်းဝန်းကြိုးစား ဝါကတ္တာမြင့်မား
- ၁၀:၃၅ လူငယ်ရေးရာအစီအစဉ်
- ၁၁:၀၅ ချစ်စရာအရွယ်ကစားကြမယ်
- ၁၁:၄၀ တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'ငေါင်' (အပိုင်း-၁၀)
- ၁၃:၃၀ MRTV National News
- ၁၆:၄၀ ပုံပြင်ကမ္ဘာအစီအစဉ် 'နေကြာပန်းလေးဖါဖါ'
- ၁၇:၁၅ Listen To the Earth "What happens Before a Volono Erupt's"
- ၁၇:၃၅ The Sports Editor's Top Picks Of This Week
- ၁၈:၃၅ ဂုဏ်ပြုထိုက်သော အနုပညာအငွေ့ (အပိုင်း-၂)
- ၁၈:၅၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ 'ငေါင်' (အပိုင်း-၁၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၄၀ နိပါတ်တော်လာဇာတ်သဘင်မဟာ 'ဥမ္မာဒန္တီဇာတ်' (ဒုတိယပိုင်း)

mitv

- 07:01 Evergreen Classic; Dhamma Set Taw (Sein Lei Lei)
- 07:07 Weekly Review
- 07:25 Artworks by Female Artists across Generations
- 07:38 Myanmar Family Life: Rest & Recreation at the Zoo
- 08:01 News
- 08:26 Lifestyle & Entertainment (Weekly Updates)
- 08:38 Quiz Time (Ep-121)
- 10:01 News
- 10:26 Children's Delight: National Library for Children (I'm an Elephant)

MWD

- ၀၆:၀၀ အဖွင့်၊ ဓမ္မဂီတာတေးသီချင်းများ
- ၀၆:၂၅ Let's Pang Pang (36)
- ၀၆:၅၀ မြန်မာသံစဉ်တေးများ
- ၀၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပျော်ရွှင်မှုရှာပုံတော်' (အပိုင်း-၂)
- ၀၈:၁၀ မြန်မာဇာတ်လမ်းတွဲ 'အသဲနှားဆုံးသစ်ပင်' (အပိုင်း-၁၃)
- ၀၈:၄၅ ဘဝနှင့်အနုပညာ 'ထူးခြားထင်ရှားအနုပညာများဖြင့်' (အပိုင်း-၂)
- ၀၉:၄၀ မြန်မာရုပ်ရှင်(ပြမည်း) 'ချစ်ရေစင်'

MRTV NRC

- ချင်း(လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀) ပျော်ပင်စိုက်ပျိုးနည်း
- ချင်း(ချိုး) (၀၇:၀၀ မှ ၀၈:၀၀) ချင်းပြည်နယ်၏အလှအပများ
- မွန် (၀၈:၀၀ မှ ၁၀:၀၀) ရှေးဟောင်းအမွေအနှစ်တို့တည်ရာ ဦးနာအောက်ဘုရား(မွန်)
- ရခိုင် (၁၀:၀၀ မှ ၁၂:၀၀) လေးရှင်းတောင်မီးပြတိုက်ဟောင်း
- ရှမ်း (၁၂:၀၀ မှ ၁၄:၀၀) ဝင်လောင်းရှမ်းတစ္ဆေ
- ဝ (၁၄:၀၀ မှ ၁၆:၀၀) 'ဝ' ရိုးရာတူရိယာအကြောင်း
- ကချင် (၁၆:၀၀ မှ ၁၈:၀၀) တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာများ
- ကယား (၁၈:၀၀ မှ ၂၀:၀၀) ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၉)
- ဝကကကရင် (၂၀:၀၀ မှ ၂၁:၀၀) စဝ်လဲရေတံခွန်သို့အလည်တစ်ခေါက်
- အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀) ဆီးချိုသွေးချိုရောဂါအကြောင်းသိကောင်းစရာ
- အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀) မုလအိ(၂)

MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှပ်လှပ်ရှားရှားအားကစား
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၄၅ လူငယ်တို့အတွက်လမ်းပြကြယ်
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၁၅ Bird Eye View
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၄၅ ရွှေသိုင်းချိုမည်ပန်းတိုင်ဆီ
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ကျင်းပမှု(Replay)
- ၂၀:၀၀ လွှတ်တော်သတင်း(၃၀-၁၀-၂၀၂၆)

MRTV FARMERS

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၂၅ စိုက်ပျိုးရေးထွက်ကုန်များ တန်ဖိုးမြှင့်ပိုမိုထုတ်လုပ်နိုင်ရေး MSME ဖြင့်မြှင့်တင်ပေး
- ၀၇:၀၀ သုတာပဒေသာစိုက်ပျိုးနည်းပညာ
- ၀၈:၀၀ ပဲပုပ်သီးနံ့ရဲ့အလားအလာ
- ၀၉:၀၀ တောင်သူဘဝမြှင့်တင်ဖို့စနစ်ကျလယ်မြေဖော်ထုတ်ကြပါစို့
- ၁၀:၃၀ လောကီလှည့်(ရေဒီယိုဇာတ်လမ်း)

MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Soccer View
- ၀၈:၀၀ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (အမျိုးသမီး-ငှယောက်တွဲ) ပိုက်ကျော်ခြင်းပြိုင်ပွဲ (Replay)
- ၀၉:၄၅ MRTV Sportainment
- ၁၉:၀၀ အားကစားသတင်း

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ ညနေ (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

ပေါင်မြို့နယ်၌ မိုးစပါးရိတ်သိမ်းနိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ပေါင် အောက်တိုဘာ ၃၀

မွန်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမင်းမြင့်မောင်လေးသည် ပေါင်မြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၌ မြေယာစီမံခန့်ခွဲမှု လုပ်ငန်းများ စနစ်တကျရှိစေရေး၊ စိုက်ပျိုးမြေများ အခြားနည်းသုံးစွဲမှု မရှိစေရေးနှင့် တောင်သူလယ်သမားများ၏ မြေယာပြဿနာများအား မြေပြင်ကွင်းဆင်း၍ မှန်မှန်ကန်ကန် လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်ပေးရေးတို့ကို အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံမှာကြားပြီး ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးနှင့်အတူ ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပေါင်မြို့နယ်အတွင်း မိုးစပါးရိတ်သိမ်းနိုင်ရေးအတွက် စက်သုံးဆီအရောင်းဆိုင်များသို့ PO ချထားပေးမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းအခမ်းအနားသို့ တက်ရောက်ကာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပေါင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်မည့် ဇင်းကျိုက်-တပ်မှူးချောင်-ဘိုင်လောင်းလမ်း (၀ ဒသမ ၈ ကီလိုမီတာ) အဆင့်မြှင့်တင်ခြင်းလုပ်ငန်းခွင်သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးသည် ပေါင်မြို့နယ်ရှိ စိုက်ပျိုးရေးစံပြကွက်

များနှင့် စိုက်ခင်းများ၌ မိုးစပါးအောင်မြင်ဖြစ်ထွန်းနေမှု၊ စိုက်ပျိုးရေရရှိမှုနှင့် ဖျက်ပိုးမွှားကျရောက်မှု မရှိစေရေးအတွက် ကြိုတင်ကာကွယ်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ကန်ဖြူကျေးရွာအဝင်လမ်း အပိုင်း (၂) ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မွန်မလေး (ပြန်/ဆက်)

သာယာဝတီ၌ မိုးစပါးရေဆင်းပေါ်ဆန်း ရိတ်သိမ်း

သာယာဝတီ အောက်တိုဘာ ၃၀

ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိုဦးနှင့်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက သာယာဝတီမြို့နယ် သင်တောရိုး ကျေးရွာအုပ်စု ကွင်းအမှတ်(၁၂၅၀)ရှိ ရေဆင်းပေါ်ဆန်းစပါး ဧက ၁၀၀ ရိတ်သိမ်းရာတွင် မိုးစပါးရေဆင်းပေါ်ဆန်း ၁ တစ်ဧကအထွက်နှုန်း ၈၂ ဒသမ ၃ တင်းနှုန်း (အစို)ထွက်ရှိသည့် အခြေအနေများကို ကြည့်ရှုသည်။ ထို့နောက် ခရိုင်နှင့်မြို့နယ် စိုက်ပျိုးမွေးမြူရေးကြီးကြပ်မှုကော်မတီအဖွဲ့မှ ဌာနဆိုင်ရာများ၊ သာယာဝတီခရိုင်အတွင်းရှိ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ မိုးညို၊ အုတ်ဖို၊ ကြို့ပင်ကောက်မြို့နယ်များမှ ရေဆင်းပေါ်ဆန်းစပါး စိုက်ပျိုးသော တောင်သူများနှင့်တွေ့ဆုံပြီး ရေဆင်းပေါ်ဆန်းစပါး တိုးချဲ့စိုက်ပျိုးကြရန် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ကြရန် ပြောကြားသည်။

သန့်ဇော် (ပြန်/ဆက်)

ပုသိမ်ကြီးမြို့နယ် မန္တလေး-ချောင်းဝန်းလမ်းမကြီး ကတ္တရာရေပိတ်လွှာလောင်းခြင်း ဆောင်ရွက်

ပုသိမ်ကြီး
အောက်တိုဘာ ၃၀

၂၀၂၆- ၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ပုသိမ်ကြီးမြို့နယ်၊ (မန္တလေး - ချောင်းဝန်း) လမ်းမကြီး၊ ၂၅ မီလီမီတာ၊ ၅၀ မီလီမီတာ ကျောက် ၇၅ မီလီမီတာ ထုထည်ခင်းကြိတ်၍ ကတ္တရာရေပိတ်လွှာ ထပ်လောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လမ်းပိုင်းဆောင်ရွက်ရာတွင် တာဝန်ယူဆောင်ရွက်သည့် ကုမ္ပဏီမှ (၀ ဒသမ ၅) ကီလိုမီတာ အရှည်၊ (၁၂ ဒသမ ၁၉) မီတာ အကျယ်အား ၂၅ မီလီမီတာ၊ ၅၀ မီလီမီတာ ကျောက် ၇၅ မီလီမီတာ ထုထည်ခင်းကြိတ်၍ ကတ္တရာရေပိတ်လွှာ ထပ်လောင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ရွှေရန်ကင်း)

ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ပဲခူးမြို့၊ ညောင်ဝိုင်းတောင်ပိုင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၁၀)၊ အကွက်အမည်-ညောင်ဝိုင်းတောင်ရပ်၊ ဦးပိုင်အမှတ်(၁၃၈)၊ ဧရိယာ(၀.၀၂၇)ဧကရှိ ဘိုးဘပိုင်မြေအား ဦးအာဒူချင်းနားနှင့် ဦးချဲဒပသီးအမည်သို့ အမည်ပြောင်း လျှောက်ထားခြင်းအား ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးအာဒူချင်းနား (၀၉-၄၂၈၁၂၄၃၆၉) နှင့် ဦးချဲဒပသီး

ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ပဲခူးမြို့၊ ညောင်ဝိုင်းမြောက်ပိုင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၆)၊ အကွက်အမည်-ညောင်ဝိုင်းမြောက်ရပ်၊ ဦးပိုင်အမှတ်(၅၈)၊ ဧရိယာ (၀.၁၀၇)ဧကရှိ ဘိုးဘပိုင်မြေအား ဒေါ်နှင်းရီ အမည်သို့ အမည်ပြောင်း လျှောက်ထားခြင်းအား ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်နှင်းရီ ဖုန်း-၀၉-၇၉၇၉၀၀၀၇၉

ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ပဲခူးမြို့၊ ဇိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၄A)၊ အကွက်အမည်-ဇိုင်းဂနိုင်းရပ်၊ ဦးပိုင် အမှတ်(၈၆)၊ ဧရိယာ (၀.၀၂၆)ဧကရှိ ဘိုးဘပိုင်မြေအား ဦးအောင်ဇော်မျိုး အမည်သို့ အမည်ပြောင်း လျှောက်ထားခြင်းအား ကန့် ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်ဇော်မျိုး ဖုန်း-၀၉-၄၂၈၁၇၉၂၂၆

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ- ၂၀)
ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၇၈

၁။ ဦးဟန်ညီဝင်း နှင့် ဦးတင်လှိုင်
၂။ ဒေါ်သီရိနိုင်
တရားလိုများ တရားပြိုင်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ ၆၆(ဘီ)လမ်း၊ ၁၀၈x၁၀၉ လမ်းကြားနေ ဦးတင်လှိုင် (ဘ) ဦးရွှေငို (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဟန်ညီဝင်းနှင့် ဒေါ်သီရိနိုင်တို့က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၈)၊ ဦးပိုင်အမှတ်(၄၀)၊ ဧရိယာ(၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်းပေ(၂၀x၆၀)အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်(၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင်သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာမှတ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နန်းလဲ့ရည်စိုးဦး)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ချမ်းမြသာစည်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီလမ်း၊ ပါရမီကွန်ဒိုမီနီယမ်၊ တိုက်အမှတ်(7+1) D ဟုခေါ်တွင်သော အဆောက်အအုံ၏ တတိယထပ်၊ အခန်းအမှတ်(၃၀၂)ဟုခေါ်တွင်သော ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချသူဒေါ်သန်းသန်းဝင်း(၉/မခန(နိုင်)၁၅၃၅၃၇)ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ အရောင်းတန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်သည်။ အဆိုပါကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်တင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးအေးမြင့်(၁၂/အစန(နိုင်)၁၁၈၂၈၁)၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ချယ်ရီဝင်း (LL.B , D.B.L, WI.P.O(switzland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၀၁)
အမှတ်(၆၇၂)၊ (၇)လမ်း၊ သမိုင်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၀၁၅၅၁၆၆၀၊ ၀၉-၄၃၀၀၉၅၁၆

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့၊ အိမ်မဲကြီးရပ်ကွက်၊ (၂) လမ်းရှိ ဦးပိုင်အမှတ် - ၁၆၂၊ ဦးရွှေထိုက် -ဒေါ်သိန်းအမည်ပေါက် ဘိုးဘွားပိုင်မြေ အမျိုးစား၊ ဧရိယာ(၀.၀၅၅) ၊ အလျားပေ (၄၀)၊ အနံပေ(၆၀)အကျယ်အဝန်းရှိ ခြံမြေနှင့် ထိုခြံမြေပေါ်ရှိ တစ်ထပ်တိုက်နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ဆက်ခံကာ လက်ရှိထားပိုင်ဆိုင်ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုသူ ဒေါ်ကြည်ကြည်နု (ခ) ဒေါ်ကြည်ကြည်ဌေး ၁၄/အမန(နိုင်) ၀၀၈၂၇၈ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုပါကခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား မူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစည်သူ(LL.B)
(အထက်တန်းရှေ့နေ)(စဉ်-၄၃၇၂၅)
အမှတ်(၅၁၁)၊ ပိတောက်ရွှေဝါလမ်း၊ ချောင်းဝရပ်ကွက်၊ အိမ်မဲမြို့၊
(Ph 09-774488847)

လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပန်ကာများကို ဆက်တိုက် ဖွင့်ထားခြင်းက မီတာခ ပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ။
- မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ
- ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်။

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ ဖန်ချက်စက်လမ်းနှင့်ဆန်စက်လမ်းရှိ မုဒိတာ(၂) တန်ဖိုးနည်းကွန်ဒို၊ တိုက်ခန်းအမှတ် (2B-538)၏ အမည်ပေါက်ပိုင်ရှင်မှာ ဦးအောင်ဝင်း(၁၂/မဂဒ(နိုင်)၀၈၀၅၇၀) နှင့် ဇနီး ဒေါ်ညိုသွယ်သွယ်စိုး (၇/သဝတ (နိုင်)၀၀၀၆၇၇) တို့မှ ပူးတွဲအမည်ပေါက် ပိုင်ဆိုင်ပါသည်။

ဦးအောင်ဝင်း (၁၂/မဂဒ(နိုင်)၀၈၀၅၇၀)မှာ (၂၄-၈-၂၀၂၆)ရက်တွင် ကွယ်လွန်သွားခဲ့ပါသည်။ ထို့ကြောင့် တိုက်ခန်းအမည်ပေါက် ဦးအောင်ဝင်းနှင့် ဒေါ်ညိုသွယ်သွယ်စိုးအမည်မှ ဇနီးဖြစ်သူဒေါ်ညိုသွယ်သွယ်စိုး တစ်ဦးတည်းအမည်ပေါက်ပြုလုပ်မည်ဖြစ်ပါသည်။ ထို့အပြင် အထက်ဖော်ပြပါတိုက်ခန်းနှင့် သက်ဆိုင်သောတော်ဝင်မိသားစုကုမ္ပဏီ၊ မုဒိတာအိမ်ရာ (၂)တွင်နေထိုင်ကြသူများ လိုက်နာရန်လိုအပ်သည့်စည်းကမ်းနှင့် တာဝန်ဝတ္တရားများစာချုပ်မှာလည်းပျောက်ဆုံးနေပါ၍ မိတ္တူမှန် ပြန်လည်ထုတ်ယူမည်ဖြစ်ပါသည်။ ထိုအကြောင်းအရာများနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်(၃၀) အတွင်း တော်ဝင်မိသားစု ဆောက်လုပ်ရေးကုမ္ပဏီသို့လည်းကောင်း၊ ကျွန်ုပ်တို့ထံသို့လည်းကောင်း ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အမည်ပြောင်းလဲခြင်းကိစ္စနှင့် မိတ္တူမှန်ပြန်လည်ထုတ်ယူသည့်ကိစ္စတို့အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်သီတာမမ (LL.B, D.M.L,D.I.L)	ဒေါ်ခင်မျိုးလတ် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၂၆)	တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၇၅)

အမှတ် (၄၄)၊ ပ-ထပ်၊ အခန်း (၁၀)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၃၁၂၅၇၃၊ ၀၉-၂၅၄၃၃၀၀၇၄

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ညောင်လေးပင်မြို့၊ မြို့မ (၂)ရပ်ကွက်၊ ကွင်းအမှတ် (၂၀၁)၊ သံမဏိစားကျက်ကွင်း၊ ဦးပိုင်အမှတ် (၈ᵍ)၊ မြေကွက် အမှတ် (၇၇/၉၂၈)၊ ဧရိယာ (၀.၀၆၉၂)ဧကအား ညောင်လေးပင်မြို့၊ မြို့မ (၂) ရပ်ကွက်နေ ဒေါ်သီတာခိုင်မှ မြေငှားဂရန် (အသစ်) လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက (၈-၁၁-၂၀၂၆)ရက်မတိုင်မီ ဆိုင်ရာအထောက်အထားများဖြင့် ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုပေးမည်ဖြစ်ကြောင်း ကြော်ငြာလိုက်ပါသည်။

ညောင်လေးပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

စာအုပ်စာပေ လူ့မိတ်ဆွေ

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့် -၅၊ နည်းဥပဒေ-၁ နှင့် ၅)
တောင်ကြီးမြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆၄

ဒေါ်စန္ဒာ နှင့် ဦးကျော်ဝင်း
(တရားလို) (တရားပြိုင်)

အေးသာယာမြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်ကြီး (၃၅) နေ ဦးကျော်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စန္ဒာက "မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု"နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နန္ဒာအောင်)
ဒုတိယမြို့နယ်တရားသူကြီး(၂)
တောင်ကြီးမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ညောင်လေးပင်မြို့၊ မြို့မ (၂)ရပ်ကွက်၊ ကွင်းအမှတ် (၂၀၁)၊ သံမဏိစားကျက်ကွင်း၊ ဦးပိုင်အမှတ်(၆ည)၊ မြေကွက်အမှတ် (၆၁/၉၃၃)၊ ဧရိယာ (၀.၀၇၆၅)ဧကအား ညောင်လေးပင်မြို့၊ မြို့မ (၂) ရပ်ကွက်နေ ဦးအောင်သိုက်မှ မြေငှားဂရန် (အသစ်) လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက (၈-၁၁-၂၀၂၆)ရက်မတိုင်မီ ဆိုင်ရာအထောက်အထားများဖြင့် ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုပေးမည်ဖြစ်ကြောင်း ကြော်ငြာလိုက်ပါသည်။

ညောင်လေးပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ- ၂၀)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၃၇၁

ဒေါ်လောဖိန် နှင့် ဦးထွန်းကြည်
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်(ထထ - ၃၀/၄၈) နေ ဦးထွန်းကြည် (ဘ) ဦးသာလုံး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်လောဖိန်က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊အကွက်အမှတ်(တတ - ၇)၊ဦးပိုင်အမှတ်(၃၈)၊ဧရိယာ(၀.၀၅၅၁) ဧက အကျယ်အဝန်းရှိ ဦးထွန်းကြည် အမည်ပေါက်ဂရန်မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း ပေ(၃၀x၄၀)အကျယ်အဝန်းရှိမြေကွက်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင် မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အင်ကြင်းဖူး)
တွဲဖက်မြို့နယ် တရားသူကြီး(၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ပတ်စ်ပို့ပျောက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ အောင်သီတာလမ်း၊ အမှတ်(၁၆၂)နေ (ဘ)ဦးကျော်မြင့်၏သား ဦးအောင်ကျော်စိုးမိုး ၅/ကလန(နိုင်)၀၄၀၅၈၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-411567)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉- ၇၉၈၂၉၃၁၆၄

ပတ်စ်ပို့ပျောက်

တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ လေးသစ်ကျေးရွာအုပ်စု၊ သိမ်ကုန်းကျေးရွာနေ နန်းဂျူလီထွန်း ၇/ထတပ (နိုင်)၁၁၇၄၆၂ (ဘ) ဦးအောင်သန်း၏သမီး နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း - ၀၉-၇၈၁၈၃၈၇၉၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၈၈/က၊ ဧရိယာ ၁၂၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ် ၈၈/က၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ရွှေ ၁၂/ဥကတ(နိုင်)၀၀၅၆၂၂ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ရွှေထံမှ အမွေစားအမွေခံ ကိတ္တိမသားအဖြစ် မွေးစားခြင်း စာချုပ်အမှတ် ၂၉၇/၂၀၁၃(၂၉-၁၀-၂၀၁၃)ဖြင့် ရရှိသူ ဦးသန်းဌေး ၁၂/ဥကတ(နိုင်)၁၅၁၀၈၂)မှ ကိတ္တိမသားအဖြစ် တော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၉၇၉၈/၂၀၂၆(၄-၉-၂၀၂၆)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်ကတ်၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်မြေပုံကူး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်သည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၈)၊ မြေကွက်အမှတ်(၄၂၉/၁-ခ)၊ အကျယ်အဝန်း အလျား ၁၀၅၀ ပေ/ ၁၀၄၀ ပေX အနံ ၈၅ ပေ/၈၂ ပေ၊ ဧရိယာ(၂.၀၀၃)ဧက၊ (၈၇၂၅၇)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်စပ်လျဉ်း၍ အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ ပါရမီလမ်း၊ Tower (C-2) ရှိ TAGU DEVELOPMENT LIMITED အုပ်ချုပ်မှု ဒါရိုက်တာအဖွဲ့ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်-

၁။ ဖော်ပြပါမြေကွက်သည် ကျွန်ုပ်မိတ်ဆွေTAGU DEVELOPMENT LIMITED (Company Reg; No.143531805)မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ တရားဝင်အမည်ပေါက် လက်ရှိထားပိုင်ဆိုင်သော (lawful Possession) ရှိသည့် နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပါသည်။

၂။ ကျွန်ုပ်မိတ်ဆွေTAGU DEVELOPMENT LIMITE)၏ တရားဝင်သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ အထက်ဖော်ပြပါမြေကွက်အတွင်း အဆောက်အအုံများဆောက်လုပ်ခြင်း၊ တိုးချဲ့ပြင်ဆင်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းတို့အပါအဝင် ဥပဒေနှင့်မညီသည့် အခြားမည်သည့်ကိစ္စအဝဝကိုမျှ လုပ်ဆောင်ခြင်း(လုံးဝ)မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲပြဋ္ဌာန်းဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ -
ဒေါ်သဥ္ဇာဝင်း (L.L.B, D.B.L, D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၅၈)
အခန်းအမှတ်(၉၀၄/C)၊ MAC TOWER ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၄၃၀၂၃၁၆၂

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ တောင်သာကျေးရွာအုပ်စု၊ သူဌေးကုန်းကျေးရွာ၊ အမှတ်(၇/၁၃၀)တွင် နေထိုင်သူ ဦးကျော်ဝင်း(ဘ)ဦးမောင်ကို (၉/ပမန(နိုင်)၀၄၀၈၃၉)၏(သား)ဖြစ်သူ ဦးညီညီဝင်း(ဘ)ဦးကျော်ဝင်းမှာ ဖခင်ဖြစ်သူ ကျွန်တော်ဦးကျော်ဝင်းအား မိဘအဖြစ် သတ်မှတ်သဘောထားခြင်းမျိုးမရှိတော့ဘဲ ရိုင်းပြစွာပြုမူပြောဆိုခြင်း၊ အများသူငှာ၏ရှေ့တွင်ပင် သူစိမ်းရန်သူသဖွယ်ပြုမူဆက်ဆံခြင်း၊ မထီမဲ့မြင်ပြုခြင်းများ ပြုလုပ်ပါသောကြောင့် စိတ်ဆင်းရဲကိုယ်ဆင်းရဲခြင်းများ ခံစားရအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်မည်သို့မှ ပတ်သက်ဆက်နွှယ်ခြင်းမရှိတော့ပါကြောင်း ဦးညီညီဝင်းနှင့်အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးကျော်ဝင်း(ဘ)ဦးမောင်ကို(၉/ပမန(နိုင်)၀၄၀၈၃၉)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
အောင်ဘာလေသိန်းဆုဌာနခွဲ
ကြေညာချက်
(ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ လ ၃၁ ရက်)

၁။ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့တွင် ကျင်းပမည့် (၉၂) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“ က ” အက္ခရာမှ အစဉ်လိုက် “ ပ ” အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၂၁) လုံး၊ ထီစာအုပ်ရေ **(၁၇၁၈၁၇၈)** အား ခွဲဝေရောင်းချရာတွင် ထီစာအုပ် **(၁၆၅၃၇၃၉)** အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ် သန်း **(၁၆၅၃၇.၃၉၀)** ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း **(၁၁၅၇၆.၁၇၃)** ဖြစ်ပါသည်။ (၉၁) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲမှ ဆုမဲတန်ဖိုးမပြည့်မီသည့် ကျပ် သန်း **(၀.၄၅၄)** အား ပေါင်းထည့်ဖွင့်လှစ်သွားမည်ဖြစ်သဖြင့် ခွဲဝေချီးမြှင့်ပေးမည့်ထီဆုငွေစုစုပေါင်းမှာ ကျပ်သန်း **(၁၁၅၇၆.၆၂၇)** ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ် သန်း **(၂၅၀.၀၀၀)** ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) **အထူးဆုကြီး**

(၁)	ကျပ်သိန်းငါးထောင်	=	(၁)	ဆု
(၂)	ကျပ်သိန်းသုံးထောင်	=	(၃)	ဆု
(၃)	ကျပ်သိန်းနှစ်ထောင်	=	(၄)	ဆု
(၄)	ကျပ်သိန်းတစ်ထောင်	=	(၅)	ဆု

(ခ) **ဆုတစ်ဆုချင်း**

(၁)	ကျပ်သိန်းငါးရာ	=	(၁၄)	ဆု
(၂)	ကျပ်သိန်းနှစ်ရာ	=	(၁၅)	ဆု
(၃)	ကျပ်သိန်းတစ်ရာ	=	(၁၆)	ဆု
(၄)	ကျပ်သိန်းငါးဆယ်	=	(၁၇)	ဆု
(၅)	ကျပ်သိန်းနှစ်ဆယ်	=	(၁၇)	ဆု
(၆)	ကျပ်တစ်ဆယ်သိန်း	=	(၁၈)	ဆု

(ဂ) **ဝေဝေဆာဆာပဒေသာဆု**

(၁)	ကျပ်သုံးသိန်း	=	(၁၃၀)	ဆု
(၂)	ကျပ်နှစ်သိန်း	=	(၁၂၀၀)	ဆု
(၃)	ကျပ်တစ်သိန်း	=	(၁၃၀၀၀)	ဆု
(၄)	ကျပ်ငါးသောင်း	=	(၁၀၀၀၀၀)	ဆု
(၅)	ကျပ်တစ်သောင်း	=	(၁၀၀၀၀၀)	ဆု

(ဃ) **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀.၀၀၀) မှ ချီးမြှင့်သည့်ဆု**

(၁)	ကျပ် တစ်ဆယ်သိန်း	=	(၄)	ဆု
(၂)	ကျပ် သုံးသိန်း	=	(၂၀)	ဆု
(၃)	ကျပ် နှစ်သိန်း	=	(၂၀၀)	ဆု
(၄)	ကျပ် တစ်သိန်း	=	(၂၀၀၀)	ဆု

၄။ (၄၉) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေအပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။

၅။ (၉၂) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၁၁-၂၀၂၆) ရက်နေ့ (တနင်္ဂနွေနေ့) ၊ နံနက် (၀၈:၀၀) နာရီ အချိန်တွင်လည်းကောင်း၊ (၄၉) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို မွန်းလွဲ (၁၄:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄) ၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့် ၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့ သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၃)၊ ကျန်စစ်သားလမ်း၊ မြေကွက်အမှတ်(၁၃၄၇) ဟုခေါ်တွင်သော အလျား (၄၂)ပေ၊ အနံ ပေ(၆၀)ရှိ (ဗိုလ်မှူးမြင့်အောင်အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်) အိမ်ခြံမြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိထားပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စောမွန်မြင့်လွင် (၁၂/ကမတ(နိုင်)၀၅၄၆၃၄) မှ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်မ ဒေါ်နှင်းဝင့်လွင်မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နှင်းဝင့်လွင် (၁၂/အစန(နိုင်)၁၉၀၁၆၄)
အမှတ်(၈၄/B)၊ (၆)လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ(၁၁)လမ်းအရှေ့၊ တိုက်အမှတ်(၁၃၇၇)၊ အခန်းအမှတ်(မြေညီထပ်)(ခြေရင်း)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိ ပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသူ ဒေါ်ခင်မာလွင် (၁၂/သကတ(နိုင်)၀၆၉၁၅၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးထွန်းကိုနိုင် (၁၂/သကတ(နိုင်)၁၇၄၇၄၃)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်စုစုခိုင် (LL.B) (စဉ်-၁၁၅၅၃) ဒေါ်ခင်စောသိန်း (LL.B) (စဉ်-၁၃၂၈၆) ဒေါ်သိမ့်သဥ္ဇာလီ (LL.B, LL.M) (စဉ်-၅၆၈၈၇)
တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ
တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၄၃၀၂၆၁၃၉၉၊ ၀၉-၇၃၀၂၆၁၃၉၉

သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး

Naypyitaw State Academy
မဟာဘွဲ့သင်တန်းများ၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း ကြေညာချက်

၁။ Naypyitaw State Academy တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ် ဖြင့် ၁-၁၂-၂၀၂၆ ရက်နေ့၌ စတင်ဖွင့်လှစ်မည့် အောက်ဖော်ပြပါ မဟာဘွဲ့သင်တန်းနှင့် ဘွဲ့လွန်ဒီပလိုမာသင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်-

မဟာဘွဲ့သင်တန်း

(က) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့ (Executive Master of Business Administration – EMBA) သင်တန်း (သင်တန်းကာလ – ၂ နှစ်)

ဒီပလိုမာဘွဲ့သင်တန်းများ

(က) ဘွဲ့လွန်အင်္ဂလိပ်စာဒီပလိုမာ (Postgraduate Diploma in English – PG Dip. Eng) သင်တန်း (သင်တန်းကာလ – Level (၁) ခုလျှင် ရက်သတ္တပတ် (၁၀) ပတ်ဖြင့် Level (၅) ခု)

(ခ) စီမံအုပ်ချုပ်မှုပညာဘွဲ့လွန်ဒီပလိုမာ (Postgraduate Diploma in Management and Administration – PGDMA) သင်တန်း (သင်တန်းကာလ – ၁ နှစ်)

(ဂ) နိုင်ငံတကာဆက်ဆံရေးပညာဒီပလိုမာ (Diploma in International Relations – DIR) သင်တန်း (သင်တန်းကာလ – ၁ နှစ်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ အရိန္ဒမာလမ်း၊ မြေတိုင်းအမှတ်(၆၉)၊ မြေကွက်အမှတ်(၅၁၈) ဟုခေါ်တွင်သောဦးစည်သူဝင်း (၁၂/ဗတထ(နိုင်) ၀၃၆၇၁၇) အမည်ပေါက်နှစ် (၆၀) ဂရန်မြေကွက်၊ (၄၀'x၆၀') ပေအနက် မှ ယင်းမြေပေါ်ရှိ တရားဝင်မခွဲမစိတ်ရသေးသည့် (အလယ်ခြမ်း) အကျယ်အဝန်း (၂၀'x၆၀') ပေရှိ တစ်ထပ်တိုက်အဆောက်အအုံ နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုအရပ်ကတိစာချုပ်အဆက်စပ်ဖြင့် တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိ ပြုသူဒေါ်စုမြတ်နွယ်(၈/တတက(နိုင်) ၁၈၉၈၀၁) ထံမှကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်အေးသိန်း(၁၂/ဒဂမ(နိုင်) ၀၄၁၈၁၇)နှင့် ဒေါ်ခင်ဌေး(၁၂/ဒဂမ(နိုင်) ၀၄၁၈၁၈)တို့မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေး ချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါကဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၇)အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်အေးသိန်းနှင့်ဒေါ်ခင်ဌေးတို့၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နော်မို့မို့ထွန်း(LL.B,D.B.L, D.I.L,D.I.R)
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၄၉၁/၂၀၁၃)
အမှတ်(၇၇၆)၊ နွယ်နီ (၁၄)လမ်း၊ (C) ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉ - ၄၀၈၈၈၄၃၇၂၊ ၀၉ - ၇၆၈၇၀၂၄၃၄

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ နယ်မြေ (၁၇)၊ အကွက်အမှတ်နှင့်အမည် (အလက-၁ ကျောင်းကွက်)၊ ဦးပိုင်အမှတ်(၁၂၃၅)၊ မြေချိန် ဧရိယာ(၀.၀၆၈)ဧကရှိ မြေကွက်သည် ရပ်ကွက်(၄/၅/၆) မီးလောင်ပြင် မြေနေရာချထားရေး အဖွဲ့မှ ဦးကျော်လှ KKI-၀၈၁၅၃၇ အမည်ဖြင့် ချထားပေးသော မြေကွက် ဖြစ်ပြီး အဆိုပါမြေကွက်ကို ကျွန်မ ဒေါ်ရန်ဟွမ်လန့် ၁၃/ကခန (နိုင်)၀၅၆၁၈၆ မှ အပြီးအပိုင် ဝယ်ယူထားပြီဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၂၀) ရက်အတွင်း စာရွက်စာ တမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ရန်ဟွမ်လန့်
၁၃/ကခန(နိုင်)၀၅၆၁၈၆
ရပ်ကွက်(၈)၊ တာမိုးညဲမြို့နယ်ခွဲ၊
ကွတ်ခိုင်မြို့နယ်

အများသိစေရန် အသိပေးကြေညာခြင်း

ကွတ်ခိုင်မြို့၊ ရပ်ကွက်(၄) တွင် နေထိုင်သူ ကျွန်မဒေါ်မြတ်မိုးအေး ၁၃/ကခန(နိုင်)၀၅၅၅၂၆ သည် ကွတ်ခိုင်မြို့၊ ဆင်မိန်းဟိုကျန့် ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၂၊ လိုထန်အရှေ့၊ ဦးပိုင်အမှတ် ၂၇/က၊ ယာမြေဧရိယာ (၀.၇၅) ဧကကို မူဆယ်ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၂-၉-၂၀၁၄) ရက်စွဲပါ စာအမှတ် မယ-လယ/၈၅ ခု/မအ-၁၁၈၏ ခွင့်ပြု ချက်အရ လယ် ယာမြေလုပ်ပိုင်ခွင့် မြေပုံစံ (၇) လက်ဝယ်ရရှိပိုင်ဆိုင် ကိုင်ဆောင်ထားပါသည်။ ဖော်ပြပါ လယ်ယာမြေကို ကျွန်မ ဒေါ်မြတ်မိုးအေး၏ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ခြင်း၊ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်ပြောင်းလဲခြင်း များ မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဒေါ်မြတ်မိုးအေး
၁၃/ကခန(နိုင်)၀၅၅၅၂၆

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ မြို့သစ် မြောက်ရပ်)၊ ဦးပိုင်အမှတ်(၃၅-ခ)၊ မြေဧရိယာ(၀.၀၈၃)ကေရှိ ဦးသန်းအေး(ဘ)ဦးအလျှောင်၊ ၇/ရတရ(နိုင်)၀၇၂၈၇၃ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား ဦးသန်းအေးမှ မြေငှားစာချုပ် သက်တမ်းကုန်ဆုံးသွားပါသဖြင့် သက်တမ်းတိုးမြှင့်ပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် သက်တမ်းတိုးမြှင့်ပေးပါရန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပတ်စ်ပို့ပျောက်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ သပြေရိုးကျေးရွာ (ဘ) ဦးစံလှ၏သား ဦးစက္ကိန္ဒ ၉/မရတ(သ)၀၀၁၆၃၉ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-998864) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း- ၀၉-၇၉၇၆၂၀၂၀၅

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(RA-IV/ကွက်ပြင်-၄)၊ ဦးပိုင်အမှတ် (၅၂-ဃ)၊ မြေဧရိယာ(၀. ၂၉)ကေရှိ မြေကွက်အား မြေငှားဂရန်အမည်ပြောင်း လျှောက်ထားနိုင်ရေး ဦးကျော်လွှမ်းမိုး (၉/၀တန (နိုင်)၁၁၇၈၇၉) နှင့် ဦးပြည့်ဖြိုးထွန်း (၅/ရဘန(နိုင်)၁၄၀၂၄၈)တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၅) ရက်အတွင်းမြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊ ပြင်ဦးလွင်မြို့

တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုမြို့၊ D ပျိုးခင်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ G-7 မှ မရှင်းသန့်ညို၏ဖခင် ဦးအောင်လှိုင်မင်း နှင့် ဦးအောင်လှိုင်ဝင်း မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအောင်လှိုင်မင်း (ခ)
ဦးအောင်လှိုင်ဝင်း
၅/ရဘန(နိုင်)၂၀၃၂၂၉

လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း

ကျွန်တော် ဦးဖြိုးဇော်သိန်း၏ မိခင်အမည်မှာ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်ထဲတွင် ဒေါ်ဘောက်စွမ်းဟုလည်းကောင်း အိမ်ထောင်စုလူဦးရေ စာရင်းတွင် ဒေါ်ဘောမ်စွမ်ဟုလည်းကောင်း အမည်နှစ် မျိုးကွဲလွဲစွာဖော်ပြထားသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/92873 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းအေး ၇/ကတခ(နိုင်)၀၉၁၂၅၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊မြေကွက်အမှတ်(၃၀၄၂)၊ ဧရိယာ(၀.၁၁၀) ဧက ရှိ နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက် ဦးခင်ဇော် ၁၃/မတန(နိုင်) ၀၀၆၂၈၃ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်ယဉ်မွန်ဆွေ (ဘ) ဦးသိန်းဆွေ ၉/မခန (နိုင်) ၀၀၂၄၇၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများအနေဖြင့်တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်း နှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇) ရပ်ကွက်၊ ရာဇာဓိရာဇ်(၂၃) လမ်း၊ အမှတ်(၄၁၅/က)ဟုခေါ်တွင်သော (၁)ခန်းတည်း (၆)ထပ်တိုက်၏မြေညီထပ်၊ အကျယ်အဝန်း (၁၈ပေx၅၄ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာတိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်နှင်းခင်ခင် ၁၂/ဗဟန(နိုင်)၀၅၄၅၈၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇင်မာအောင် ၁၂/ဗတထ(နိုင်) ၀၃၄၈၄၃ ကအပြီးအပိုင် ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ် ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းဇော်ဦး(LL.B)(စဉ်-၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ
အမှတ်(၅/၁၁)၊မြေညီထပ်(ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊တာမွေမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၃၅၆၉၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၄၂၀၀၈၆၆၆၊
၀၉-၉၅၅၃၅၅၃၅၄

အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၉) ရပ်ကွက်၊ အမှတ်-၉/၁၃ နေ ဦးသက်ထွန်း ၇/တငန (နိုင်)၁၀၄၆၉၀၊ ဒေါ်ညွှန့်ညွှန့် ၇/တငန (နိုင်) ၀၉၂၅၆၀ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ဦးသက်ထွန်းနှင့် ဇနီး ဒေါ်ညွှန့်ညွှန့်တို့သည် တောင်ငူမြို့၊ (၉)ရပ်ကွက်၊ ရန်ကုန်- မန္တလေးကားလမ်းဘေးရှိ ကွင်း/အကွက်အမှတ်နှင့်အမည်-၁/အုတ်ကျွတ်တန်း မြောက်အကွက်၊ ဦးပိုင်အမှတ်-၁၅၂၊ ဧရိယာ(၀.၀၃၂)ဧက၊ မျက်နှာစာ(၃၁)ပေ၊ နောက်သို့အရှည် (၃၇)ပေရှိ မြေကွက်နှင့် ယင်းခြံမြေပေါ်တွင် ဆောက်လုပ်ထားသော (၄ x ၄)ပင်၊ နှစ်ထပ်တိုက်နေအိမ်တစ်လုံးကို လက်ရှိထား နေထိုင်ပိုင်ဆိုင်သူများ ဖြစ်ကြပါသည်။ အဆိုပါ အိမ်ခြံမြေနှင့်ပတ်သက်ပြီး ဦးသက်ထွန်း ဒေါ်ညွှန့်ညွှန့်တို့က အိမ်ခြံမြေကို ရောင်းချရန်ဆောင်ရွက်စဉ် မိမိတို့အိမ်၌ လာရောက်နေထိုင်သော သားဖြစ်သူ ဦးမင်းမင်းဇော်နှင့် ဇနီးတို့က ကန့်ကွက်သဖြင့် အရောင်းအဝယ်ကိစ္စများ ပျက်သွားခဲ့ရပြီး ယင်းကိစ္စနှင့်ပတ်သက်၍ မိဘများ၏အိမ်ခြံမြေမှ ဖယ်ရှားထွက်ခွာပေးရန်အတွက် သားဖြစ်သူ နှင့် ဇနီးတို့အား (၂၅-၆-၂၀၂၆)ရက်တွင် ငွေကျပ်သိန်း(၇၀၀)နှင့် (၂၈-၆-၂၀၂၆)ရက်တွင် ငွေကျပ်သိန်း(၄၀၀)၊ စုစုပေါင်း ငွေကျပ်သိန်း(၁၁၀၀)တိတိအား စာချုပ် ချုပ်ဆိုပေးအပ်ခဲ့ပါသည်။ (၂၈-၆-၂၀၂၆)ရက်တွင် ချုပ်ဆိုသော စာချုပ်၏စာချုပ်(၃) အပိုဒ် (၆) ၌ "ဦးမင်းမင်းဇော် အနေဖြင့် ငွေကျပ်သိန်း(၁၁၀၀)တိတိအား မိဘများထံမှ လက်ခံရယူပြီးနောက်ပိုင်းတွင် မိဘများနှင့် ကျန် ညီအစ်ကိုမောင်နှမများထံမှ မိမိ၏ရပိုင်ခွင့် (အမွေဝေစု)နှင့်ပတ်သက်၍ ငွေကြေးနှင့် ရပိုင်ခွင့် အခွင့်အရေး တစ်စုံတစ်ရာကိုသော်လည်းကောင်း မည်သည့်အခါတွင်မျှ ထပ်မံတောင်းဆိုခြင်း မပြုတော့ကြောင်း ဝန်ခံကတိပြုပါသည်" ဟု ဖော်ပြပါရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေအား ဦးသက်ထွန်း၊ ဒေါ်ညွှန့်ညွှန့်တို့မှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ အာမခံတင်သွင်းခြင်း အစရှိသည့် ကိစ္စရပ်တစ်စုံတစ်ရာကို မိဘများအနေဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့ပါက ဦးမင်းမင်းဇော်၊ ဇနီး ဒေါ်စန်းစန်းမော်တို့နှင့် မည်သို့မျှ သက်ဆိုင်မှု မရှိကြောင်း၊ တားမြစ်ပိတ်ပင်ခွင့် တစ်စုံတစ်ရာလည်း မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်မဥ္ဇူထွေး (LL.B)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၅၈၄၄/၂၀၁၉)
ဟင်းငုတ်ပင်လျှပ်စစ်ဝန်း၊ တောင်ငူမြို့၊
ဖုန်း - ၀၉ - ၄၂၈၁၅၉၆၄၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော်အိမ်ရာ Star City ဝင်းအတွင်းရှိ City Loft တိုက်အမှတ်CL(9) Level 7၊ အခန်းအမှတ် (712)၊ Type (1-Bedrooms)၊ ဧရိယာ စတုရန်းပေ (၄၈၄) ကွန်ဒိုတိုက်ခန်းနှင့် ရေ၊ မီး၊ ပရိဘောဂအစုံအပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံသူဖြစ်သော ဒေါ်အိဖြူခင် ၁၂/သဃက (နိုင်) ၁၆၉၈၇၀ ထံမှ ကျွန်ုပ်ဒေါ်အိအိသက် ၇/ပခန(နိုင်) ၃၀၆၈၄၂ သည် အပြီးအပိုင်ဝယ်ယူရန်အတွက် အခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ ပေးချေထားပြီဖြစ်ပါသည်။ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှ (၁၄) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်အိအိသက် ၇/ပခန(နိုင်) ၃၀၆၈၄၂
ဖုန်း-၀၉-၄၄၇၄၀၃၀၃၉

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/10173

Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းနိုင် ၁၄/ပတန (နိုင်) ၀၉၀၀၆၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံးမိတ္တူ ထုတ်ပေးရန်လျှောက်ထားလာပါသည်၊ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် (၃၀) အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)(မအူပင်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/56152

Kenbo125 ယာဉ်လက်ဝယ်ရှိသူ ဦးရဲနိုင် ၁၄/မအပ(နိုင်)၁၅၄၃၃၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့်ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)(မအူပင်)

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်(၄)ရပ်ကွက်၊ မြေတိုင်းအမှတ်(၁၄)၊ မြေကွက်အမှတ်(၅၁၉)၊ မြေဧရိယာ (၀.၀၆၀) ဧကရှိ မြေကွက်အား ဦးဟန်သုထွန်း မှ အသစ်မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက် လိုပါကတရားဝင်ခိုင်လုံသော အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အသစ်မြေငှားဂရန် လျှောက်ထားခြင်းအားဥပဒေ၊ နည်းဥပဒေ၊ လုပ် ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန
ပဲခူးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်(၆) ရပ်ကွက်၊မြေတိုင်းအမှတ်(၁၆)၊ မြေကွက်အမှတ်(၃၃၆)၊ မြေဧရိယာ(၀.၁၈၄) ဧကရှိမြေကွက်အား ဒေါ်စိန်ညီ (ဗိုလ်မှူးချုပ်တင်အေး ကွယ်လွန်၏ဇနီး) မှ မြေငှားဂရန် အမည်ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်ထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန် အသစ် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန
ပဲခူးမြို့

Monalizar ဆောက်လုပ်ရေးမှ ကန်ထရိုက်တာ ဦးသီဟနိုင် (၁၂/ကခက(နိုင်) ၀၈၉၉၇၂) ကိုင်ဆောင်သူနှင့် အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄၈၊လူနေရပ်ကွက်အမှတ်-၄၈၊ မဟာဆွေလမ်း၊ အမှတ်-၂၃၇ နေ ဒေါ်ခင်မြင့်(၁၂/လကန(နိုင်) ၀၆၅၈၉၅)အမည်ပေါက် နှစ်(၆၀)ဂရန်ပိုင်ဆိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၈၊ လူနေရပ်ကွက်အမှတ်-၄၈၊ မဟာဆွေလမ်း၊ အမှတ်-၂၃၇၊အကျယ်အဝန်း (၄၀x ၆၀)ပေရှိသော နှစ်(၆၀)ဂရန်မြေပေါ်တွင် အမည်ပေါက်ဒေါ်ခင်မြင့်နှင့် ကန်ထရိုက်တာ ဦးသီဟနိုင်(၁၂/ကခက(နိုင်) ၀၈၉၉၇၂)တို့သည် (၂)ခန်းတွဲ (၆)ထပ်တိုက် အခန်းပေးအခန်းယူ တိုက်ခန်း ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် "(၂၆-၉-၂၀၂၃) ရက်စွဲပါ Monalizar ဆောက်လုပ်ရေး မှ(၂)ခန်းတွဲ (၆)ထပ်တိုက်တည် ဆောက်ခြင်းလုပ်ငန်းအတွက် မြေရှင်နှင့် ကန်ထရိုက်တာ ဦးသီဟနိုင်တို့၏တိုက်ခန်းအကျိုးခွဲဝေခံစားခြင်း၊ လုပ်ငန်းအပ်နှံခြင်း၊ လက်ခံခြင်း နှစ်ဦးသဘောတူကတိစာချုပ်"ကိုချုပ်ဆို ခဲ့ကြပါသည်။

၂။ အထက်ပါစာချုပ်တွင် တိုက်ခန်းအား(၁နှစ်နှင့်၅လ)အတွင်း ကန်ထရိုက်တာဘက်မှ အပြီးအစီးတာဝန်ယူဆောက်လုပ်ပေးမည်ဟု စာချုပ်တွင် ဖော်ပြထားသော်လည်း ယနေ့အချိန်အထိ ကန်ထရိုက်တာဘက်မှ စာချုပ်အပိုဒ်(၁၁) နှင့် အပိုဒ်(၁၆)ပါစည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြီးပြတ်အောင်ဆောင်ရွက်ပေးခြင်းမရှိဘဲ ကန်ထရိုက်တာ ဦးသီဟနိုင်ဘက်မှ ပျက်ကွက်လျက်ရှိပါကြောင်း သိရပါသည်။

၃။ စာချုပ်အပိုဒ်(၈)အရမြေရှင်ဒေါ်ခင်မြင့်မှ တိုက်ခန်းဆောက်လုပ်ရာတွင် ကန်ထရိုက်တာဘက်မှ တိုက်ခန်းအား လျင်မြန်စွာပြီးစီးစေရန်အတွက် မြေရှင်ဘက်မှ ကန်ထရိုက်တာလိုအပ်သည့်မြေရှင်၏ဂရန်မူရင်းစာရွက်စာတမ်းများ၊ ကိုယ်စားလှယ်လွှဲစာများကို ကန်ထရိုက်တာအားယုံကြည်ပြီး ပေးအပ်ထားသည်ကိုလည်း လူကြီးမင်းကိုယ်တိုင်သိရှိလက်ခံထားပြီးဖြစ်ပါသည်ဟု သိရပါသည်။

၄။ ယနေ့အချိန်အထိ တိုက်ခန်းမှာ စာချုပ်ပါစည်းကမ်းများအတိုင်း ပြီးပြည့်စုံအောင် ပြီးစီးခြင်းမရှိပေ။ ကန်ထရိုက်တာဘက်မှ တိုက်ခန်းကို အချိန်ကာလကြာမြင့်သည်အထိ ပြန်လည်အပ်နှံပေးခြင်းမရှိဘဲ မြေရှင်အားပေးရမည့် အိမ်ငှားစရိတ်အား ပြည့်မြောက်ပြီးနောက် ထပ်မံ၍အငှားစရိတ်အား မြေရှင်ထံသို့ဆက်လက်မပေးနိုင်ဘဲ ပျက်ကွက်ပြီး ကန်ထရိုက်တာ၏ သဘောဆန္ဒအရ မြေရှင်နေထိုင်နိုင်ရေးကို တာဝန်ယူပါကြောင်း၊၎င်း၏ခွင့်ပြုချက်ဖြင့် မြေရှင်မှနေထိုင်ခဲ့ရခြင်းဖြစ်သည်ကို လူကြီးမင်းကိုယ်တိုင်သိရှိပြီးဖြစ်ပေသည်ဟု ကျွန်ုပ်သိရပါသည်။ မြေရှင်အနေဖြင့် ကန်ထရိုက်တာနှင့်အဆင်ပြေစေရေးကိုသာ အဓိကထားသဘောတူပေးခဲ့ရသော်လည်းဆောက်လက်စမပြီးပြတ်သေးသည့်တိုက်ခန်း၌နေထိုင်ခဲ့သည့်အခြေအနေတွင် ဘေးအန္တရာယ်နှင့် အနီးကပ်စိုးရိမ်ဖွယ် အခြေအနေများစွာကိုလည်း ရင်ဆိုင်ခဲ့ရပြီး၊ တိုက်၏ ဆေးအနံ့များ၊ဖုန်မှုန့်များ နှင့်လုံခြုံမှုမရှိသော လူကိုဘေးဖြစ်စေသော အခြေအနေများကြောင့် မြေရှင်တွင် များစွာနစ်နာဆုံးရှုံးမှုများနှင့် ရင်ဆိုင် ကြုံတွေ့ ခဲ့ရပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရပါသည်။

၅။ ထိုနောက်ဆက်တွဲအနေဖြင့်မပြီးပြတ်သေးသည့်ဆောက်လက်စတိုက်တွင် နစ်နာစွာနေခဲ့ရသည့်အပြင် ယခုလက်ရှိအချိန်တွင် သက်ဆိုင်ရာဌာနမှ ထုတ်ပြန်လာသည့် ညွှန်ကြားချက်စည်းကမ်းချက်များနှင့်ညီညွတ်မှုမရှိသဖြင့် တိုက်ခန်းရှိ မီးသုံးစွဲခွင့်အား ဌာနမှ ဖျက်သိမ်း၍ မီတာအားသိမ်းယူခံခဲ့ရပြီး ယာယီမီတာပြန်လည်အသုံးပြုခွင့်ရရှိရေးကို မြေရှင်မှ မိမိတို့၏ငွေကြေးများဖြင့်အကုန်ကျခံကာ ပြန်လည်အသုံးပြုနေရသည့် အခြေအနေများသည် မြေရှင်ဘက်မှ နစ်နာဆုံးရှုံးမှုဖြင့် ဆက်တိုက်ကြုံတွေ့ခဲ့ရကြောင်း အထောက်အထားများအရ မြင်တွေ့သိရှိခဲ့ရပါသည်။

၆။ တည်ဆဲရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေနှင့်အညီအင်ဂျင်နီယာဌာန(အဆောက်အအုံ)စစ်ဆေးရေးဌာန BCCမရမီလူနေထိုင်ခြင်းကိစ္စအကြောင်းကြားစာများအရေးယူခံရခြင်းစာများရောက်ရှိလာခြင်းကြောင့်မြေရှင်၌ နောက်ဆက်တွဲ တရားစွဲဆိုခံရခြင်း၊ ဒဏ်ရိုက်ခံရခြင်းတို့သည် မြေရှင်အတွက် ကုစား၍မရနိုင်သောနစ်နာဆုံးရှုံးမှုများဆက်တိုက်ပေါ်ပေါက်လျက်ရှိသဖြင့် ကန်ထရိုက်တာမှ အမြန်ဆုံးကိုယ်တိုင်ပြန်လည်ဖြေရှင်းပေးရန် တာဝန်ရှိသူဖြစ်ပါ၍ ကျွန်ုပ်မှတစ်ဆင့် လူကြီးမင်းအား အသိပေးတောင်းဆိုအပ်ပါသည်။ (၂၆-၉-၂၀၂၃) ရက်စွဲပါစာချုပ်အရ ကန်ထရိုက်တာဖြစ်သူ ဦးသီဟနိုင်တွင် အလုံးစုံအပြည့်အဝတာဝန်ရှိနေကြောင်း သိစေအပ်ပါသည်။

၇။ ထို့ပြင်အဆောက်အအုံအား ကန်ထရိုက်တာဘက်မှ မိမိရောင်းချခဲ့သော တိုက်ခန်းအခြမ်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကိုလည်း လူကြီးမင်းကသာအဓိကတာဝန်ယူဖြေရှင်းပေးရမည်ဖြစ်ကြောင်းနှင့် မြေရှင်နှင့်သက်ဆိုင်ခြင်း လုံးဝမရှိသည့်အပြင် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းကို ဤအကြောင်းကြားစာနှင့်တကွ အသိပေးအပ်ပါသည်။ ထို့ကြောင့်(၂၆-၉-၂၀၂၃) ရက်စွဲပါစာချုပ်အတိုင်း အပြီးအပြတ်ပြီးစီးအောင် ဆောက်လုပ်ပေးနိုင်ခြင်းမရှိခြင်းကြောင့် လည်းကောင်း၊အဆိုပါစာချုပ်သက်တမ်းအရ အချိန်ကာလများစွာကျော်လွန်နေပြီးစာချုပ်မှာ ပျက်ပြယ်သည့်အခြေအနေဖြစ်ခြင်းကြောင့်လည်းကောင်း၊မြေရှင်ထံသို့တိုက်ပြီးဆုံးသည်အထိ ပြန်လည်အပ်နှံနိုင်ခြင်းမရှိခြင်းကြောင့်လည်းကောင်း၊ သက်ဆိုင်ရာ ဌာနအသီးသီးတို့၏ညွှန်ကြားချက်များအရအရေးယူခံရခြင်းများကြောင့်လည်းကောင်း၊မြေရှင်တွင်ဆုံးရှုံးနစ်နာမှုများ စွာဖြစ်ပေါ်လျက်ရှိနေပါသည်။

၈။ သို့ဖြစ်ပါ၍ ကန်ထရိုက်တာမှ မြေရှင်ထံမှရယူထားသော ဂရန်မူရင်းနှင့်စာရွက်စာတမ်းများ၊ ကိုယ်စားလှယ်စာ အပါအဝင် အဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများအားလုံးကို ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ အလုံးစုံပြန်လည်လက်ရောက်အပ်နှံရန်နှင့် အထက်ပါကိစ္စရပ်များကို (၇)ရက်အတွင်း အမြန်ဆုံး တာဝန်ယူဖြေရှင်းပေးရန် လွှဲအပ်ညွှန်ကြားချက်နှင့်အညီ အတိအလင်းအသိပေးအကြောင်းကြားသိစေအပ်ပါသည်။ အကယ်၍(၇)ရက်အတွင်း ကန်ထရိုက်တာဘက်မှ ဖြေရှင်းရန်ပျက်ကွက်ပါက (၂၆-၉-၂၀၂၃) ရက်စွဲပါစာချုပ်အားမြေရှင်ဘက်မှ တစ်ဖက်သတ်ရပ်ဆိုင်းကြောင်းနှင့်သက်ဆိုင်ရာဥပဒေနှင့်အညီ တရားမကြောင်း၊ပြစ်မှုလမ်းကြောင်းများနှင့်အညီ တရားစွဲဆိုရလိမ့်မည်ဖြစ် ကြောင်း Monalizar ဆောက်လုပ်ရေးမှ ကန်ထရိုက်တာ ဦးသီဟနိုင် (၁၂/ကခက(နိုင်) ၀၈၉၉၇၂)ကိုင်ဆောင်သူနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်မြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ထက်သူဇာလွင်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၁၈)
တိုက်-၃၇၊ ဒီ-၂၊ ဈေးပတ်လမ်း၊ ၄၁ တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၂၅၀၇၄၁၄၁၈၊ ၀၉-၇၉၉၆၉၂၅၁၆ (email;htetthuzarlwin.lawyer@gmail.com)

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ကွင်း/အကွက်အမှတ် (ရ-၂ / ပဒေသာ)၊ ဦးပိုင်အမှတ်- (၂၁၂)၊ မြေယာအမှတ်(-)၊ မြေဧရိယာ (၀.၀၅၅) ဧကရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်) လျှောက်ထားနိုင်ရေး ဦးသန်းလှိုင်မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ကွင်း/အကွက်အမှတ် (၆/ ပဒေသာ)၊ ဦးပိုင်အမှတ်- (၁၇၈)၊ မြေယာအမှတ်(-)၊ မြေဧရိယာ (၀.၀၅၅) ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်စန္ဒာဝေ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ကြယ်စင်မြို့တော် (Star City အိမ်ရာစီမံကိန်း) (သံလွင်ရိပ်မွန်အိမ်ရာ) အဆောက်အအုံအမှတ်B-Zone(B-2) အခန်းအမှတ်(၇၁၈) အခန်းအမျိုးအစား(2)bedrooms,ဧရိယာ(၉၄၃)စတုန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာပါကွန်ဒိုတိုက်ခန်းကို ပိုင်ရှင် ဦးအောင်ကျော်မိုး ၁၂/ရကန(နိုင်)၀၂၇၄၈၆ မှ အခန်းအား လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုပြုကမ်းလှမ်းလာပြီး ဦးအောင်ကျော်မိုး၏ သူငယ်ချင်းဖြစ်သူ ဦးတင်မောင်မောင်အေး ၁၄/ဒဒရ(နိုင်)၂၀၂၁၆၉ မှစရန်ငွေ ကိုလက်ခံရယူသဖြင့် ဝယ်ယူသူ ဦးနေလဝင်း ၁၂/သဃက(နိုင်)၁၄၅၃၁၅ မှ အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့် အလျောက်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီဖြစ်ပါသည်။ ၎င်းကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ဦးနေလဝင်းထံသို့ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါကွန်ဒိုတိုက်ခန်း အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ် ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးနေလဝင်း၁၂/သဃက(နိုင်)၁၄၅၃၁၅
အမှတ်(၉၅၅)၊ရတနာလမ်း (၁၆/၁)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၂၇၅၆၄

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City အိမ်ရာ၊ City Loft၊ တိုက်(CL-9)၊ (၆) လွှာ၊ အခန်းအမှတ်(၆၁၃) ဟုခေါ်တွင်သော ၄၈၄ စတုရန်းပေရှိ 1 Bedroom အမျိုးအစားကွန်ဒို တိုက်ခန်းနှင့် ယင်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိ၍ ရောင်းချလိုကြောင်းကမ်းလှမ်းလာသူ ဒေါ်ခင်ရူပါစိုး ၁၂/တမန (နိုင်) ၁၀၆၆၃၀ ထံမှကျွန်မ ဒေါ်ခိုင်ဇာသွယ် ၁၂/ဒဂတ (နိုင်) ၀၇၇၄၁၂ က အပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထား ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့် တကွ ကျွန်မထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ခိုင်ဇာသွယ် ၁၂/ဒဂတ(နိုင်)၀၇၇၄၁၂
ဖုန်း-၀၉ -၅၀၉၅၃၂၀

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနပွားရပ်ကွက်၊ အကွက် အမှတ် (၁၄) ဦးပိုင်အမှတ် (၂၅-က)၊ ဧရိယာ(၀.၀၂၈၇)ဧက အကျယ်အဝန်းရှိ ဦးအေးငွေ အမည်ပေါက် ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေမီတာ၊ မီးမီတာ အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ချိုးချိုး မှ ဒေါ်ကြည်ဇင်နွေးထံသို့ လွှဲပြောင်းရောင်းချသည့် အရောင်း အဝယ်ကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ဇင်နွေးက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားသူ -	**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
ဒေါ်ကြည်ဇင်နွေး	**ဦးသူရအောင် (LL.B) ၊ စဉ်-၉၆၁၁**
(၉/မတရ(နိုင်)၁၇၇၇၂၃)	**တရားလွှတ်တော်ရှေ့နေ**

၆၄ (A)၊ ၂၀x၂၁ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
မန္တလေးမြို့၊ ဖုန်း-၀၉-၂၅၅၅၂၅၃၅၉

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ထုံးဘိုကျေးရွာ၊ အမှတ်(၁၅)ရပ်ကွက်နေ ဦးငွေခ(၅/ယမပ(နိုင်)၀၁၈၈၈၇)နှင့်ဒေါ်ခင်တင်(၅/ယမပ(နိုင်)၀၂၉၇၅၉)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ပုသိမ်ကြီးမြို့နယ်၊ ထုံးဘိုကျေးရွာအမှတ် (၁၅) ရပ်ကွက်နေ ဦးငွေခ-ဒေါ်ခင်တင် တို့၏ သမီးဖြစ်သူ မဇာလွင်မိုး (၉/ပသက(နိုင်)၁၂၅၀၃၃) သည် မိဘစကားနားမထောင်ဘဲ ကိုယ်စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၎င်း၏ သဘောဆန္ဒ အရ နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်ဦး(တရားလွှတ်တော်ရှေ့နေ) စဉ်- ၁၉၀၁၂
၁၁၂(E)လမ်း၊ ၄၅x၄၆လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊မန္တလေးမြို့
ဖုန်း-၀၉-၄၂၈၂၄၈၄၁၆

ကြော်ငြာစာ

(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
အောင်မြေသာစံခရိုင်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၇၀
ကွယ်လွန်သူ ဦးမောင်မြင့် (ခ) ဦးမြင့်+ဒေါ်ချန်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ နေရှူ့ယျကျေးရွာအုပ်စု၊ နေသိဒ္ဓိကျေးရွာ၌ နေထိုင်ခဲ့သောကွယ်လွန်သူ ဦးမောင်မြင့် (ခ)ဦးမြင့်+ဒေါ်ချန်တို့၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးချမ်းမြေမောင်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးမောင်မြင့်(ခ)ဦးမြင့်–ဒေါ်ချန်တို့၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟုထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်) ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးချမ်းမြေမောင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စုနန္ဒာလှိုင်)
ဒုတိယခရိုင်တရားသူကြီး (၅)
အောင်မြေသာစံခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပြွန်တန်ဆာမြို့၊ မြို့မ (၁)ရပ်ကွက်၊ ကွင်းအမှတ် (၃၄၁–က) ကြည်တောကွင်း၊ ဦးပိုင်အမှတ် (၂၇/၁)၊ မြေကွက်အမှတ် (၉၃၊ ၆၂၅ ဃ၊ ၆၂၆ ဃ)၊ ဧရိယာ (၀.၃၃၀၆) ဧကအား ပန်းဘဲတန်းမြို့နယ်၊ (၇) ရပ်ကွက်နေ ဦးစည်သူအောင် မှ မြေငှားဂရန် (အသစ်) လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက (၈–၁၁–၂၀၂၆) ရက်မတိုင်မီ ဆိုင်ရာအထောက်အထားများဖြင့် ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုပေးမည်ဖြစ်ကြောင်း ကြေညာလိုက်ပါသည်။

ညောင်လေးပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ကွင်း / အကွက်အမှတ် (ရ–၂ /ပဒေသာ၊ ဦးပိုင်အမှတ် (၂၁၃)၊ မြေရိယာ (၀ . ၀၅၅) ဧကရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်) လျှောက်ထားနိုင်ရေး ဦးသန်းလှိုင် မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ် (၈/ပဒေသာ)၊ ဦးပိုင်အမှတ် (၁၉၇)၊ မြေရိယာ (၀.၁၁၀) ဧကရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်) လျှောက်ထားနိုင်ရေး ဒေါ်ဆန်းဆန်းဝင်း မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 25W/62741 New Anbo125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိဗိုလ် ၉/ပသက(နိုင်) ၁၃၇၂၇၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/97148 New Anbo125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဟေမာနံဦး ၉/မတရ (နိုင်) ၂၁၀၂၈၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 74W/35954 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

အမွေဆက်ခံရန် သက်သေခံလက်မှတ် လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ–၃၇၃)
မရမ်းကုန်းခရိုင်တရားရုံးတော်
၂၀ ၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၈၇
ကွယ်လွန်သူ ဒေါ်သန်းသန်း(ခ)အီရန် ၌ ကျန်ရစ်သောပစ္စည်းအကြောင်း။

၁။ ဦးခွေးလေး — လျှောက်သူများ။
၂။ ဦးမောင်မောင်လှ
၃။ ဒေါ်စန်းစန်း
၄။ ဦးစိုးလှိုင်
၅။ ဒေါ်ယဉ်ယဉ်ထွေး

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ် ၁၉ တွင် နေထိုင်သူ ဦးခွေးလေးပါ ၅ က ကွယ်လွန်သွားသော ဒေါ်သန်းသန်း(ခ) အီရန်၏ (၁) မောင်များ၊ ညီမများ ဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ် ၁၉ နေ၊ ၎င်း ဒေါ်သန်းသန်း (ခ) အီရန် မှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာ ရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သွားသော ဒေါ်သန်းသန်း (ခ) အီရန်မှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှ တို့သည် ဤရုံးသို့ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်) နံနက် (၁၀:၀၀) နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဦးခွေးလေးပါ ၅ ၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်ဇော်ထွန်း)
ခရိုင်တရားသူကြီး
မရမ်းကုန်းခရိုင်တရားရုံး

တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ ကျော်ဇေယျာရပ်ကွက်နေ ဒေါ်သီတာ နှင့် ဒေါ်အေးသီတာဦး ၅/ကလတ(နိုင်)၀၆၆၈၁၇ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဒေါ်သီတာ(ခ) ဒေါ်အေးသီတာဦး

မွေးသက္ကရာဇ်အမှန် နှင့် တစ်ဦးတည်းဖြစ်ပါကြောင်း

ကရင်ပြည်နယ်၊ ပိုင်ကျုံမြို့၊ ပေါင်ကျေးရွာ၊ အထက ပေါင် ကျောင်းမှ ဒု(မူပြ) ဒေါ်နန်းမြင့်မြင့်စန်း ၃/လဘန (နိုင်)၀၇၀၄၃၁ ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၈–၉–၁၉၈၃) ဖြစ်ပြီး ၎င်း၏ မိခင် ဒေါ်ပန်းနှောင်း(ခ)ဒေါ်ပန်းနန်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17W/99209 Fengei 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင်ဝင်း ၉/ခမစ(နိုင်)၀၃၂၅၅၅ က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

အများသိစေရန် သတိပေးကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ Mandalay King သက်န်းနှင့် နိဗ္ဗာန်ကုန်ရောင်းဝယ်ရေးလုပ်ငန်း၏ ပိုင်ရှင်များဖြစ်သော မမေလွင်စိုး (ခ) မမေမိန်းမိန်း (ဘ) ဦးမြင့်စိုး (၉/သပက(နိုင်)၀၄၅၈၁၇)နှင့် မဝေနန္ဒာလင်း (ခ) အဝေ (ဘ) ဦးခင်မောင် (၁၃/သပန(နိုင်)၀၆၅၅၆၈ တို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်–

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော မမေလွင်စိုး (ခ) မမေမိန်းမိန်း နှင့် မဝေနန္ဒာလင်း (ခ) အဝေတို့နှင့် ပတ်သက်၍ Tiktok, Facebook, Messenger, Viber, Phone message အစရှိသည်တို့ဖြင့် လူမှုကွန်ရက်စာမျက်နှာစာများတွင် အများအမြင် အထင်မှား ၊ အမြင်မှားဖြင့် ဂုဏ်သိက္ခာကျဆင်းစေရန်၊ မိသားစုဘဝ ထိခိုက်နစ်နာစေရန်နှင့် ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းဖြစ်သော Mandalay King သင်္ကန်း နှင့် နိဗ္ဗာန်ကုန်ရောင်းဝယ်ရေး လုပ်ငန်းကိစ္စရပ်များတွင် ထိခိုက်နစ်နာ ပျက်စီးစေရန် ရည်ရွယ်၍ မဟုတ်မမှန်သောစာများကို နည်းအမျိုးမျိုးဖြင့် ဖြန့်ဝေကာ လုပ်ဆောင်လျက်ရှိကြောင်း ကျွန်ုပ်၏မိတ်ဆွေများမှ တစ်ဆင့်ကြားသိရပါသည်။ ကျွန်ုပ်မိတ်ဆွေများ၏ အသက်မွေးဝမ်းကြောင်း စီးပွားရေးလုပ်ငန်းများကို ထိခိုက်နစ်နာစေသော မမှန်သတင်းများနှင့် ဂုဏ်သိက္ခာကျဆင်းစေသော ပြောမှုချက်များကို လူမှုကွန်ယက်မှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ လူမှုပတ်ဝန်းကျင်မှဖြစ်စေ၊ လူပုဂ္ဂိုလ်အချင်းချင်းဖြစ်စေ ပြောဆိုခြင်း၊ ရေးသားခြင်း၊ ဖြန့်ဝေခြင်း၊ ယင်းဖြန့်ဝေမှုများကို တုန့်ပြန်မှုများပြုလုပ်ခြင်း၊ မှတ်ချက်ပေးခြင်းများ လုံးဝမပြုလုပ်ပါရန် တင်းတင်းကြပ်ကြပ် တားမြစ်အပ်ပါသည်။ အကယ်၍ ပြုလုပ်ထားပါက ပြန်လည်ရုပ်သိမ်းဖျက်သိမ်းပေးပါရန်နှင့် လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

မမေလွင်စိုး (ခ) မမေမိန်းမိန်း နှင့် မဝေနန္ဒာလင်း (ခ) အဝေတို့၏ လွှဲအပ်ချက်အရ –

ဒေါ်မာလာဆွေ (LL.B, D.B.L, D.I.L)	**ဦးလင်းထက် (LL.B)**	**ဦးသန်းထိုက်အောင်(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်–၉၂၁၉)	**အထက်တန်းရှေ့နေ(စဉ်–၅၇၄၁၆)**	**အထက်တန်းရှေ့နေ(စဉ်–၅၅၆၁၃)**

ရုံးလိပ်စာ – ၂၇ လမ်း ၊ ၇၄ x ၇၅ လမ်းကြား ၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း–၀၉–၂၀၁၀၀၃၇၊ ၀၉–၇၈၂၀၁၀၀၃၇

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်တံတားအနီး၊ Star City အိမ်ရာ၊ City Loft တိုက်အမှတ်(CL–1)၊ (၇)လွှာ၊ အခန်းအမှတ် (701)၊ ဧရိယာ (၈၅၀) စတုရန်းပေရှိ 3 Bedroom အမျိုးအစား ကွန်ဒိုတိုက်ခန်းနှင့် ယင်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိ၍ ရောင်းချလိုကြောင်း ကမ်းလှမ်းလာသူ ဒေါ်သဲစုစုညိမ်း(၁၂/တမန(နိုင်) ၁၁၁၁၃၂)ထံမှ ကျွန်မ ဒေါ်ခင်မာထွေး(၁၂/ရကန(နိုင်)၀၇၂၈၆၇)က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ကျွန်မထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေအတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်မာထွေး
၁၂/ရကန(နိုင်)၀၇၂၈၆၇
ဖုန်း– ၀၉–၅၀၉၁၂၅၅

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/77143၊ Honda Click 125၊ M/C၊ ယာဉ်လက်ဝယ်ရှိသူ ဦးသဲအာကာ ၉/စကတ(နိုင်) ၁၀၉၈၀၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/91332၊ CANDA 125၊ M/C၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိသန္တာဝင်း ၁၃/ကခန(နိုင်) ၀၈၁၈၇၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6M/2216 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 84W/47871 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ အကွက်အမှတ် (RA–I)၊ ကွင်းအမည် (ကွက်ပြင်–၁)၊ ဦးပိုင်အမှတ်(၃၆/ဌ)၊ မြေရိယာ(၁. ၄၆) ဧကအား မြေငှားဂရန်အမှုတွဲအမှတ်(၇၄၀/၂၀၂၄– ၂၀၂၅)အရ ဒေါ်မင်ချင်း (ခ) ဆိုင်ဟိန်း(၉/မမန(နိုင်)၀၁၉၀၀၉) အမည်ဖြင့် (၁–၁၂–၂၀၁၆)ရက်မှ (၃၀–၁၁–၂၀၄၆) ရက်အထိ နှစ်(၃၀) မြေငှားဂရန်ရရှိထားသောမြေဖြစ်ပါသည်။ အဆိုပါ မြေကွက်အနက်မှ ဦးပိုင်အမှတ်(၃၆–ဌ/က)၊ မြေရိယာ(၀. ၀၇)ကေရှိမြေအား ဒေါ်မာဟေ့ရှင်(ခ) ယုယုလှိုင် မှ မြေငှားဂရန် အမည်ပြောင်းရန်အတွက် ဆောင်ရွက်နေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်မြို့နယ်၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း မြေယာပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ အကွက်အမှတ် (RA–I)၊ ကွင်းအမည် (ကွက်ပြင်–၁)၊ ဦးပိုင်အမှတ်(၃၆/ဌ)၊ မြေရိယာ(၁.၄၆) ဧကအား မြေငှားဂရန်အမှုတွဲအမှတ်(၇၄၀/၂၀၂၄–၂၀၂၅)အရ– ဒေါ်မင်ချင်း (ခ) ဆိုင်ဟိန်း (၉/မမန(နိုင်)၀၁၉၀၀၉)အမည်ဖြင့် (၁–၁၂–၂၀၁၆) ရက်နေ့မှ (၃၀–၁၁–၂၀၄၆) ရက်အထိ နှစ်(၃၀) မြေငှားဂရန်ရရှိထားသော မြေဖြစ်ပါသည်။ အဆိုပါ မြေကွက်အနက်မှ ဦးပိုင်အမှတ်(၃၆–ဌ/ခ)၊ မြေရိယာ(၀. ၀၆)ကေရှိမြေအား ဦးရန်ရှော်မြောင်းမှ မြေငှားဂရန် အမည်ပြောင်း ရန်အတွက် ဆောင်ရွက်နေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ဤကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း မြေယာပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ အကွက်အမှတ် (RA–I)၊ ကွင်းအမည် (ကွက်ပြင်–၁)၊ ဦးပိုင်အမှတ်(၃၆/ဌ)၊ မြေရိယာ(၁.၄၆) ဧကအား မြေငှားဂရန်အမှုတွဲအမှတ်(၇၄၀ /၂၀၂၄– ၂၀၂၅)အရ ဒေါ်မင်ချင်း (ခ) ဆိုင်ဟိန်း (၉/မမန(နိုင်)၀၁၉၀၀၉) အမည်ဖြင့် (၁–၁၂–၂၀၁၆ ရက်မှ (၃၀–၁၁–၂၀၄၆) ရက်အထိ နှစ်(၃၀) မြေငှားဂရန်ရရှိထားသောမြေဖြစ်ပါသည်။ အဆိုပါ မြေကွက်အနက်မှ ဦးပိုင်အမှတ်(၃၆–ဌ/ည)၊ မြေရိယာ(၀. ၀၆)ကေရှိမြေအား ဒေါ်အေးအေးတင့်မှ မြေငှားဂရန် အမည်ပြောင်းရန်အတွက် ဆောင်ရွက်နေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်မြို့နယ်၊ အထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ဤကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း မြေယာပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ် (၄) ရပ်ကွက်၊ မြေတိုင်းအမှတ်(၁၃)၊ မြေကွက်အမှတ် (၁၇၄)၊ မြေရိယာ(၀.၁၃၄) ဧကရှိမြေအား ဒေါ်မို့မို့ မှ မြေငှားဂရန် အမည်ပြောင်း လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှု မရှိပါက မြေငှားဂရန်အသစ် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန ၊ ပဲခူးမြို့

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ကွင်း/အကွက်အမှတ်(ရ –၂/ ပဒေသာ)၊ ဦးပိုင်အမှတ် (၁၂)၊ မြေရိယာ (၀.၀၅၅) ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးကျော်မိုးလှိုင် ပါ (၂) ဦးမှ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင် ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန ၊ ပြင်ဦးလွင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/24371 Honda C90 SDX M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်ဦး ၉/မတရ(နိုင်) ၂၁၅၀၂၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/52288 New V Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းသိင်္ဂီထွန်း ၉/ပသက (နိုင်) ၁၃၇၆၈၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

အလိမ္မာ စာမှာရှိ

ကုန်အမှတ်တံဆိပ် အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ (၆၀)ဘီ၊၂၀ လမ်းကြားနေ ဦးအောင်ကျော်စန်း (ဘ) ဦးဝါဝင်း ၉/အမဇ(နိုင်)၀၅၁၄၃၅ နှင့် ဒေါ်နန်းရွှေရည် (ဘ) ဦးဝါဝင်း ၉/အမဇ(နိုင်)၀၇၃၇၄၃ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

မှတ်ပုံတင်စာချုပ်အမှတ် (၁၄၄၇/၂၀၂၆)

အထက်ပါ "-86°C DIRTY COFFEE" အမှတ်တံဆိပ် အမည်ဖြင့် -86° C အထိ အအေးခံကာ ဒီဇိုင်းပြုလုပ်ထားသော ခွက်အား အသုံးပြု၍ သောက်သုံးစရာ ကော်ဖီနှင့် အရသာအမျိုးမျိုး၊ အခြားသော ကော်ဖီနှင့် ပတ်သက်သည့် ထုတ်ကုန် အမျိုးမျိုးတို့ကို ဖြန့်ဖြူး ရောင်းချသည့် လုပ်ငန်းအား မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ (၆၂-အေ x ၂၅ လမ်းထောင့်) တွင် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပြီး အဆိုပါ -86°C အထိအအေးခံကာ ဒီဇိုင်းပြုလုပ်ထားသောခွက်အား အသုံးပြု၍ သောက်သုံးစရာ ကော်ဖီနှင့် အရသာအမျိုးမျိုး၊ အခြားသော ကော်ဖီနှင့်ပတ်သက်သည့် ထုတ်ကုန် အမျိုးမျိုးတို့ကို ထည့်သွင်း ထုတ်ပိုးသော ပလတ်စတစ်အိတ်အမျိုးမျိုး၊ ဂျပ်ဖူးအမျိုးမျိုးတို့ ပေါ်တွင်လည်းကောင်း၊ စာရွက်စာတမ်း ၊ စက္ကူပတ် ၊ စက္ကူဘူး၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုး ပစ္စည်းများပေါ်တွင် လည်းကောင်း၊ ဆိုင်းဘုတ်၊ ကြော်ငြာ၊ အဝတ်အထည်၊ တံဆိပ်တုံး၊ ပြေစာဖြတ်ပိုင်း၊ Facebook ၊ Telegram ၊ TikTok အစရှိသည်တို့တွင် လည်းကောင်း၊ အရောင်အမျိုးမျိုး အရွယ်အစားအမျိုးမျိုး ပြောင်းလဲ၍ ဖိနှိပ်၍၊ ကပ်နှိပ်၍သော်လည်းကောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တံဆိပ်အမှတ်အသားကို ကျွန်ုပ်၏မိတ်ဆွေများမှ တစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်ကမျှဖြစ်စေ၊ အများကဖြစ်စေ၊ မည်သည့်ပုံစံဖြင့်မဆို မှီငြမ်းတုပသုံးစွဲခြင်း၊ တစ်နည်းနည်းဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူရိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တုပသုံးစွဲခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်သုံးစွဲနေကြောင်း တွေ့ရှိရပါက တရားဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကျော့ကျော့ခိုင် (LL.B)
(တရားလွှတ်တော်ရှေ့နေ) စဉ်-၁၅၃၈၆
၁၀၉(စီ)လမ် ၊ ၅၀ x ၅၁ လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊
မန္တလေးမြို့၊ ဖုန်း-၀၉ - ၂၅၆၀၂၆၈၇၆၊ ၀၉ - ၇၉၈၇၈၃၄၅

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး (၈)၊ ကွင်း / အကွက်အမှတ် (၈ / ပဒေသာ)၊ ဦးပိုင်အမှတ် (၂ / ၂ - ခ) ၊ မြေဧရိယာ (၀.၀၅၅) ဧကရှိ မြေကွက်အား မြေငှားဂရန် (ကျန်အပိုင်း / အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးနွယ်ဦးမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ် (RA-III / ကွက်ပြင်- ၃)၊ ဦးပိုင်အမှတ် (၂၈-ထ)၊ မြေယာအမှတ်(-)၊ မြေဧရိယာ (၀.၁၄) ဧကရှိ မြေကွက်အား မြေငှားဂရန်(ကျန်အပိုင်း) လျှောက်ထားနိုင်ရေး ဒေါ်ခေါ်နော မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့်ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်ထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)
စဥ့်ကိုင်မြို့နယ်တရားရုံး
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၃

ဦးလှမျိုးထူး	နှင့်	ဦးချစ်ဆောင်
(တရားလို)		**(တရားပြိုင်)**

စဥ့်ကိုင်မြို့နယ်၊ ပလိပ်ကျေးရွာအုပ်စု၊ ဟုန်ပန်းရပ်ကွက်၊ တိုးချဲ့ကွက်သစ်၊ အကွက်အမှတ်(၄)နေ တရားပြိုင် ဦးချစ်ဆောင် (ဘ) ဦးဘဖေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးလှမျိုးထူး က " ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၁၆) ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်)၊ မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည် ရေးသားပါရှိသူက တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်၌ သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုင်းခမ်းလိတ်)
မြို့နယ်တရားသူကြီး
စဥ့်ကိုင်မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့်- ၅၊ နည်းဥပဒေ- ၂၀)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၀၅

ဒေါ်စန္ဒာအောင်	နှင့်	ဦးသန်းရွှေ
တရားလို		**တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ငွေတော်ကျီကုန်းရပ်ကွက် ၇၂-၇၃ လမ်းကြား၊၁၂၀(မင်္ဂလာ) လမ်း၊ အကွက်(အပိုင်း၅/၁၂) နေ ဦးသန်းရွှေ(ဘ) ဦးဘသောင်း (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စန္ဒာအောင် က မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက် ၊ အကွက်အမှတ် (အ-၁၅) ၊ ဦးပိုင်အမှတ် (၁၁၆) ၊ ဧရိယာ (၀.၀၅၅)ဧက အကျယ်အဝန်းရှိ ဦးသန်းရွှေ အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း(၂၀x၆၀)ပေ အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ် နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သဲမာဖြိုးဦး)
ဒုတိယမြို့နယ်တရားသူကြီး(၂)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် -၅ ၊ နည်းဥပဒေ -၁ နှင့် ၅)
ချမ်းအေးသာစံမြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၉

ဒေါ်မီမီထွေး	နှင့်	၁။ ဦးချိန်ရှင်းဆန်း ၂။ ဒေါ်ဝင်းမေ
(တရားလို)		**(တရားပြိုင်များ)**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ၆၃ လမ်း၊ ၃၃ x ၃၄ လမ်းကြား နေ (၁) ဦးချိန်ရှင်းဆန်း(ဘ)ဦးချိန်ရှုံဟော နှင့် (၂)ဒေါ်ဝင်းမေ (ဘ)ဦးအိုက်ဆင့် (ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်မီမီထွေးက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ အကွက်အမှတ်(၇၃၄)၊ ဦးပိုင်အမှတ်(၅၄)၊ ဧရိယာ (၀.၀၃၄၁)ဧကအကျယ်အဝန်းရှိ ဂရန် မြေကွက်အား ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ(၁၃)ရက်၊ (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၄)ရက်)နေ့မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့် အတူယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ(၂၃)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သန်းနိုင်လင်း)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ချမ်းအေးသာစံမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
စစ်ကိုင်းခရိုင် တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၉

ဦးအုန်းကြိုင်	နှင့်	ဦးခင်မောင်တင်
တရားလို		**တရားပြိုင်**

